# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဒါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက် | ၂၀၁၉ ခုနှစ်၊ ဩဂုတ် ၂၂ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၈)၊ အမှတ် (၃၂၆)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



ရန်ကုန် ဩဂုတ် ၂၁

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကျော်တင့်ဆွေ၊ ဦးမင်းသူ၊ ဦးသောင်းထွန်း ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်ကာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား Myanmar Japan Thilawa Development (MJTD) ရုံး Multipurpose Hall ၌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဆက်အောင်၊ မြန်မာနိုင်ငံဆိုင်ရာဂျပန်သံအမတ်ကြီး Mr. Ichiro Maruyama ၊ Myanmar Japan Thilawa Development Ltd. (MJTD) ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် President and CEO, Mr. Tomoyasu Shimizu တို့က သီလဝါအထူးစီးပွားရေးဇုန်နှင့် ပတ်သက်သည့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် ဆောင်ရွက်နေသည့် လုပ်ငန်းများအကြောင်းကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သီလဝါအထူးစီးပွားရေးဇုန်ကို မြင်တွေ့လိုက်ရသည့်အတွက် များစွာဂုဏ်ယူမိပါကြောင်း၊ Master Plan လုပ်ဆောင်ထားသည်ကိုတွေ့ရပြီး ကုန်ထုတ်လုပ်သည့် စက်ရုံများသာမက လူနေထိုင်သည့်


*စာမျက်နှာ ၃ ကော်လံ ၁* ❊


**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သီလဝါအထူးစီးပွားရေးဇုန် (အေ) အတွင်းရှိ Suzuki Thilawa Motor Co., Ltd. စက်ရုံ၌ မော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်နေမှုကို ကြည့်ရှုစဉ်။** သတင်းစဉ်

**“သီလဝါအထူးစီးပွားရေးဇုန်တွင် လက်ရှိ နိုင်ငံပေါင်း ၂၀ မှ လုပ်ငန်းပေါင်း ၁၁၃ ခုကို လုပ်ကိုင်ခွင့်ပြုခဲ့ပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံကျော်ဖြင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိကာ ယင်းတို့အနက် လုပ်ငန်း ၇၆ ခုမှာ စီးပွားဖြစ်စတင်လည်ပတ်နေပြီး လုပ်ငန်း ၂၀ မှာ ပြည်ပဈေးကွက်သို့ တင်ပို့လျက်ရှိ”**




စေတနာဆေး မေတ္တာဆေး သစ္စာဆေး – ဆေးစွမ်းထက်တာ ထွန်းရွှေဝါ ...

ထွန်းရွှေဝါ ဒလ်ကြေလိမ်းဆေးက ဆေးစွမ်းထက်ပါသည်။

မြန်မာ့အလင်း

# စိတ်ကောင်းစေတနာ မှန်ကန်စွာ

မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ညှိနှိုင်းချက်အရ စိစစ်ပြီးဖြစ်သည့် နေရပ်စွန့်ခွာသူ ၃၄၅၀ တို့ကို ဩဂုတ် ၂၂ ရက်(ယနေ့)တွင် ပြန်လည်လက်ခံသွားမည်ဖြစ်ကြောင်း မီဒီယာများတွင် သတင်းများ ပါရှိခဲ့ပြီးဖြစ်သည်။ ပြန်လည်လက်ခံရာတွင် မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား နှစ်ဖက်သဘောတူညီသည့်အတိုင်း ပြန်လည်နေရာချထားမည့်အစီအစဉ်နှင့် နေရာများကိုလည်း ဘင်္ဂလားဒေ့ရှ်ဘက်သို့ အသိပေးထားခဲ့ပြီးဖြစ်သည်။ ထို့အပြင် မြန်မာဘက်မှ ကိုယ်စားလှယ်အဖွဲ့များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်ဦးဆောင်သည့် အာဆီယံမှ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ဝင်များလိုက်ပါသည့် ကိုယ်စားလှယ်အဖွဲ့တို့ကလည်း ဘင်္ဂလားဒေ့ရှ်တွင်ရှိသည့် နေရပ်စွန့်ခွာသူများနေထိုင်သည့် နေရာများသို့ သွားရောက်၍ ပြန်လည်လက်ခံမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်သည်။

နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်ကပင် မြန်မာဘက်မှ အဆင်သင့်ရှိခဲ့သည်ဟု အမှတ်ရမိသည်။ တစ်ဖက်မှ စနစ်တကျပြန်လည်ပို့ဆောင်လာမည်ဟူသော ယုံကြည်မှုဖြင့် မိမိနိုင်ငံဘက်တွင် စနစ်တကျပြန်လည်လက်ခံရေး၊ စနစ်တကျပြန်လည်နေရာချထားရေးတို့ကို ကြိုတင်ပြင်ဆင်ကာ စောင့်ဆိုင်းခဲ့ခြင်းလည်းဖြစ်သည်။ ပြန်လည်လက်ခံရေးကော်မတီနှင့် ပြန်လည်နေရာချထားရေးကော်မတီတို့က မိမိတို့ဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် အသင့်ပြင်ဆင်ထားရင်း ကြိုဆိုမည့်အစီအစဉ်ဖြင့် တစ်နေကုန်စောင့်ဆိုင်းကာ တာဝန်ကျေခဲ့ကြသော်လည်း တစ်ဖက်မှတာဝန်ရှိသူများရော နေရပ်စွန့်ခွာသူများပါ ရောက်မလာခဲ့။

နေရပ်စွန့်ခွာသူများတွင် တစ်ဖက်နိုင်ငံရှိ ဒုက္ခသည်စခန်းများမှ ပံ့ပိုးကူညီမှုများကြောင့် ပြန်မလာလိုသူများ၊ ဒုက္ခသည်စခန်းများမှတစ်ဆင့် အခြားနိုင်ငံများဆီသို့ သွားရောက်ရန် မျှော်မှန်းနေသူများ၊ အကြမ်းဖက်သမားများ၏ စည်းရုံးမှုကို နားယောင်နေကြသူများရှိသကဲ့သို့ အမှန်တကယ် ပြန်လာလိုသူများလည်း ရှိနေသည်။ သို့ရာတွင် ပြန်လာလိုသူများမှာ ခြိမ်းခြောက်မှု၊ ဟန့်တားမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ သတ်ဖြတ်မှုများကြောင့် အဟန့်အတား အနှောင့်အယှက်ဖြစ်နေရကြောင်း၊ ပြန်လည်ဝင်ရောက်ရန်အတွက် ပုံစံဖြည့်ရန်ပင်ခက်ခဲကြောင်း စသည်တို့ကိုလည်း ကြားသိရသည်။ တစ်ဖက်နိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် အကြမ်းဖက်သမားများကလည်း ရောနှောနေထိုင်ကြပြီး သာမန်နေရပ်စွန့်ခွာသူများအပေါ် ကြိုးကိုင်ခြယ်လှယ်နေကြသည့် သတင်းများ၊ ကမ္ဘာပေါ်တွင် အကြီးဆုံးဒုက္ခသည်စခန်းများ၌ အပါအဝင်ဖြစ်သည့် တစ်ဖက်နိုင်ငံမှ ဒုက္ခသည်စခန်းကို အကြောင်းပြု၍ နိုင်ငံတကာမှ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်အချို့၏ ကိုယ်ကျိုးရှာမှုများကို တင်ပြသည့်သတင်းများကိုလည်း မီဒီယာများမှတစ်ဆင့် သိရှိရသည်။

မြန်မာနှင့်ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီချက်အရ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရာတွင် ရေလမ်းမှဝင်ရောက်လာမည့်သူများကို ငါးခူရစခန်း၊ ကုန်းလမ်းမှဝင်ရောက်လာမည့်သူများကို တောင်ပြိုလက်ဝဲစခန်းတို့မှ လက်ခံဆောင်ရွက်သွားမည်ဖြစ်ပြီး ဆန္ဒအလျောက်ပြန်လာခြင်း၊ လုံခြုံစိတ်ချရပြီး ဂုဏ်သိက္ခာရှိသည့် ပြန်လာခြင်း **(Voluntary, Safe and Dignified)** ပုံစံမျိုးဖြင့် လက်ခံသွားမှာလည်း ဖြစ်သည်။ ဆက်လက်၍လည်း ရေရှည်ပဋိပက္ခကင်းစေရေး၊ လုံခြုံရေး၊ ဥပဒေနှင့်အညီ နိုင်ငံသားဖြစ်ရေး၊လွတ်လပ်စွာ သွားလာနိုင်ရေးတို့သည်လည်း အကောင်အထည်ပေါ်လာမည်ဖြစ်သည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းအရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများတွင် မိတ်ဆွေနိုင်ငံများကလည်း ပူးပေါင်းပါဝင်လျက်ရှိသည်။ ရခိုင်ပြည်နယ်တစ်ခုလုံး ငြိမ်းချမ်းအေးချမ်းသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုအတွက်ကိုလည်း အရှိန်အဟုန်ကောင်းကောင်းဖြင့် ဆောင်ရွက်နိုင်မှာဖြစ်သည်။ ယနေ့ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများနှင့် ပြဿနာများ၏ အရင်းခံအကျဆုံးအကြောင်းဇာစ်မြစ်မှာ ဆင်းရဲမွဲတေမှုကြောင့်ပင် ဖြစ်သည်။ သို့ဖြစ်ရာ ရခိုင်အရေးတွင်လည်း ပိတ်ဆို့မှု၊ တားဆီးမှု၊ ဒဏ်ခတ်အရေးယူမှုတို့က ပြဿနာအတွက် အဖြေမရနိုင်ဘဲ ဆိုးကျိုးရလဒ်သာ ထွက်ပေါ်လာဖွယ်ရှိပြီး ပံ့ပိုးကူညီမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့်သာ ရေရှည်တည်တံ့သည့် အဖြေမှန်ရလဒ်ကောင်းကို ရရှိနိုင်မည်ဖြစ်သည့်အလျောက် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး ချောမွေ့အောင်မြင်စေရန် စိတ်ကောင်းစေတနာမှန်ဖြင့် အားပေးကူညီနိုင်ကြပါစေကြောင်း။

# တရားလွှတ်တော်ရှေ့နေများကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ်နှင့် အဖွဲ့ဝင်များ၏ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၉) ကျင်းပ



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး တရားလွှတ်တော်ရှေ့နေများကောင်စီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၂၁**

တရားလွှတ်တော်ရှေ့နေများကောင်စီ အစည်းအဝေးအမှတ်စဉ်(၃/၂၀၁၉)ကို ယနေ့နံနက် ၁၀ နာရီက ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တရားလွှတ်တော်ရှေ့နေများ ကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေအား ယခုနှစ်ဇွန်လတွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယင်းဥပဒေအရ တရားလွှတ်တော်ရှေ့နေများကောင်စီကို တရားလွှတ်တော်ရှေ့နေများက သတ်မှတ်ချက်နှင့်အညီ ရွေးကောက်တင်မြှောက်သည့် တရားလွှတ်တော်ရှေ့နေ လုပ်သက် ၁၅ နှစ်ရှိ တရားလွှတ်တော်ရှေ့နေ ၁၁ ဦး အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းရမည်ဖြစ်ပါကြောင်း၊ တရားလွှတ်တော်ရှေ့နေများကောင်စီတွင် ပါဝင်မည့် တရားလွှတ်တော်ရှေ့နေ ၁၁ ဦးကို ရွေးကောက်တင်မြှောက်နိုင်ရန် ရွေးကောက်ပွဲကျင်းပခြင်းနှင့် စပ်လျဉ်းသည့် နည်းဥပဒေများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ပြန်ရမည်ဖြစ်ပါကြောင်း၊ ယခုအခါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေမူကြမ်းအပေါ် တရားလွှတ်တော်ရှေ့နေများကောင်စီ၏ အကြံပြုချက်များရရှိနိုင်ရေးအတွက် ပေးပို့လာပါကြောင်း၊ မိမိတို့လုပ်ငန်းအဖွဲ့မှလည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မူကြမ်းအပေါ် ရန်ကုန်နှင့် မန္တလေးတို့မှ ကောင်စီဝင်များ၏ အကြံပြုချက်များနှင့်အညီ ပြင်ဆင်၊ ဖြည့်စွက်အကြံပြုချက်များ ဆောင်ရွက်ခဲ့ပါကြောင်း။

ယခုအစည်းအဝေးတွင် အဆိုပါ နည်းဥပဒေမူကြမ်းအပေါ် ဝိုင်းဝန်းဆွေးနွေး အကြံပြုကြရန်ဖြစ်ပါကြောင်း၊ တရားလွှတ်တော်ရှေ့နေများကောင်စီသည် တရားလွှတ်တော်ရှေ့နေများ၏ ဝင်ခွင့်လျှောက်ထားမှုများကို စိစစ်ထောက်ခံခြင်းနှင့် တရားလွှတ်တော်ရှေ့နေများ၏ ကျင့်ဝတ်သိက္ခာ၊ တာဝန်၊ အခွင့်အရေးများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့သဘောထားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့လွှတ်တော်တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီမှ လွှဲပြောင်းပေးပို့သော ရှေ့နေများအပေါ် တိုင်ကြားစာသုံးစောင်နှင့် တရားလွှတ်တော်ရှေ့နေများကောင်စီသို့ တင်ပြလာသည့် တိုင်ကြားစာများကို စိစစ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ထံ တင်ပြခဲ့ပါကြောင်း၊ ထို့ပြင် တရားလွှတ်တော်ရှေ့နေ မှတ်ပုံတင်ကတ်ပြားများကို Smart Card ဖြင့် စတင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တရားလွှတ်တော်ရှေ့နေများကောင်စီ၏ လုပ်ငန်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း တိုက်တွန်းမှာကြားသည်။

အစည်းအဝေးသို့ တရားလွှတ်တော်ရှေ့နေများကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ညောင်ဦးမြို့နယ် ရွှေဆစ်ကန်တဲတိုက်နေ ပြည်သူများအား စက်ရေတွင်း လွှဲပြောင်းပေးအပ်

**ညောင်ဦး ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် တက်မကျေးရွာအုပ်စု ရွှေဆစ်ကန်တဲတိုက်၌ စက်ရေတွင်း လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ စက်ရေတွင်းအလှူရှင် ဦးလှမြင့်က တက်မကျေးရွာအုပ်စု ရွှေဆစ်ကန်တဲတိုက်တွင် စက်ရေတွင်းတူးဖော်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် စက်ရေတွင်းလွှဲပြောင်းမှတ်တမ်းကို ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ရုံးချုပ်မြေအောက်ရေဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးသူရထံပေးအပ်ပြီး ရွှေဆစ်ကန်တဲတိုက်နေ ဦးကံထူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



(၁/၇၅) မိုင်ခန့်ဝေးသော တက်မကျေးရွာ ရေတွင်းသို့ နွားလှည်းဖြင့် သွားရောက် ခပ်ယူသုံးစွဲနေကြရသည့် ကျေးရွာနေပြည်သူများအား ကူညီဖြေရှင်းပေးရန် ရန်ကုန်မြို့နေ ဦးလှမြင့်မိသားစုတို့၏ အလှူငွေကျပ် ၅၆၃၇၀၀၀ မတည်မှုဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တွင်းတူးစက်နှင့် နည်းပညာအကူအညီပေး၍ စက်ရေတွင်းတူးဖော်မှုကို ၂၅ ရက်အတွင်း ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

ရွှေဆစ်ကန်တဲတိုက်ရှိ အိမ်ထောင်စု ၁၀၈ စု၊ လူဦးရေ ၅၈၈ ဦးတို့အတွက် တစ်နာရီရေထွက်နှုန်း ဂါလန် ၁၆၀၀၊ အနက်ပေ ၅၂၀ ရှိ ကျောက်စရစ်ရံ အမျိုးအစား စက်ရေတွင်းတစ်တွင်းတူးဖော်၍ သောက်သုံးရေများ ဖြန့်ဝေပေးနိုင်ခဲ့သည်။

အဆိုပါ စက်ရေတွင်း လွှဲပြောင်းပေးအပ်ပွဲသို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တက်မကျေးရွာအုပ်စု ရွှေဆစ်ကန်တဲတိုက်မှ ရွာသူ ရွာသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဖေလိန်း(ပုဂံ)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၁**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**မိုး/ဇလ**






နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား သီလဝါအထူးစီးပွားရေးဇုန် **Myanmar Japan Thilawa Development (MJTD)** ရုံး **Multipurpose Hall** ၌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ ဆက်အောင် သီလဝါအထူးစီးပွားရေးဇုန်နှင့်ပတ်သက်သည့် လုပ်ငန်းများအကြောင်း ရှင်းလင်းတင်ပြစဉ်။ သတင်းစဉ်

❋ *ရှေ့ဖုံးမှ*

အဆောက်အဦများပါ ပါဝင်သည့်အတွက် လုံခြုံရေးသည် အရေးကြီးသကဲ့သို့ အကျိုးအမြတ်ရရှိရေး၊ အောင်မြင်စွာ အကောင်အထည် ဖော်ရေးသည်လည်း အရေးကြီးသည့်ကဏ္ဍမှ ပါဝင်ပါကြောင်း။

**အချင်းချင်းဆက်ဆံရေး အရေးကြီး**

သီလဝါအထူးစီးပွားရေးဇုန်အတွက် အချင်းချင်း ဆက်သွယ်ဆောင်ရွက်ရာတွင် Coordination နှင့် Cooperation ရှိရန် အရေးကြီးကြောင်း၊ ဌာနဆိုင်ရာ အချင်းချင်းဆက်ဆံရာတွင် Coordination သည် အရေးကြီးသကဲ့သို့ ပြည်သူများနှင့် ဆက်ဆံရာတွင် လည်းကောင်း၊ ကုမ္ပဏီများနှင့် ဆက်ဆံရာတွင် လည်းကောင်း Cooperation သည် အရေးကြီးပါကြောင်း။

**ဖွံ့ဖြိုးမှုတိုးတက်မှု ချိတ်ဆက်နေ**

သီလဝါအထူးစီးပွားရေးဇုန်တွင် Complaint Program ကို အသစ်တီထွင် လုပ်ဆောင်ထားသည့်အတွက် ပြည်သူများနှင့် ထိတွေ့သည့်အခါ လုပ်ဆောင်သည့် စနစ်သည် ငြိမ်းချမ်းစွာ ဆောင်ရွက်နိုင်သည့် ကောင်းမွန်သောအစဉ်လာကောင်းနှင့် အကောင်အထည်ဖော်မှုစနစ်ကောင်းတစ်ခု ဖြစ်လာပါကြောင်း၊ စီးပွားရေးမူဝါဒအရ အလုပ်အကိုင် ဖန်တီးပေးမှုနှင့် အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုတို့သည်လည်း ချိတ်ဆက်နေပါကြောင်း။

**ဝန်ဆောင်မှုတစ်ခု ဖြစ်**

One Stop Service Center (OSSC) သည် နေ့စဉ်နေ့တိုင်းအတွက် အမှန်တကယ် အောင်မြင်အောင် လုပ်ကိုင်ပေးနေသည့် ဝန်ဆောင်မှုတစ်ခု ဖြစ်သည့်အတွက် လွန်စွာအားရမိပါကြောင်း၊ လျင်လျင်မြန်မြန်နှင့် ပိုမိုအောင်မြင်အောင် ဆောင်ရွက်စေလိုကြောင်း၊ Coordination နှင့် Cooperation ရှိခြင်းတို့သည် OSSC ၏ အောင်မြင်မှုတစ်စိတ်တစ်ဒေသဖြစ်ပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ ဆက်အောင်၏ ကြိုးစားဆောင်ရွက်မှုနှင့် ဦးဆောင်မှု ကောင်းခြင်းတို့ကြောင့် ဤကဲ့သို့ အောင်မြင်ရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

**စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ညှိနှိုင်းသည့်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကာ တက်ရောက်လာသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တာဝန်ရှိသူများနှင့်အတူ One Stop Service Center (OSSC)သို့ သွားရောက်၍ လုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တာဝန်ရှိသူများနှင့်အတူ သီလဝါအထူးစီးပွားရေးဇုန် (အေ) အတွင်းရှိ နားကြပ်များ၊ စပီကာများ၊ Headphone များ ထုတ်လုပ်နေသည့် Foster Electric Thilawa Co.,Ltd.စက်ရုံ၊ ဆေးဝါးထုတ်လုပ်နေသည့် Zifam Pyrex Myanmar Co., Ltd. စက်ရုံ၊ ကျန်းမာရေး နို့ဒိန်ချဉ်ထုတ်လုပ်နေသည့် Yakult Myanmar Co., Ltd. စက်ရုံနှင့် မော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်နေသည့် Suzuki Thilawa Motor Co., Ltd. စက်ရုံများသို့ သွားရောက်ရာ စက်ရုံတာဝန်ရှိသူများက ကုန်ပစ္စည်းများ ထုတ်လုပ်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တာဝန်ရှိသူများသည် စက်ရုံများအတွင်း ကုန်ပစ္စည်းများ ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုကြသည်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သီလဝါအထူးစီးပွားရေးဇုန်ရှိ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

**သီလဝါ အထူးစီးပွားရေး ဇုန်ရှိ စက်ရုံများတွင် အမြဲတမ်း လုပ်သား ၉၀၀၀ ကျော် ရှိပြီး ဆောက်လုပ်ရေး လုပ်ငန်းများတွင် လုပ်ကိုင်သူများ အပါအဝင် စုစုပေါင်း ၂၀၀၀၀ ကျော် အလုပ်လုပ် ကိုင်လျက်ရှိ**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ သီလဝါအထူးစီးပွားရေးဇုန်နှင့်ပတ်သက်သည့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် ဆောင်ရွက်နေသည့် လုပ်ငန်းများအကြောင်း ရှင်းလင်းပွဲသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။
သတင်းစဉ်

*စာမျက်နှာ ၃ မှ*

သီလဝါအထူးစီးပွားရေးဇုန်တွင် လက်ရှိနိုင်ငံပေါင်း ၂၀ မှ လုပ်ငန်းပေါင်း ၁၁၃ ခုကို လုပ်ကိုင်ခွင့်ပြုခဲ့ပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံကျော်ဖြင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိကာ ယင်းတို့အနက် လုပ်ငန်း ၇၆ ခုမှာ စီးပွားဖြစ် စတင်လည်ပတ်နေပြီး လုပ်ငန်း ၂၀ မှာ ပြည်ပဈေးကွက်သို့ တင်ပို့လျက်ရှိသည်။

သီလဝါအထူးစီးပွားရေးဇုန်ရှိ စက်ရုံများတွင် အမြဲတမ်းလုပ်သား ၉၀၀၀ ကျော်ရှိပြီး ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်သူများအပါအဝင် စုစုပေါင်း ၂၀၀၀၀ ကျော် အလုပ်လုပ်ကိုင်လျက်ရှိသည်။ သီလဝါအထူးစီးပွားရေးဇုန်ဇုန်အေ ၄၀၅ ဟက်တာကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်တွင် စီးပွားဖြစ်စတင်ဖွင့်လှစ်ခဲ့ပြီး လုပ်ငန်းပေါင်း ၈၇ ခုကို ခွင့်ပြုမိန့်ထုတ်ပေးထားကာ ဇုန်ဘီကို အဆင့်လိုက် ဆက်လက်အကောင်အထည်ဖော်လျက်ရှိရာ လုပ်ငန်းပေါင်း ၁၈ ခု ခွင့်ပြုမိန့် ထုတ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ ဒေါင်မြန်မာပရဟိတအဖွဲ့၏ လုပ်ငန်းများဆောင်ရွက်နေမှု သွားရောက်ကြည့်ရှု

**ရန်ကုန် ဩဂုတ် ၂၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တာဝန်ရှိသူများနှင့်အတူ လူကုန်ကူးခံရသည့် အမျိုးသမီးများအား ပြန်လည်ပြုစုပျိုးထောင်ပေးပြီး ရေရှည်အသက်မွေးဝမ်းကျောင်းပြုနိုင်ရန်အတွက် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၅)ရပ်ကွက် ဟံသာရိပ်မွန်လုံးချင်းအိမ်ရာဝင်းအတွင်း ဖွင့်လှစ်ထားသည့် ဒေါင်မြန်မာပရဟိတအဖွဲ့၏ လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့တွင် သွားရောက်ကြည့်ရှုသည်။ **(ယာပုံ)**

**လမ်းညွှန်မှာကြား**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဒေါင်မြန်မာမှ တာဝန်ရှိသူများက လူကုန်ကူးခံရသည့် အမျိုးသမီးများအား စောင့်ရှောက်ထားရှိမှု၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ သင်ကြားပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရှင်းလင်းတင်ပြမှုများနှင့် စပ်လျဉ်းပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

**သတင်းစဉ်**

**ဓာတ်ပုံ- Claire Steyn (ဒေါင်မြန်မာ)**



# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သီလဝါ အထူးစီးပွားရေးဇုန် စီမံကိန်းနှင့် ဒေါ်မြန်မာပရဟိတအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု သွားရောက်ကြည့်ရှုခဲ့သည့် ဓာတ်ပုံမြင်ကွင်း



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ကျန်းမာရေးနို့ဒိန်ချဉ်ထုတ်လုပ်နေသည့် **Yakult Myanmar Co., Ltd.** စက်ရုံ၌ တာဝန်ရှိသူတစ်ဦးက ကုန်ပစ္စည်းများ ထုတ်လုပ်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သီလဝါအထူးစီးပွားရေးဇုန်(အေ)အတွင်းရှိ **Foster Electric Thilawa Co., Ltd.** စက်ရုံမှ ကုန်ပစ္စည်းများ ထုတ်လုပ်နေမှုကို ကြည့်ရှုစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဆေးဝါးထုတ်လုပ်နေသည့် **Zifam Pyrex Myanmar Co., Ltd.** စက်ရုံမှ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ ဒေါ်မြန်မာပရဟိတမှ စောင့်ရှောက်ခံအမျိုးသမီးငယ်တစ်ဦးအား နွေးထွေးစွာ တွေ့ဆုံအားပေးစဉ်။ ဓာတ်ပုံ- Claire Steyn (ဒေါ်မြန်မာ)



သီလဝါအထူးစီးပွားရေးဇုန်(အေ)အတွင်းရှိ **Foster Electric Thilawa Co., Ltd.** စက်ရုံမှ ဝန်ထမ်းများ ကုန်ပစ္စည်းများ ထုတ်လုပ်နေမှုကို တွေ့ရစဉ်။ သတင်းစဉ်

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ မူဝါဒနှင့် ရပ်တည်ချက်

## သစ္စာရှင်(သာသနာရေး)

၁၉၈၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံအတွင်းရှိ ဂိုဏ်းအသီးသီးမှ သံဃာတော်များ ညီညွတ်မှုရရှိသဖြင့် မေလ ၂၄ ရက်နေ့မှ ၂၇ ရက်နေ့အထိ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးပွဲကြီးတွင် **"သံဃာ့ကိစ္စ သံဃာဆောင်ရွက်"** ဟူသောမူနှင့်အညီ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်က ဤသာသနာတော်၌ ရဟန်းသာမဏေများသည် ဂန္ထဓုရ(စာပေပရိယတ်သင်ကြားပို့ချခြင်း)နှင့် ဝိပဿနာဓုရ (ဝိပဿနာတရား ရှုမှတ်ပွားများခြင်း)ဟူသော တာဝန်နှစ်ရပ်သာရှိကြောင်း မိန့်ကြားထားပါသည်။

ထို့ကြောင့် မြတ်စွာဘုရားရှင်၏ ဓမ္မဝိနယနှင့်အညီ အဆိုပါအချိန်အခါက တိုင်းနှင့် ပြည်နယ်အသီးသီးရှိ ဒီဃဒဿိ(ရေရှည်မျှော်တွေးနိုင်ကြကုန်သော) ဝန်ဆောင်ဆရာတော်ကြီးများက သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း၌ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ ရည်ရွယ်ချက်များကို အောက်ဖော်ပြပါအတိုင်း ပြဋ္ဌာန်းခဲ့ပါသည်-

(က) သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရန်၊

(ခ) သံဃာတော်များ ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံသီတင်းသုံးနေထိုင်ရေးအတွက် သံဃာအချင်းချင်း ကြီးကြပ်ထိန်းသိမ်းသွားနိုင်ရန်၊

(ဂ) ပရိယတ္တိသာသနာတော်ကို တိုးတက်စည်ပင်ပြန့်ပွားစေရန်နှင့် ပိဋကတ်တော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန်၊

(ဃ) ပရိယတ္တိနှင့်လျော်ညီသော ပဋိပတ္တိသာသနာတော်ကို တိုးတက်စည်ပင်ပြန့်ပွားစေရန်၊

(င) သံဃာတော်များသည် ဓုရနှစ်ပါးကို အေးချမ်းသာယာစွာ ထမ်းဆောင်တော်မူခွင့်ရသဖြင့် ပဋိဝေဓသာသနာတော်ကို ရရှိခံစားနိုင်ကြစေရန်၊

(စ) သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်ရာ၌ သံဃာ့ဂိုဏ်းများသည် ကြီးသည် ငယ်သည်မဟူ စည်းလုံးညီညွတ်မှုကို ရှေးရှု၍ ဆောင်ရွက်ကြရန်။

သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့်အညီ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ကို နိုင်ငံတော်အဆင့်တွင် နိုင်ငံတော်ဩဝါဒါစရိယအဖွဲ့၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဟူ၍ အဖွဲ့ကြီး သုံးဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ အခြေခံအဆင့်တွင် တိုင်းဒေသကြီး/ ပြည်နယ်သံဃနာယကအဖွဲ့၊ မြို့နယ် သံဃနာယကအဖွဲ့၊ ရပ်/ကျေး သံဃနာယကအဖွဲ့တို့ကို ဖွဲ့စည်းထားပါသည်။

အဆိုပါရည်ရွယ်ချက်များ အထမြောက်အောင်မြင်စေရန်အတွက် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးက တစ်နိုင်ငံလုံး၏ သာသနာတော်အရေးကိစ္စများကို ဦးစီးဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးကို တာဝန်ပေးအပ်ခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် အမြင့်ဆုံး သံဃာ့အဖွဲ့ကြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံ မြို့ရွာအနှံ့အပြား၌ ရွာဦးရွာထိပ်ဘုန်းတော်ကြီးကျောင်းများ၊ ရဟန်းသာမဏေ ငါးပါးအထက်ကျောင်းများ၊ ၁၀ ပါးထက်ကျော်များ၊ ၂၅ ပါးအထက် စာသင်တိုက်များ၊ အပါး ၅၀ မှ ၁၀၀၀ နှင့် ၁၀၀၀ အထက်ရှိ ပရိယတ္တိစာသင်တိုက်ကြီးများဟူ၍ ပျံ့နှံ့တည်ရှိနေရာ ရပ် /ကျေးအဆင့်မှ မြို့နယ်အဆင့်၊ တိုင်းဒေသကြီး /ပြည်နယ်အဆင့်ဟူ၍ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ပေါ်ပေါက်လာရပါသည်။

**ရပ်ကွက် /ကျေးရွာအုပ်စုသံဃနာယကအဖွဲ့ကို ဖွဲ့စည်းရာတွင်** ရပ်ကွက်/ ကျေးရွာအုပ်စုဝန်ဆောင်များဖြစ်ကြသော သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အတွင်းရှိ ကျောင်းထိုင်ဆရာတော်များ ဆရာတော်များထဲမှ အနည်းဆုံးလေးပါးမှ ကိုးပါးအထိ ရွေးချယ်ဖွဲ့စည်းပါသည်။

**မြို့နယ်သံဃနာယကအဖွဲ့ကို ဖွဲ့စည်းရာတွင်** သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်စုအတွင်းရှိ ရဟန်းငါးပါးမှ ၂၅ ပါးရှိလျှင် မြို့နယ်သံဃာ့ဝန်ဆောင်တစ်ပါးကို မူတည်၍ ဦးစွာရွေးချယ်ပါသည်။ ရဟန်းအရေအတွက် အပါး ၁၀၀ မှ ၁၀၀၀ အထိရှိလျှင် ကိုးပါးမှစ၍ စုစုပေါင်း မြို့နယ်ဝန်ဆောင် ၁၂ ပါး၊ ၁၃ ပါးအထိ ဖွဲ့ခွင့်ရှိပြီး ထိုထက်ကျော်လွန်ရွေးချယ်ခြင်း မပြုရပါ။ အဆိုပါ မြို့နယ်ဝန်ဆောင်ထဲမှ မြို့နယ်သံဃနာယကအဖွဲ့ဦးရေ အနည်းဆုံး လေးပါး၊ အများဆုံး ၁၅ ပါး လုပ်ထုံးလုပ်နည်းနှင့်အညီ ရွေးချယ်ပြီး မြို့နယ်သံဃနာယကအဖွဲ့ကို ဖွဲ့စည်းပါသည်။

**တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့ကို ရွေးချယ်ရာတွင်** မြို့နယ်သံဃာ့ဝန်ဆောင် တစ်ပါးမှ ၂၅ ပါးရှိလျှင် တိုင်းဒေသကြီး/ ပြည်နယ်သံဃာ့ဝန်ဆောင်တစ်ပါး ဦးစွာရွေးချယ်ပါသည်။ မြို့နယ်သံဃာ့ဝန်ဆောင် ၃၀၀ နှင့် အထက်ရှိပါက တိုင်းဒေသကြီး/ ပြည်နယ်သံဃာ့ဝန်ဆောင်ကိုးပါး ရွေးချယ်နိုင်ပါသည်။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်သံဃာ့ဝန်ဆောင်များထဲမှ တိုင်းဒေသကြီး/ ပြည်နယ်သံဃနာယကအဖွဲ့ကို ငါးပါးမှ ၂၁ ပါးအထိ ရွေးချယ်ဖွဲ့စည်းပါသည်။

နိုင်ငံတော်အဆင့် သံဃာ့အဖွဲ့အစည်း သုံးခု ရှိပါသည်။ နိုင်ငံတော် ဩဝါဒါစရိယအဖွဲ့၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့နှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့တို့ ဖြစ်ပါသည်။

တိုင်းဒေသကြီး/ပြည်နယ် အခြေခံဒေသများမှ သံဃသမ္မုတိရ ဆရာတော် ၁၂၁၈ ပါးကို ဦးစွာရွေးချယ်ပြီး ၎င်းမှ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အပါး ၃၀၀ ကို ရွေးချယ်ပါသည်။ နိုင်ငံတော်ဗဟိုဝန်ဆောင် (ဂိုဏ်းပေါင်းစုံ) သံဃာအပါး ၃၀၀ ကို အခြေခံ၍ သံဃာ့ဂိုဏ်းကြီးကိုးဂိုဏ်းမှသံဃာအချိုးအစားပေါ် မူတည်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော် ၄၇ ပါးကို ရွေးချယ်ဖွဲ့စည်းပါသည်။

ဤသို့လျှင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ရပ်ကွက်/ ကျေးရွာဝန်ဆောင် သံဃနာယကအဖွဲ့၊ မြို့နယ်ဝန်ဆောင် သံဃနာယကအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ် ဝန်ဆောင် သံဃနာယကအဖွဲ့၊ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ နိုင်ငံတော်ဩဝါဒါစရိယအဖွဲ့၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တို့ ပါဝင်ကြပြီး မြန်မာနိုင်ငံအတွင်းရှိ သံဃာ ၅၂၀၀၀၀ (ငါးသိန်းနှစ်သောင်းကျော်)ထဲမှ လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့်ရွေးချယ်ဖွဲ့စည်းထားသောကြောင့် သံဃာထုကိုယ်စား သံဃာ့ကိစ္စများကို တာဝန်ယူဆောင်ရွက်ရသော အဖွဲ့အစည်းများဖြစ်သည်မှာ ထင်ရှားပါသည်။

ရန်ကုန်မြို့ကမ္ဘာအေးကုန်းမြေ မဟာနာယကကျောင်းတော်ကြီးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင်တို့သည် နှစ်ပတ်လည်သီတင်းသုံးကြပါသည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများ ၄၅ ပါးတို့သည် ၁၅ ပါးစီ သုံးဖွဲ့ခွဲ၍ အလှည့်ကျ ၁၅ ပါးအဖွဲ့က တစ်ဖွဲ့လျှင် လေးလတာကာလအထိ သာသနာ့တာဝန် ထမ်းဆောင်ကြသည်။ လေးလတာဝန်ကျကာလ ပြီးဆုံးတိုင်း နောက်တာဝန်ကျ ၁၅ ပါးအဖွဲ့သို့ တာဝန်မလွှဲမီ ၄၇ ပါးစုံညီ အစည်းအဝေးကျင်းပ၍ လွှဲပြောင်းတာဝန် ထမ်းဆောင်ကြပါသည်။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဆရာတော်များထဲမှ ရွေးချယ်တာဝန်ပေးခံရသည့် နိုင်ငံတော်ဝိနည်းဓိုရ်အဖွဲ့ဆရာတော် ၁၅ ပါးတို့သည်လည်း လေးလတာဝန်ဖြင့် ကမ္ဘာအေးကုန်းမြေ၌ သီတင်းသုံး၍ နိုင်ငံတော်အဆင့် တက်ရောက်လာကြသည့် ဝိနိစ္ဆယဆုံးဖြတ်မှုတာဝန်များကို ထမ်းဆောင်ကြပါသည်။

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် ၁၅ ပါးအဖွဲ့ သုံးဖွဲ့ဖြင့် တစ်နှစ်ပတ်လုံး ကမ္ဘာအေးကုန်းမြေ၌ နေထိုင်သီတင်းသုံး၍ သတ်မှတ်သက်တမ်းကုန်သည်အထိ တာဝန်ထမ်းဆောင်ကြရပါသည်။ ဆရာတော်ကြီးများသည် မိမိတို့နေထိုင်သီတင်းသုံးရာ ပရိယတ္တိစာသင်တိုက်ကြီးများမှ စာချစာသင်လုပ်ငန်းများကို ကျောင်းတိုက်၏ တိုက်အုပ်ဆရာတော်၊ စာချဆရာတော်များနှင့်ထားရှိခဲ့ပြီး တပည့်များ၏ ဝတ်ကြီးဝတ်ငယ်ပြုစုမှုကို စွန့်ပယ်ကာ သာသနာ့တာဝန်ထမ်းဆောင်ကြရသည့် ဆရာတော်ကြီးများ ဖြစ်ကြပါသည်။ ဝိနိစ္ဆယရေးရာလုပ်ငန်းတာဝန်မှာ သာသနာတော် သန့်ရှင်းရေးတာဝန်ဖြစ်၍ သာသနာရေးရာ လုပ်ငန်းမှာ သာသနာတော်တည်တံ့ရေးဖြစ်ပြီး ပညာရေးရာလုပ်ငန်းမှာ သာသနာတော်ပြန့်ပွားရေးဖြစ်သဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ တာဝန်မှာ သာသနာတော်တည်တံ့ပြန့်ပွားရေးတာဝန်များပင် ဖြစ်ကြပါသည်။

သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် ၁၃၄၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၄ ရက်နေ့ (၂၆-၆-၁၉၈၀)တွင် ကျင်းပသော ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမအထူးအစည်းအဝေးက ပြည်သူ့လွှတ်တော် ဥပဒေအမှတ်(၃) **"ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေ"**ကိုလည်းကောင်း၊ ၁၃၄၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်နေ့(၁၁-၈-၁၉၈၃) တွင်ကျင်းပသော တတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမအစည်းအဝေးက ပြည်သူ့လွှတ်တော်ဥပဒေအမှတ်(၉) **"ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေ"**ကိုလည်းကောင်း၊ ၁၃၅၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ (၃၁-၁၀-၁၉၉၀) တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်(၂၀/၉၀) **"သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေ"** ကိုလည်းကောင်း နိုင်ငံတော်အစိုးရက ပြဋ္ဌာန်းပေးခဲ့ပါသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ဆောင်ရွက်ရာတွင် **"သံဃာ့ကိစ္စသံဃာဆောင်ရွက်"**ဟူသောမူနှင့်အညီ သာသနာတော်တစ်ရပ်လုံးနှင့်ပတ်သက်သည့် သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာများကို သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ ဓမ္မစက်ဖြင့် ဆောင်ရွက်ပါသည်။ ဓမ္မစက်ကို မလိုက်နာသော ဆုံးမရခက်သော ရဟန်းသာမဏေများကို အာဏာစက်ဖြင့် အကောင်အထည်ဖော်ရန် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများထံ မေတ္တာရပ်ခံ ဆောင်ရွက်ပါသည်။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း၍ သက်ဆိုင်ရာဥပဒေများအရ ဆက်လက်ဆောင်ရွက်ကြပါသည်။

ယင်းသို့ ဓမ္မစက်နှင့်အာဏာစက်တို့ လက်တွဲညီညာဆောင်ရွက်မှသာ သာသနာရေးကိစ္စများ ပြီးမြောက်အောင်မြင်နိုင်သဖြင့် **"ရာဇာပဓာနံ"** ဆိုသည်နှင့်အညီ နိုင်ငံတော်အစိုးရ၏ ထောက်ပံ့မှု၊ အားပေးကူညီမှုသည် အဓိကလိုအပ်ချက်ဖြစ်သောကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့် မည်သည့်အစိုးရအုပ်ချုပ်သည်ဖြစ်စေ အုပ်ချုပ်သောအစိုးရနှင့် သာသနာရေးဆိုင်ရာကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ကြရမည် ခံယူသဘောထားလျက် သာသနာ့တာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်နေကြခြင်း ဖြစ်ပါသည်။

ယခုအခါ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို ဖွဲ့စည်းနိုင်ခဲ့သည်မှာ နှစ်အရေအတွက်အားဖြင့် ၃၉ နှစ်ခန့်၊ သက်တမ်းအကြိမ်အားဖြင့် အဋ္ဌမအကြိမ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။ ထိုကာလအတွင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်က တာဝန်ပေးအပ်ခဲ့သည့် အောက်ပါသာသနာ့တာဝန်များကို အဆက်ဆက်တာဝန်ထမ်းဆောင်ခဲ့ကြပါသည်-

(က) လူသေလူဖြစ်အဓမ္မဝါဒအပါအဝင် အဓမ္မဝါဒ ၂၀ ခုကို ဓမ္မဝိနယနှင့် လျော်ညီစွာ နှိမ်နင်းနိုင်ခဲ့ခြင်း၊

(ခ) ရဟန်းတု ရဟန်းယောင်များ၊ အလဇ္ဇီဒုဿီလရဟန်းဆိုးများနှင့် သမဏသာရုပ္ပမဖြစ်သော လုပ်ရပ်များကျူးလွန်ကြသော ရဟန်းသာမဏေများကို ဓမ္မစက်၊ အာဏာစက်တို့ဖြင့် ဖယ်ရှားသုတ်သင်ရှင်းလင်းနိုင်ခဲ့ခြင်း၊

(ဂ) ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ၅ ကြိမ်တိုင် ကျင်းပခဲ့ခြင်း၊

(ဃ) နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အစည်းအဝေးကို တစ်နှစ် တစ်ကြိမ် ကျင်းပခဲ့ရာ ၃၉ ကြိမ်တိုင်တိုင် ကျင်းပနိုင်ခဲ့ခြင်း၊

(င) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ အစည်းအဝေးကို လေးလ တစ်ကြိမ်မပျက်မကွက် ကျင်းပခဲ့ရာ ၁၁၇ ကြိမ်တိုင်တိုင် ကျင်းပနိုင်ခဲ့ခြင်း၊

(စ) တိပိဋကရေ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို နှစ်စဉ်မပျက်မကွက် ကျင်းပနိုင်ခဲ့ခြင်း၊

(ဆ) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးနှင့် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ကြီးတို့ကို အရှိန်အဟုန်မပျက် သင်ကြားပို့ချမှုကို ဆောင်ရွက်ပေးခြင်း၊

(ဇ) ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ၊ နိကာယ်စာမေးပွဲ၊ အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်စာမေးပွဲများကို နှစ်စဉ်မပျက်မကွက် ကျင်းပနိုင်ခဲ့ခြင်းနှင့် ပရိယတ္တိသာသနာတော်ကို အခြေခံကျကျ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိခြင်း၊

(ဈ) နှစ်စဉ်ဝါဆိုသံဃာစာရင်း ကောက်ယူ၍ ရဟန်းသာမဏေများနှင့် သာသနာ့နွယ်ဝင်သီလရှင်များအတွက် သာသနာဝင်မှတ်တမ်းကတ်များ ဆက်ကပ်ပေးခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း၊

(ည) သာသနာတော်၌ ပရိယတ်၊ ပဋိပတ်နှင့် သာသနာပြုလုပ်ငန်းများတွင် ထင်ရှားသည့် ဆရာတော် သံဃာတော်များအား နိုင်ငံတော်အစိုးရက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်နိုင်ရန် စည်းမျဉ်းများ ချမှတ်ပေးခြင်း၊

(ဋ) တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတို့တွင် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ၁၄ ကျောင်းကို ဖွင့်လှစ်၍ ရဟန်းတော်အပါး ၄၂၆၀ သင်တန်းတက်ရောက် အောင်မြင်ခဲ့ခြင်း၊

(ဌ) သံဃာ့အဖွဲ့အစည်း တာဝန်ကျဆရာတော်များသည် သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းများ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခြင်း၊

(ဍ) နယ်စပ်နှင့်တောင်တန်းဒေသများတွင် သာသနာပြုဌာန ၅၉၉ ဌာန၊ သာသနာပြုရဟန်းတော် ၆၃၂ ပါး၊ သာသနာပြုသီလရှင် ၃၈ ပါး၊ သာသနာပြုလူပုဂ္ဂိုလ် ၃၃၁ ဦးအထိ သာသနာတော်ထွန်းကားပြန့်ပွား ရေးအတွက် ဆောင်ရွက်ခဲ့ခြင်း၊

(ဎ) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် အမျိုးသမီး(သီလရှင်) ကျောင်းပေါင်း ၁၅၂၇ ကျောင်းတွင် ကျောင်းသားဦးရေပေါင်း ၃၀၉၉၃၈ ဦးကို ပညာသင်ပေးလျက်ရှိခြင်း၊

(ဏ) ဆဋ္ဌသင်္ဂါယနာတင် ပိဋကတ်ကျမ်းစာများ သင်္ဂါယနာမူမပျက်ရှိစေရေး အတွက် တာဝန်ယူ၍ ပါဠိတော်အဋ္ဌကထာ ဋီကာနှင့် ဗုဒ္ဓဓမ္မကျမ်းစာများကို ပုံနှိပ်ထုတ်ဝေဖြန့်ချိလျက်ရှိခြင်း။

ဤသို့သာသနာပြုကိစ္စရပ်များကို ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ခေတ်အဆက်ဆက် နိုင်ငံတော်အစိုးရအဖွဲ့များ၏ ထောက်ပံ့ကူညီမှုကို ရရှိသောကြောင့်သာ ဆောင်ရွက်နိုင်ခဲ့ခြင်းပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ထေရဝါဒဗုဒ္ဓသာသနာသည် ထေရဝါဒငါးနိုင်ငံအလယ်တွင် ဦးဆောင်နေရာရရှိနေခြင်းမှာ မြန်မာနိုင်ငံ၏ ပရိယတ္တိသာသနာ အခြေခံကောင်းဖြင့် သာသနာသုံးရပ် ထွန်းလင်းနေခြင်းကြောင့် ဖြစ်ပါသည်။ ထိုသို့ သာသနာသုံးရပ်ထွန်းလင်းနေသည်မှာလည်း ခေတ်အဆက်ဆက် နိုင်ငံတော်အစိုးရများနှင့် မြန်မာနိုင်ငံသံဃာ့အဖွဲ့အစည်းကြီးတို့သည် တစ်သားတည်း တစ်သွေးတည်းကဲ့သို့ ဆရာဒကာ လက်တွဲညီညီဆောင်ရွက်ချီတက်နေခြင်းကြောင့်ပင် ဖြစ်ပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသံဃာ့အဖွဲ့ကြီးသည် စည်းလုံးညီညွတ်သော သံဃာ့အဖွဲ့အစည်းကြီးဖြစ်၍သာလျှင် နိုင်ငံတော်အစိုးရက လိုအပ်သော အာဏာစက်အကူအညီကို ပံ့ပိုးဆောင်ရွက်ပေးနိုင်ခြင်းဖြစ်သည့် အားလျော်စွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည်လည်း မြတ်ဗုဒ္ဓ၏ ဓမ္မဝိနယဒေသနာတော်များကို ဦးထိပ်ပန်ဆင်လျက် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း စသောလုပ်ထုံးလုပ်နည်းများ၊ သံဃာ့အဖွဲ့အစည်းဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံတော်အစိုးရအဖွဲ့များ၏ ဆရာဒကာအကူအညီများကို သံဃာ့ဆန္ဒနှင့်အညီ ရယူဆောင်ရွက်နေခြင်း ဖြစ်သကဲ့သို့ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး၏ အဓိကကျသော ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာလုပ်ငန်းများကို ဂန္ထဓုရ၊ ဝိပဿနာဓုရမပျက် သာသနာပြုစိတ် သက်သက်ဖြင့်သာ ဆောင်ရွက်လျက်ရှိပါကြောင်း ဝမ်းမြောက်အနုမောဒနာပြုနိုင်ပါရန် ဖော်ပြအပ်ပါသည်။ ။

> **"မြန်မာနိုင်ငံ၏ ထေရဝါဒဗုဒ္ဓသာသနာသည် ထေရဝါဒငါးနိုင်ငံအလယ်တွင် ဦးဆောင်နေရာရရှိနေခြင်းမှာ မြန်မာနိုင်ငံ၏ ပရိယတ္တိသာသနာ အခြေခံကောင်းဖြင့် သာသနာသုံးရပ် ထွန်းလင်းနေခြင်းကြောင့်ဖြစ်၊ ထိုသို့ သာသနာသုံးရပ်ထွန်းလင်းနေသည်မှာလည်း ခေတ်အဆက်ဆက် နိုင်ငံတော်အစိုးရများနှင့် မြန်မာနိုင်ငံ သံဃာ့အဖွဲ့အစည်းကြီးတို့သည် တစ်သားတည်းတစ်သွေးတည်းကဲ့သို့ ဆရာဒကာ လက်တွဲညီညီဆောင်ရွက်ချီတက်နေခြင်းကြောင့်ပင်ဖြစ်"**

# ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေဆိုင်ရာနှင့် ရငွေသုံးငွေဆိုင်ရာ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြ

**နေပြည်တော် ဩဂုတ် ၂၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့ အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရခိုင်ပြည်နယ် အစိုးရအဖွဲ့တွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဗိုလ်မှူးကြီး မင်းသန်းအား ခန့်အပ်တာဝန်ပေးအပ်ခြင်းကို တင်ပြပြီး လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးဇော်ဝင်းက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားရာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ နောက်ဆက်တွဲ -၂ ပါ နိုင်ငံပိုင်အခန်းဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များအပေါ် စိစစ်ရေးပူးပေါင်းအဖွဲ့(၂၀)၏ စိစစ်တင်ပြချက်များနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ စိစစ်သုံးသပ်ချက်များကို အခြေပြုဆောင်ရွက်ခဲ့သည့် အစီရင်ခံစာပါ အကြံပြုချက်များအပေါ် လွှတ်တော်က သုံးသပ်ဆောင်ရွက်ရန်နှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

## စီမံကိန်းလုပ်ငန်းများအား ဌင်းပယ်ရန် သို့မဟုတ် လျှော့၍ ခွင့်ပြုရန်တင်ပြချက်များကို ဘတ်ဂျက်ဥပဒေကြမ်း၏ ငွေလုံးငွေရင်းအပိုင်းအတွက် အကျုံးဝင်သည့် ပြင်ဆင်ချက် အဆိုများအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်

ပြည်ထောင်စုလွှတ်တော်နာယကက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပူးပေါင်းကော်မတီ၏ အစီရင်ခံစာတွင်ပါရှိသည့်



ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်မင်း



ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးနေမျိုးထွန်း

စီမံကိန်းလုပ်ငန်းများအား ဌင်းပယ်ရန် သို့မဟုတ် လျှော့၍ခွင့်ပြုရန်တင်ပြချက်များကို ဘတ်ဂျက်ဥပဒေကြမ်း၏ ငွေလုံးငွေရင်းအပိုင်းအတွက် အကျုံးဝင်သည့် ပြင်ဆင်ချက်အဆိုများအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မူနှင့်အခြေခံသဘောကို ဆွေးနွေးလိုသည်ဖြစ်စေ၊ ဥပဒေ အကြောင်းအရာအပါဝင် နောက်ဆက်တွဲတွင်ပါရှိသည့် စီမံကိန်းလုပ်ငန်းများကို ဌင်းပယ်ရန် သို့မဟုတ် လျှော့၍ခွင့်ပြုရန် ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးနေမျိုးထွန်းက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေဆိုင်ရာနှင့် ရငွေသုံးငွေဆိုင်ရာ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြရာတွင် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်း ကော်မတီသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေစာရင်းနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ ငွေကြေးဆိုင်ရာ သုံးသပ်ချက် အစီရင်ခံစာပါ စိစစ်ပြင်ဆင်ချက်များအတိုင်းလည်းကောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲများကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်းလည်းကောင်း ပြည်ထောင်စုလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအောင်မင်းက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေဆိုင်ရာနှင့် ရငွေသုံးငွေဆိုင်ရာ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ဗဟိုအဖွဲ့အစည်းနှင့် ပြည်ထောင်စုဝန်ကြီးဌာန၊ ရငွေ၊ သုံးငွေများအပေါ် အဖွဲ့အစည်းများ၏ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများ စိစစ်ရေးပူးပေါင်းအဖွဲ့(၂၀)တို့၏ စိစစ်ချက်များအရ သာမန်ရငွေတွင်




ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်

ငွေကျပ် ၁၀၁၄၄၇၀၀၀ သန်း တိုးမြှင့်ခြင်းနှင့် သုံးငွေစိစစ်လျှော့ချမှု ငွေကျပ် ၄၁၈၀၇၄ ဒသမ ၆၄၈ သန်းတို့ကို အတည်ပြုသင့်ပါကြောင်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၅ နှင့် ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၄ (က)၊ (ခ)၊ (ဂ)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်းဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယက က ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် အမျိုးသား စီမံကိန်း ဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ မူနှင့်အခြေခံသဘောဆွေးနွေးခြင်းနှင့် စီမံကိန်းလုပ်ငန်းများ၊ ဘတ်ဂျက် ရငွေသုံးငွေများအပါအဝင် ဥပဒေပိုင်းဆိုင်ရာ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေး ခြင်းကို ၂၀၁၉ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် ဆောင်ရွက်ရန်လျာထားပါကြောင်း၊ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် တောင်းခံထားသည့် ငွေလုံးငွေရင်းအသုံး စရိတ်များသည် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ နောက်ဆက်တွဲတွင်ပါရှိသည့် စီမံကိန်းလုပ်ငန်းများ တန်ဖိုးဖြစ်သည့်အတွက် ဘတ်ဂျက်၏ ငွေလုံးငွေရင်းအသုံးစရိတ် လျှော့ချမှုစုစုပေါင်းနှင့် စီမံကိန်းလုပ်ငန်း တန်ဖိုးလျှော့ချမှု စုစုပေါင်းသည် အစီရင်ခံစာ နှစ်ခုတွင် တူညီနေကြောင်း၊ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် မူနှင့် အခြေခံသဘောဆွေးနွေးခြင်းကို အပိုင်းတစ်ပိုင်း၊ စီမံကိန်းလုပ်ငန်း များနှင့် ငွေလုံးငွေရင်းအသုံးစရိတ်တို့ကို အပိုင်းတစ်ပိုင်း၊ ဘတ်ဂျက်ဥပဒေကြမ်း၏ သာမန်အသုံးစရိတ်ကို အပိုင်းတစ်ပိုင်း လေ့လာစိစစ်ပြီး အတည်ပြုရန်၊ လျှော့ပြီး ခွင့်ပြုရန်နှင့် ဌင်းပယ်ရန်တို့ကို ကွဲကွဲပြားပြားဖြစ်အောင် ဆွေးနွေးရန် လိုအပ်မည် ဖြစ်ကြောင်း၊ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် ဌာန၊ အဖွဲ့အစည်းတို့ကို ဖော်ပြရန်လိုအပ်ကြောင်း၊ မူသဘောဆွေးနွေးမည်ဆိုပါက အကြောင်းအရာ အကျဉ်းချုပ်ကိုဖော်ပြပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေး မည်ဆိုပါက ပြင်ဆင်လိုသည့် အကြောင်းအရာ၊ ကိန်းဂဏန်းတို့ကို တိကျစွာရေးသား ဖော်ပြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းများနှင့် စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ(၁၁/၂၀၁၉) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည် ရှင်းလင်းဖြေကြားကြသည်။

## FM ကုမ္ပဏီများမှ ရရန်ရှိသည့် နိုင်ငံ၏ အခွန်ဘဏ္ဍာများသည် နစ်နာခြင်း လုံးဝမရှိ

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၏ ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၇ အရ ရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီကို ဖွဲ့စည်းရမည်ဖြစ်ပြီး ကောင်စီ ဖွဲ့စည်းနိုင်ရေးအတွက် နည်းဥပဒေပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နေဆဲကာလ ဖြစ် သော်လည်း လက်ရှိထုတ်လွှင့်နေသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ FM ရေဒီယို အပါအဝင် မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ ချယ်ရီ FM နှင့် FM ပုဂံများအနေဖြင့် နိုင်ငံတစ်ဝန်းတပ်ဆင်ထားသော FM Station ၁၆၄ ရုံအတွက် လုပ်ငန်းလိုင်စင်ကြေးများကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ၂၀၁၀ ခုနှစ် ဇူလိုင် ၁၂ ရက်မှစ၍ နှစ်စဉ်မှန်မှန် ပေးသွင်းလျက် ရှိပါကြောင်း၊ သို့ပါ၍ FM ကုမ္ပဏီ များမှ ရရန်ရှိသည့် နိုင်ငံ၏အခွန်ဘဏ္ဍာများသည် နစ်နာခြင်း လုံးဝမရှိပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့် စပ်လျဉ်းသည့် စစ်ဆေး တွေ့ရှိချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ(၁၁/၂၀၁၉)ပါ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရငွေများလျာထားရာတွင် ကြွေးကျန်များထည့်သွင်းလျာထားမှု မရှိခဲ့ခြင်းနှင့် ပတ်သက်၍ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် သာမန်ရငွေများ လျာထားရာတွင် မြန်မာ့အသံနှင့် ရုပ်မြင် သံကြား ရုပ်မြင်နှင့် ရေဒီယိုအစီအစဉ်များအကြား ထည့်သွင်းသည့် ကြော်ငြာရငွေ များနှင့် အခြားအထွေထွေရငွေများ အပြင်ဌာနနှင့် ဆက်စပ်လုပ်ကိုင်လျက်ရှိသည့် ရုပ်သံလွှင့်ကုမ္ပဏီများထံမှ သဘောတူစာချုပ်များအရ တစ်နှစ်အတွက်ရသင့်သည့် ပေးသွင်းရငွေများ၊ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ရရှိရန်ကြွေးကျန်များနှင့် ၂၀၁၇- ၂၀၁၈ ခု၊ ဘဏ္ဍာနှစ်အတွင်း ၃ လ အတွက် ကြွေးကျန်များကိုပါ ထည့်သွင်းတွက်ချက်၍ ငွေကျပ်သန်း ၈၂၀၀ လျာထားပါကြောင်း။

ကုမ္ပဏီများက ဌာနသို့ပေးသွင်းရမည့် ငွေကြေးများ ပေးသွင်းရန်နောက်ကျပြီး ကြွေးကျန်များကျန်ရှိခြင်း၊ နောက်ကျပေးသွင်းခြင်းကိစ္စနှင့်ပတ်သက်၍ ပေးသွင်းရမည့် ငွေများကိုစာချုပ်ပါ စည်းကမ်းချက်များအတိုင်း တိကျစွာပေးသွင်းရန်နှင့် ကြွေးကျန်များ မဖြစ်ပေါ်စေရေး အထူးဂရုပြုလိုက်နာ ဆောင်ရွက်ရန် သက်ဆိုင်ရာကုမ္ပဏီများသို့ ဝန်ကြီးရုံးမှ အသိပေးအကြောင်းကြားစာ ပေးပို့ထားခဲ့ပြီး ဌာနမှလည်း အကြိမ်ကြိမ် သတိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း။

ယခုအခါ စာချုပ်များ၏ ငွေကြေးပေးသွင်းခြင်းဆိုင်ရာအချက်များကို ပြင်ဆင် ပြီးဖြစ်ပါသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကုမ္ပဏီများ၏ ငွေကြေးပေးသွင်းမှုကို စနစ်တကျကြီးကြပ်ကိုင်တွယ် ဆောင်ရွက်ခဲ့သည့်အတွက် ဘဏ္ဍာရေးနှစ်အလိုက် ငွေကြေးပေးသွင်းမှုပုံမှန်ရရှိလာ ပြီး ကြွေးကျန်လျော့နည်းလာပါကြောင်း၊ သို့ပါ၍ ရငွေလျာထားချက်တွင် အမှန်တကယ် ရရှိနိုင်မည့်ရငွေများကို တိကျစွာအနီးစပ်ဆုံး မှန်ကန်အောင် လျာထားဆောင်ရွက် သွားနိုင်မည်ဖြစ်ပါကြောင်း။

ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာ(၁၁/၂၀၁၉)ပါ မြန်မာ့အသံ နှင့် ရုပ်မြင်သံကြားမှ လျာထားတောင်းခံထားသည့် ငွေလုံးငွေရင်းအသုံးစရိတ်များအား



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း



ဒုတိယဝန်ကြီး ဦးကျော်လင်း

အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်နိုင်မှုမရှိ၍ အပြည့်အဝသုံးစွဲမှု မပြုနိုင်ခြင်း နှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင် အထည်ဖော်ရေးဗဟိုကော်မတီအစည်းအဝေး (၂/၂၀၁၇)တွင် ရခိုင်ပြည်နယ်တွင် FM Radio များ ယခုထက် ပိုမိုထောက်ပံ့ပေးနိုင်ရေးဆောင်ရွက်ရန် လမ်းညွှန်ချက် အရ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် FM Radio များ အခမဲ့ဖြန့်ဝေနိုင်ရန် ဝန်ကြီး ဌာနရှိ ဌာနအသီးသီးမှ ရန်ပုံငွေများကိုစိစစ်၍ ငွေကျပ်သန်း ၄၀၀ အား အထွေထွေ ပိုလျှံရန်ပုံငွေသို့ အပ်နှံပြီး FM Radio များ ဝယ်ယူနိုင်ရေး ဆောင်ရွက်ခဲ့ရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ခွင့်ပြုပေးခဲ့သဖြင့် FM Radio များအား တင်ဒါစနစ်ဖြင့် ဝယ်ယူနိုင်ရန် ကြေးမုံသတင်းစာတွင် ကြော်ငြာ၍ တင်ဒါဈေးနှုန်းစိစစ်ခဲ့ပါကြောင်း။

ဈေးနှုန်းတင်သွင်းသည့် ကုမ္ပဏီ သုံးခုအနက် Radio တစ်လုံးလျှင် ငွေကျပ် ၇၃၄၂ ကျပ်ဖြင့် အလုံးရေ ၅၄၄၈၀ အတွက် ငွေကျပ် ၃၉၉ ဒသမ ၉၉၂ သန်းဖြင့် တင်ဒါ အောင်မြင်သည့် ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပါကြောင်း၊ တင်ဒါစိစစ်ချိန်က သတ်မှတ်ရက်အတွင်း ဘတ်ဂျက်နှစ်အမီ တင်သွင်းရန် တင်ဒါအောင်မြင်သူက ကတိပြု ခဲ့သော်လည်း အလုံးရေ ၅၄၄၈ လုံးကိုသာ အချိန်မီပေးသွင်းနိုင်ခဲ့သဖြင့် ယင်းအတွက် ကျသင့်ငွေ ငွေကျပ် ၃၉ ဒသမ ၉၉၉ သန်းကိုသာ ပေးချေနိုင်ခဲ့ပြီး ကျန်ရှိသည့်အလုံးရေ ၄၉၀၃၂ အတွက် ငွေကျပ် ၃၅၉ ဒသမ ၉၉၂ သန်းအား ပြန်လည် အပ်နှံခဲ့ရခြင်း ဖြစ်ပါကြောင်း။

## ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာနှစ်တွင် ကျန်ရှိသည့် FM Radio အလုံးရေ ၄၉၀၃၂ အတွက် ငွေကျပ် ၃၅၉ ဒသမ ၉၉၂ သန်းအား ငွေလုံးငွေရင်းအသုံးစရိတ်တွင် တင်ပြတောင်းခံ၍ ပေးချေခဲ့ပြီးဖြစ်

စာချုပ်ပါအတိုင်း အချိန်မီတင်သွင်းနိုင်ခြင်းမရှိသည့် ထိုကုမ္ပဏီအား နောင် လာမည့်ဘဏ္ဍာနှစ်များတွင် ဝယ်ယူခွင့်မပြုတော့ကြောင်း အသိပေးကြေညာပြီး

*စာမျက်နှာ ၈ သို့*

❖ *ကျောဖုံးမှ*

အခမ်းအနားတွင် ဒုတိယသမ္မတက ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုများကြောင့် ယနေ့ကမ္ဘာတွင် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ကြုံတွေ့ခံစားနေကြရပါကြောင်း၊ ဘေးအန္တရာယ်လျော့ပါးစေရေးအတွက် ကြိုတင်ကာကွယ်ခြင်း၊ ဘေးတွေ့စဉ် ဝိုင်းဝန်းကူညီ ကယ်ဆယ်စောင့်ရှောက်ခြင်းနှင့် သဘာဝဘေးဖြစ်ပွားပြီးနောက် ပြန်လည်ထူထောင်ပေးခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိရာ အသေအပျောက် အပျက်အစီးနည်းပါးစေရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်လျက် ရှိနေကြပါကြောင်း။

သဘာဝဘေးအန္တရာယ် ရင်ဆိုင်ကြုံတွေ့ကြရသည့်အခါ ဘေးအန္တရာယ်ဇုန်အတွင်းရှိ လူနှင့် တိရစ္ဆာန်များ ပြင်းထန်စွာ ထိခိုက်ခံစားနေကြရသည့်ကာလအတွင်း အန္တရာယ်ဇုန်ပြင်ပမှ လာရောက်ကူညီ ကယ်ဆယ်စောင့်ရှောက်မှုများသည် အလွန်အရေးပါသည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် အခြားကမ္ဘာ့နိုင်ငံများနည်းတူ နှစ်စဉ်သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ကျော်လွှားနေရသည့် ကာလတွင် အစိုးရသာမက ပြည်သူများ၊ လုပ်ငန်းရှင်များနှင့် လူမှုအဖွဲ့အစည်းများက ဝိုင်းဝန်းကူညီဆောင်ရွက်သည့်အလေ့အထ ပိုမိုအားကောင်းလာသည်နှင့်အမျှ ဘေးအန္တရာယ်ခံစားရသူများအတွက် ပိုမိုကောင်းမွန်သည့် ကူညီစောင့်ရှောက်မှုများ ပေးနိုင်လာသည်ကို တွေ့ရှိရပါကြောင်း။

မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ရေကြီးခြင်းနှင့် မြေပြိုခြင်း ဘေးအန္တရာယ်များ ကြုံတွေ့နေရချိန်တွင် နယ်လှည့်ကျန်းမာရေး ကူညီစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ရေယာဉ်တစ်စင်း လှူဒါန်းသည့်အတွက် ကူညီကယ်ဆယ်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုအားတက်ဖွယ်ဖြစ်ပြီး စွမ်းဆောင်ရည်မြင့်မားသည့် အဆင့်တစ်ရပ်သို့ တက်လှမ်းလာနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

သဘာဝဘေးဒဏ်သင့် ပြည်သူများကို ပဲ့ချိတ်စက်လှေများ၊ ဖိုင်ဘာလှေများဖြင့် ကယ်ဆယ်ပြီး သက်ဆိုင်ရာ ဆေးရုံသို့ မပို့ဆောင်မီကာလအတွင်း ရေယာဉ်ပေါ်တွင် လုံခြုံစိတ်ချစွာ ကျန်းမာရေးပြုစုစောင့်ရှောက်ကုသမှု အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် သဘာဝဘေးခံစားနေကြရသူများကိုယ်စား၊ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကိုယ်စား ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း။

ယခုလှူဒါန်းလာသည့် ရေယာဉ်ပေါ်တွင် လိုအပ်သည့် ဆေးဝါး၊ ကျန်းမာရေးဝန်ထမ်းနှင့် အခြားဖြည့်ဆည်းပေးရန်လိုအပ်သည်များကိုလည်း သက်ဆိုင်ရာဌာနများအနေဖြင့် ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း။

သဘာဝဘေးအန္တရာယ် ရင်ဆိုင်ကြုံတွေ့လာချိန်တွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အစိုးရနှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ဖိတ်ခေါ်လိုပါကြောင်း ပြောကြားသည်။

ထို့နောက် Tint Tint Myanmar Group Of Companies ဥက္ကဋ္ဌ ဒေါ်တင့်တင့်လွင်က ရေယာဉ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူထံ Tint Tint Myanmar Group Of Companies ဥက္ကဋ္ဌက ရေယာဉ်ဆိုင်ရာ စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ဒုတိယသမ္မတက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ရေယာဉ်ကို ၂၀၁၇ ခုနှစ်တွင် ပြည်တွင်း၌ တည်ဆောက်ခဲ့ပြီး အလျား ၁၀၅ ပေ၊ အနံ ၁၈ ပေနှင့် အနက် ၆ ပေရှိကာ Nissan RH (10) 200063 E (410)BHP အင်ဂျင်အမျိုးအစားကို အသုံးပြုထားကြောင်း၊ ရေယာဉ်ပေါ်တွင် အရေးပေါ် ခွဲစိတ်ခန်းသုံးပစ္စည်းများ၊ အောက်ဆီဂျင်ဘူးများ၊ အရေးပေါ် ကယ်ဆယ်ရေးဆေးပစ္စည်းများ ပါရှိပြီး လူနာခုတင် ခြောက်လုံးမှ ၁၀ လုံးအထိ တပ်ဆင်၍ Mobile Clinic အဖြစ် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရေယာဉ်လှူဒါန်းသည့် Tint Tint Myanmar Group Of Companies ဥက္ကဋ္ဌအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။** သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် မန္တလေးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေနက်တွင်းတူးဖော်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၁

**နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ ညှိနှိုင်းတောင်းဆိုလာမှုအရ ဇွန်လမှစတင်၍ ကမ္ဘောဇအေနာဂတ်အလင်းတန်း မြန်မာ ဖောင်ဒေးရှင်း၏ ပေနက်တွင်းတူးစက် အကူအညီရယူကာ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ကြပ်မတ်ဆောင်ရွက်မှုဖြင့် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေရှားပါးသော ကျေးရွာခြောက်ရွာအတွက် ရေနက်တွင်းတူးဖော်ခြင်းလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)

**ရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်း**

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့ ဝက်လူးကျေးရွာတွင် ရေနက်တွင်း အနက်ပေ ၁၀၂၀ တူးဖော်လျက်ရှိသည့် လုပ်ငန်းခွင်သို့လည်းကောင်း၊ တောပြားကျေးရွာ၌ ရေနက်တွင်း အနက်ပေ ၈၆၀ တူးဖော်ပြီး ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တစ်လုံးနှင့် ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းခွင်သို့လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ကြာကန်ကျေးရွာအုပ်စု ကြို့ပင်အင်းကျေးရွာတွင် တည်ဆောက်ပြီးစီးခဲ့သည့် အနက်ပေ ၇၄၀ ရေနက်တွင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တစ်လုံးနှင့် ရေစက်ရုံသို့ လည်းကောင်း၊ မကွေးမြို့နယ် ဆူးကောက်စမ်းကျေးရွာ ကျေးလက်ကျန်းမာရေး ဌာနခွဲတွင် တည်ဆောက်ပြီးစီးခဲ့သည့် အနက်ပေ ၅၄၀ ရေနက်တွင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တစ်လုံးနှင့် ရေစက်ရုံများသို့ လည်းကောင်း ရောက်ရှိခဲ့ပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ရေလှောင်ကန်မှတစ်ဆင့် Gravity စနစ်ဖြင့် ကျေးရွာတွင်း အိမ်ခြေများအရောက် ပိုက်လိုင်းများ သွယ်တန်းတပ်ဆင်အသုံးပြုနိုင်ရေး၊ ဒီဇယ်အင်ဂျင် (အစား) လျှပ်စစ်မီးရရှိသော နေရာများတွင် လျှပ်စစ်မော်တာစနစ်ဖြင့် ရေတင်ယူသုံးစွဲနိုင်ရေး၊ ကျေးရွာများအလိုက် ရေပေးဝေရေးကော်မတီဖွဲ့စည်း၍ စနစ်တကျဖြန့်ဝေပေးနိုင်ရေး၊ စဉ်ဆက်မပြတ် အသုံးပြုနိုင်စေရန်နှင့် ရေရှည်တည်တံ့စေရေးတို့အတွက် ရပ်ရွာမှ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် မှာကြားခဲ့ပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ဆက်လက်တူးဖော်ပေးမည်**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် မဖြစ်မနေရေနက်တွင်း တူးဖော်ပေးသင့်သည့် နေရာဒေသများတွင် အမှန်တကယ်လိုအပ်ချက် ရှိနေသော သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များ၏ ညှိနှိုင်းတောင်းဆိုလာမှုအပေါ် နိုင်ငံတော်၏ ခွင့်ပြုရန်ပုံငွေအရ ကမ္ဘောဇအေနာဂတ် အလင်းတန်းမြန်မာ ဖောင်ဒေးရှင်း၏ ပေနက်တွင်း တူးစက်အကူအညီဖြင့် ဆက်လက်တူးဖော်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



*စာမျက်နှာ ၇ မှ*

အရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာနှစ်တွင် ကျန်ရှိသည့် FM Radio အလုံးရေ ၄၉၀၃၂ အတွက် ငွေကျပ် ၃၅၉ ဒသမ ၉၉၂ သန်းအား ငွေလုံးငွေရင်းအသုံးစရိတ်တွင် တင်ပြတောင်းခံ၍ ပေးချေခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုအခါ FM Radio များ အားလုံးရောက်ရှိပြီးဖြစ်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် ပြည်သူများသို့ ဖြန့်ဝေခြင်းများကိုလည်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်တွင် FM Radio များ အခမဲ့ဖြန့်ဝေခြင်းအတွက် အထက်ပါ အခြေအနေများအရ တောင်းခံငွေအပြည့်အဝသုံးစွဲနိုင်မှု မရှိခဲ့ရခြင်းဖြစ်ပါကြောင်း။

ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာ(၁၁/၂၀၁၉)ပါ နိုင်ငံတော်သို့ ထည့်ဝင်ငွေပေးသွင်းရန် ကျန်ရှိနေသည့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသည် ယခင်နှစ်အဆက်ဆက်ပေးရန် ကျန်ရှိနေသည့် နိုင်ငံတော်သို့ ထည့်ဝင်ငွေများအနက် မူလပြုပြင်ပြီး ခွင့်ပြုငွေများတွင် ထည့်သွင်းလျာထားတောင်းခံမှုမရှိခြင်းနှင့် စပ်လျဉ်း၍ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်တင်ပြစဉ် အမြတ်၏ ၂၀ ရာခိုင်နှုန်းဖြစ်သော နိုင်ငံတော်ထည့်ဝင်ငွေသည် ငွေကျပ် ၁၁၅ ဒသမ ၃၃၆ သန်းဖြစ်ပါကြောင်း၊ နှစ်ချုပ်စာရင်းအရ နိုင်ငံတော်ထည့်ဝင်ငွေသည် ငွေကျပ် ၃၈၄ ဒသမ ၃၇၁ သန်းဖြစ်သဖြင့် လိုငွေ ငွေကျပ် ၂၆၉ ဒသမ ၀၃၅ သန်းအား ထပ်မံပေးဆောင်ရမည်ဖြစ်ပါကြောင်း၊ ပေးဆောင်ရန်ကျန်ရှိသော နိုင်ငံတော်ထည့်ဝင်ငွေကျပ် ၂၆၉ ဒသမ ၀၃၅ သန်းအား ၂၀၁၉ ခုနှစ် ဇွန် ၂၈ ရက်တွင် ဘဏ်၌ စာရင်းခုနှိမ် ပေးချေပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် စပ်လျဉ်းသည့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို လိုက်နာဆောင်ရွက်နိုင်ရေး ဝန်ကြီးဌာနအနေဖြင့် ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေများသုံးစွဲရာတွင် ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း(၃၅/၂၀၁၇)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အလေအလွင့်မရှိအောင် ဥပဒေ၊ နည်းဥပဒေ၊ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှပေးပို့သော ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းများနှင့် စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ(၁၁/၂၀၁၉) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဦးခင်မောင်သန်းက အစီရင်ခံစာ (၁၁/၂၀၁၉)ကို လွှတ်တော်က သဘောတူအတည်ပြုရန် အဆိုတင်သွင်းပြီး ပြည်ထောင်စုလွှတ်တော်နာယက က ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် အစီရင်ခံစာ (၁၁/၂၀၁၉)ကို လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာပြီး အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ရပ်နားလိုက်သည်။

**သတင်း-မော်စီ၊ မွေးကြူဇင်၊ ဓာတ်ပုံ-ထန်းဖုန်**

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်မည့်အချက်အလက်များ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၁**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်မည့် အချက်အလက်များ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြည်သူ့ဆန္ဒနှင့်ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်စေရမည်**

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်စေရမည်ဟူသည့် စံ (၅) ချက်နှင့်အညီ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲစက်ဝန်းတွင် ပါဝင်သော ကာလသုံးပါးဖြစ်သည့် ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲနှောင်းပိုင်းကာလတို့တွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရသည့် လုပ်ငန်းစဉ် (၂၀) ရှိပါကြောင်း၊ ရွေးကောက်ပွဲတွင် ပြည်သူများသိရှိရန်မှာ ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးပါတီများ၏ မူဝါဒ၊ ရည်ရွယ်ချက်များနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဖြစ်ပါကြောင်း၊ ယင်းအချက်များကို မဲဆန္ဒရှင်ပြည်သူများသိရှိစေရန် ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ရွေးကောက်ပွဲအသိပညာပေး လုပ်ငန်းများဖြစ်သည့် ရွေးကောက်ပွဲဆိုင်ရာ ပြည်သူလူထုအသိပညာပေးခြင်း (Civic Education) နှင့် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်း (Voter Education) များ ဆောင်ရွက်ရာတွင်လည်း ပြန်ကြားရေးဝန်ကြီးဌာနက ပူးပေါင်းပါဝင်ပေးရန် ပြောကြားသည်။

**မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်**

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်ရမည့်လုပ်ငန်းများ ကြိုတင်ပြင်ဆင်နိုင်ရန်နှင့် လုပ်ငန်းများ ပိုမိုချောမွေ့အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံရခြင်းဖြစ်ပါကြောင်း၊ မြို့နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများတွင် Community Centre အဖြစ် အသုံးပြုရန် ဆောင်ရွက်ထားရှိပြီးဖြစ်သည့်အတွက် ရွေးကောက်ပွဲကျင်းပချိန်တွင် မဲဆန္ဒရှင်အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်နိုင်ပါကြောင်းနှင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များတွင် ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးရမည့် လုပ်ငန်းများအပေါ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဖြည့်စွက်ဆွေးနွေး**

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် တာဝန်ရှိသူများက တင်ပြသည့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် ကော်မရှင်အဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်မည့် အချက်အလက်များ ရှင်းလင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၁**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော်ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ လုပ်ငန်းရှင်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်



မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့်အဖွဲ့ Industrial Bank of Korea မှ Senior Executive Vice President Mr. Oh HyukSoo အဖွဲ့နှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ Industrial Bank of Korea ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၁**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် Industrial Bank of Korea မှ Senior Executive Vice President Mr. Oh HyukSoo နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကံ့ကော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၌ ငွေရေးကြေးရေးကဏ္ဍနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေး၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များ အကူအညီပေးရေးဆိုင်ရာတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂၁**

ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# ရန်ကုန်မြို့တွင်းပြေးဆွဲနေသော YBS ယာဉ်လိုင်းများ ယာဉ်စီးခနှုန်းထား တိုးမြှင့်ကောက်ခံမည်မဟုတ်

**ရန်ကုန် ဩဂုတ် ၂၁**

ရန်ကုန်မြို့တွင်း ပြေးဆွဲလျက်ရှိသော YRTA အောက်ရှိ YBS ခရီးသည်တင်ယာဉ်လိုင်းများအနေဖြင့် ခရီးသွားပြည်သူများ အဆင်ပြေပြေ သွားလာနိုင်ရေး ကဏ္ဍအလိုက်အဆင့်မြှင့်တင်မှု လုပ်ငန်းများကို အစဉ်တစိုက် လုပ်ဆောင်လျက်ရှိသော်လည်း လတ်တလော ယာဉ်စီးခနှုန်းထားများကို တိုးမြှင့်ကောက်ခံသွားမည်မဟုတ်ကြောင်း ယနေ့ YRTA ရုံးချုပ်၌ ကျင်းပသော မီဒီယာရှင်းလင်းပွဲတွင် YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။



YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင် မီဒီယာများ၏မေးမြန်းမှုကို ဖြေကြားစဉ်။

ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ YRTA ရုံးချုပ်၌ ကျင်းပသော မီဒီယာရှင်းလင်းပွဲတွင် YRTA ၏ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က တက်ရောက်လာသော ပြည်တွင်း ပြည်ပမီဒီယာများအား YBS ဈေးနှုန်းကောက်ခံမှုနှင့် ပတ်သက်၍ အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးဆောင်မှု၊ YRTA (ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့) ကြီးကြပ်မှုဖြင့် ယခင် မထသမှ YBS သို့ ပြီးခဲ့သော ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် စတင်ပြောင်းလဲခဲ့သည်။ ယင်းသို့ ပြောင်းလဲစဉ်ကတည်းက YBS ယာဉ်လိုင်း ယာဉ်စီးခဈေးနှုန်းကောက်ခံမှုကို မြို့တွင်းငွေကျပ် ၁၀၀၊ ၂၀၀ နှင့် ၃၀၀ စသည်ဖြင့် အပိုင်းလိုက် ပြေးဆွဲပေးလျက်ရှိသော YBS ယာဉ်လိုင်းများပေါ်မူတည်ကာ ယာဉ်စီးခနှုန်းထားများကို အသီးသီးသတ်မှတ်ကောက်ခံလျက်ရှိသည်။

"ကျွန်တော်တို့ YRTA အောက်ရှိ YBS ယာဉ်လိုင်းတွေကို ယာဉ်ရပ်ကွင်းတည်ဆောက်မှုကြောင့် ယာဉ်စီးခတိုးမြှင့်ကောက်ခံခြင်း မဆောင်ရွက်ပါဘူး။ အဲဒါကြောင့် ယာဉ်စီးခတွေ တိုးကောက်ဖို့၊ တိုးမြှင့်ဖို့ လတ်တလောမှာမရှိဘူး။ YBS နဲ့ ပတ်သက်လို့ ဖွံ့ဖြိုးမှုလုပ်ငန်းတွေကို ကဏ္ဍအလိုက်ဆောင်ရွက်နေပေမယ့် သတ်မှတ်ထားတဲ့ ပုံမှန်နှုန်းထားအတိုင်းပဲ ငွေနှုန်းထားကို ကောက်ခံသွားမှာပါ။ ပြီးခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာလည်း ဒါနဲ့ပတ်သက်ပြီး မေးလို့ သေချာရှင်းပြပြီးသားပါ။ ယာဉ်တွေပြောင်းလဲလိုက်လို့ ကုန်ကျစရိတ်တွေ ကြီးမြင့်ပေမယ့် ပြည်သူလူထုအနေအထားကို ကြည့်ပြီးတော့ တစ်ဖက် ကုမ္ပဏီတွေလည်း ထူထောင်နိုင်အောင်၊ ပြည်သူလူထုအပေါ်လည်း အကျိုးသက်ရောက်မှုရှိအောင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဒီယာဉ်စီးခနှုန်းထားနဲ့ ပတ်သက်လို့ အမြဲတွက်ချက်ပါတယ်"ဟု YRTA မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

ရန်ကုန်မြို့တွင်း ပြေးဆွဲလျက်ရှိသော YRTA အောက်ရှိ YBS ယာဉ်လိုင်းများတွင် ယခုအခါ မှတ်ပုံတင်ထားပြီးဖြစ်သော ယာဉ်အစီးရေမှာ ၆၆၀၀ ကျော်ရှိပြီး စီးတီးဘတ်စ်မှာ ၄၀၀၀ ကျော်နှင့် မီနီဘတ်စ်မှာ ၂၀၀၀ ကျော်ရှိကာ နေ့စဉ် ယာဉ်အစီးရေ ၄၅၀၀ ကျော် ခရီးသည်တင်ဝန်ဆောင်မှုပေးလျက်ရှိသည်။

စီးပွားရေးအချက်အချာကြသော ရန်ကုန်မြို့တော်ကြီးတွင် နေ့စဉ် ခရီးသွားပြည်သူများပြားလျက်ရှိပြီး YRTA အောက်ရှိ YBS ခရီးသည်တင်ယာဉ်များအနေဖြင့် တစ်နေ့ ခရီးသည် ၁ ဒသမ ၉ သန်းကျော်ကို သယ်ယူပို့ဆောင်မှုလုပ်ငန်းများ ဝန်ဆောင်မှုပေးလျက်ရှိပြီး ရန်ကုန်မြို့သယ်ယူပို့ဆောင်မှုကဏ္ဍအနေဖြင့် ရာခိုင်နှုန်း ၈၀ ကျော်ဖြင့် ပထမနေရာတွင် ဝန်ဆောင်မှုပေးလျက်ရှိကာ မြန်မာ့မီးရထားအောက်ရှိ မြို့ပတ်ရထားသည် ရန်ကုန်မြို့တွင်း သယ်ယူပို့ဆောင်မှုကို ဒုတိယနေရာတွင် ဝန်ဆောင်မှုပေးလျက်ရှိသည်။ အလားတူ ရန်ကုန်မြို့တွင်း ခရီးသည်သယ်ယူပို့ဆောင်မှုအတွက် ရေလမ်းကြောင်းတွင်ကျယ်စွာ ဝန်ဆောင်မှုပေးနိုင်ရေး Water Bus လမ်းကြောင်းများကိုလည်း ယခုထက် ကျယ်ကျယ်ပြန့်ပြန့် သွားလာနိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့ဦးဆောင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

# ညောင်လေးပင်မြို့နယ် မဒေါက်ဒေသရှိ သဘာဝဘေးသင့်ပြည်သူများအတွက် ဆန်တန်ချိန် ၁၀ တန် ထောက်ပံ့

**နေပြည်တော် ဩဂုတ် ၂၁**

ပဲခူးတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ပြည်သူများအတွက် အာဆီယံအပေါင်း(၃) အရေးပေါ် အရန်ဆန်ရိက္ခာအစီအစဉ်(၃) APTERR ၏ အလိုအလျောက် ခလုတ်ဆွဲစနစ်အရ ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသော ဆန်တန်ချိန် ၁၀ တန် (၄၀ ကီလိုအိတ် ၂၅၀)အား ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်ဒေသရှိ သဘာဝဘေးသင့်ပြည်သူများသို့ ထောက်ပံ့ပေးအပ်ပွဲကို ဩဂုတ် ၁၈ ရက်က ရုံးအမ်းဘုံကျောင်းခန်းမတွင် ပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (ပြည်ထောင်စုဝန်ကြီးရုံး)ကိုယ်စား စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်



ဒေါက်တာရဲတင့်ထွန်း၊ ညောင်လေးပင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေး၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က မဒေါက်ဒေသရှိ ရေဘေးသင့်ပြည်သူများအား လာရောက်လှူဒါန်းပေးသည့် APTERR ကို ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ပြောင်းလဲသက်ရောက်လျက်ရှိသည့် ရာသီဥတု၏ နှစ်စဉ်ကြုံတွေ့ရနိုင်မှုအပေါ် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်အစီအစဉ်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စား စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက အာဆီယံအပေါင်း(၃) အရေးပေါ်အရန်ဆန်ရိက္ခာထောက်ပံ့လှူဒါန်းရခြင်းနှင့် ရေဘေးသင့်ပြည်သူများအား အရေးပေါ်အခြေအနေပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် ဆက်လက်ကူညီမှုဆိုင်ရာအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ရေဘေးသင့်ပြည်သူများအတွက် APTERR အစီအစဉ်အရ လှူဒါန်းသောဆန်များကို လွှဲပြောင်းပေးအပ်ရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား တိုင်းဒေသကြီးဝန်ကြီး ဦးအောင်ဇော်နိုင်က လက်ခံရယူပြီး (ဝဲပုံ) ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ တာဝန်ရှိသူများက လှူဒါန်းထားသော ဆန်များကို သက်ဆိုင်ရာကိုယ်စားလှယ်များထံ ထောက်ပံ့ပေးအပ်သည်။

အဆိုပါဆန်များကို မဒေါက်ဒေသရှိ ရေဘေးသင့် အိမ်ထောင်စုပေါင်း ၁၇၈၀ စုရှိ လူဦးရေ ၉၂၄၄ ဦးအား အညီအမျှ ထောက်ပံ့လှူဒါန်းသွားမည် ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သိမ့်သိမ့်မိုး**



# ဘိုကလေးမြို့နယ် ညီနောင်ကျေးရွာတွင် ရေငံတားတမံကျိုးပေါက်မှုကြောင့် လယ်များ ရေလွှမ်း

**ဘိုကလေး ဩဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ဟေမာန်ညီနောင်ကျေးရွာအုပ်စု ညီနောင်ကျေးရွာတွင် ဘုံးဘောရေငံတားတမံကျိုးပေါက်မှုကြောင့် **(အပေါ်ပုံ)** လယ်မြေများ ရေလွှမ်းမိုးမှု ဖြစ်ပွားလျက်ရှိသည်။

အဆိုပါတမံသည် ၂၀၁၅ ခုနှစ်တွင် ဆည်မြောင်းဦးစီးဌာနက ကြီးကြပ်၍ ပိတ်ဆို့ထားခြင်းဖြစ်ပြီး ဩဂုတ် ၁၇ ရက် ည ၁၁ နာရီခွဲခန့်တွင် ကျိုးပေါက်သွားခဲ့ရာ ဒေသခံလယ်သမားများ ဝိုင်းဝန်းပိတ်ဆို့ခဲ့သော်လည်း တားဆီးနိုင်ခြင်းမရှိကြောင်း၊ ယခုအခါ တမံကျိုးပေါက်မှုကြောင့် ဟေမာန်ညီနောင်ကျေးရွာအုပ်စု ကွင်းအမှတ် ၈၇၆ နှင့် ၈၇၈ တို့ရှိ လယ်သမားများလုပ်ကိုင်လျက်ရှိသည့် လယ်မြေဧက ၄၇၀ ခန့် ရေလွှမ်းခံနေရကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

# ချောင်းဦးမြို့နယ်တွင် မိုးသည်းထန်မှုကြောင့် မုံရွာ-မန္တလေး ကားလမ်းမကြီး ရေကျော်ပြီး လူနေအိမ်အချို့ရေနစ်မြုပ်

**ချောင်းဦး ဩဂုတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယနေ့ နံနက် ၄ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချောင်းဦးမြို့ပေါ်ရှိ မြို့သစ်ရပ်ကွက်မှ ဘူတာ၊ တမာမြိုင်ရပ်ကွက်မှ ရွာထောင်နှင့် ဆံတော်ဆွဲ၊ မြို့မရပ်ကွက်မှ အရှေ့မအုပ်ရပ်ကွက်များတွင် ရေလွှမ်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါရေများသည် ချောင်းဦးမြို့နယ် သန်းပင်ကန်ကျေးရွာ၊ ကိုးတောင်ကန်ကျေးရွာများမှတစ်ဆင့် ချောင်းရေများအဖြစ် ဝင်ရောက်လာခြင်းဖြစ်ပြီး မုံရွာ-မန္တလေးကားလမ်း ပြည်သူ့ဆေးရုံရှေ့မှ အေးရိပ်မွန်(၂) မိဘမဲ့မိန်းကလေးကျောင်းလမ်းခွဲအထိ ရေကျော်ခဲ့ပြီး ဘူတာ၊ ရွာထောင်၊ ဆံတော်ဆွဲနှင့် အရှေ့မအုပ်ရပ်ကွက်တို့မှ လူနေအိမ်များ၊ ဌာနဆိုင်ရာရုံးများနှင့် ဘုန်းကြီးကျောင်းများ ရေကြီးနစ်မြုပ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းကဲ့သို့ မြို့ပေါ်ရပ်ကွက်များတွင် ရေဝင်ပြီး **(အောက်ပုံ)** လူနေအိမ်များ နစ်မြုပ်ခဲ့သည့် ဖြစ်စဉ်သည် နှစ်ပေါင်း ၃၀ အတွင်း ပြန်လည်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရေနစ်မြုပ်ခဲ့သော ရေဘေးသင့် ပြည်သူများအတွက် ချောင်းဦးမြို့ပေါ်မှ လူမှုကူညီရေးပရဟိတအဖွဲ့များက ထမင်းထုပ်များ ဝေငှပေးလျက်ရှိသည်။

မိုးသည်းထန်စွာ ရွာခဲ့မှုကြောင့် ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာ မုံရွာ-မန္တလေး ကားလမ်းပေါ်ရှိ ကွဲကျချောင်းရေကျော်တွင် ရေကျော်နေ၍ ယာဉ်ကြီး၊ ယာဉ်ငယ်များ ဖြတ်သန်းသွားလာနေမှုကို နံနက် ၈ နာရီမှစတင်၍ ခေတ္တရပ်နားထားခဲ့ရပြီး နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် ရေကျသွား၍ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ခဲ့ကြောင်း သိရသည်။

**ချောင်းဦး(ပြန်/ဆက်)**



# သန်လျင်မြို့နယ်တွင် မိုးသည်းထန်၍ ရပ်ကွက်နှင့် ကျေးရွာအချို့ရေကြီးရေလျှံ

**ရန်ကုန် ဩဂုတ် ၂၁**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် ယနေ့ မွန်းလွဲပိုင်းက မိုးသည်းထန်စွာရွာမှုကြောင့် လမ်းမကြီးအချို့နှင့် ရပ်ကွက်နှင့် ကျေးရွာ လူနေအိမ်အချို့၌ ရေများဝင်ခဲ့သည်။

"ဒီနေ့ မွန်းလွဲပိုင်း ရွာတဲ့မိုးက ရေတော်တော်များပါတယ်။ ရေနဲ့အတူ အမှိုက်တွေ မျောပါလာတယ်။ အဲဒီအမှိုက်တွေနဲ့ ရေတွေက အိမ်တွေနဲ့ ဆိုင်တွေကိုဝင်လာလို့ တံမြက်စည်းတွေနဲ့ လှည်းထုတ်နေရတယ်။ အခုလိုမိုးများရင် အမှိုက်တွေ လမ်းပေါ်နဲ့ အိမ်တွေထဲမဝင်အောင် လူတစ်ဦးချင်းက အမှိုက်တွေကို သတ်မှတ်ထားတဲ့ အမှိုက်ပုံးတွေထဲကို ထည့်ပေးစေချင်ပါတယ်" ဟု ရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။

အဆိုပါ မိုးကြောင့် သန်လျင်မြို့ မြို့မတောင်ရပ်ကွက် ဗိုလ်ချုပ်နေဝင်းလမ်း၊ ဖို့မြေလမ်း၊ သတိပဋ္ဌာန်လမ်းမကြီးတို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး ရပ်ကွက်နှင့် ကျေးရွာ လူနေအိမ်အချို့အတွင်းသို့ ရေများဝင်ခဲ့ကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မျက်မမြင်အနှိုပ်စနစ် ဖွံ့ဖြိုးတိုးတက်ရေး Japan Heart အဖွဲ့အစည်းနှင့် တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၂၁

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှူးရုံး၌ Japan Heart အဖွဲ့အစည်းနှင့် တွေ့ဆုံသည်။**

**မျက်မမြင်အနှိုပ်စနစ်ဖွံ့ဖြိုးတိုးတက်ရေး**

တွေ့ဆုံစဉ် ဂျပန်နိုင်ငံမှ မသန်စွမ်းသူများ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့် ရင်းနှီးစွာ လက်တွဲဆောင်ရွက်နေမှု၊ အမြင်အာရုံ မသန်စွမ်းသူများအတွက် မျက်မမြင် အနှိုပ်စနစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်ကိစ္စ၊ မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ဥပဒေရေးရာကိစ္စ၊ မျက်မမြင်အကြောပြင်အနှိုပ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စ၊ မြန်မာနိုင်ငံရှိ မျက်မမြင်လူငယ်များအတွက် အနှိုပ်ပညာရပ် အနှိုပ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စ၊ မျက်မမြင်ဆေးပညာရပ်ဖွံ့ဖြိုးရေးအတွက် အကြောပြင် ပညာရှင်များအတွက် စံသင်ရိုးညွှန်းတမ်းမိတ်ဆက်ရန်နှင့် လိုက်နာရန်စည်းမျဉ်းများဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

**ရေဘေးသင့်ဒေသများအတွက် ငွေလှူ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (Day Care Centre)၌ ကျင်းပသော ရေဘေးသင့်ဒေသများအတွက် အလှူငွေလှူဒါန်းပွဲသို့ တက်ရောက်ပြီး သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (Day Care Centre) မှ ဘိုးဘွားများက စုပေါင်းလှူဒါန်းသော ငွေကျပ်ငါးသိန်းကို လက်ခံခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး Japan Heart အဖွဲ့အစည်းနှင့် တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၁**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား ယနေ့မွန်းလွဲ ၃ နာရီတွင် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**



တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ဒေသထုတ်ကုန်များအဆင့်မီစေရေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာအောင်ရဲဇော်က တင်ပြဆွေးနွေးသည်။ ထို့နောက် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးယောဆက်က တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် မူဝါဒများချမှတ်၍ ရေရှည်ဆောင်ရွက်နိုင်ရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး၊ တိုင်းရင်းသားဒေသထုတ်ကုန်များ အဆင့်မီစေရေးအပါအဝင် ၂၀၂၀ ပြည့်နှစ်တွင် တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်နှင့် သွေးချင်းတို့ရဲ့ပွဲတော်ဆီ ပွဲတော်ကျင်းပနိုင်ရေး၊ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းရုံးဖွင့်လှစ်နိုင်ရေးအတွက် မြေနေရာရရှိရေး၊ တိုင်းရင်းသားအများပိုင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ တိုင်းရင်းသားလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး၊ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ (ရန်ကုန်) ဖွံ့ဖြိုးတိုးတက်ရေးတွင် တိုင်းရင်းသားလူမျိုးစုများ ပါဝင်နိုင်ရေးကိစ္စရပ်များကို တင်ပြဆွေးနွေးသည်။

**စီမံချက်ရေးဆွဲတင်ပြရန် လိုအပ်**

ယင်းနောက် ဒုတိယဝန်ကြီး ဦးလှမော်ဦးက ၂၀၂၀ ပြည့်နှစ်တွင် တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို နိုင်ငံတော်အဆင့် ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက စီမံချက်ရေးဆွဲတင်ပြရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းရုံးများ ဖွင့်လှစ်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း ကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးကြသည်။

**ပြည်ပပို့ကုန်အဖြစ် ရောက်ရှိနိုင်ရေး**

ဆွေးနွေး တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံရှိ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး ဦးတည်၍ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဒေသအလိုက် အငယ်စား၊ အသေးစား၊ အလတ်စားဒေသထွက်ကုန်များကို စုစည်းပြီး ပြည်ပပို့ကုန်အဖြစ်သို့ ရောက်ရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ သွေးချင်းတို့ရဲ့ပွဲတော်ဆီပွဲတော်ကိုလည်း အောင်မြင်စွာကျင်းပနိုင်ရေး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**




**ဩဂုတ် ၂၁ ရက်က မွန်ပြည်နယ် ရေဘေးသင့် ပြည်သူများအတွက် Perfect Youths လူငယ်ပရဟိတအဖွဲ့နှင့် မြန်မာနိုင်ငံ စာရေးဆရာသမဂ္ဂတို့ပူးပေါင်းစီစဉ်သည့် ရေဘေးကူညီထောက်ပံ့မှုအတွက် ပရဟိတစာအုပ်ရောင်းလှူပွဲကို ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှေ့၌ ကျင်းပနေစဉ်။**

ထင်ပေါ်ဝင်း(ကမာရွတ်)



## ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၈-၂၀၁၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၁ ပါ မန္တလေးမြို့၌ အစားအသောက်၊ ဆေးဝါး၊ အလှကုန်နှင့် ဆေးပစ္စည်းဆိုင်ရာလူထုအသိပညာပေးပြပွဲကျင်းပမည်သတင်းတွင် ကျင်းပမည့်ရက် ဩဂုတ် ၂၀ ရက် နှင့် ၂၁ ရက်အစား **စက်တင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်**ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်း**

## ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေ

**နေပြည်တော် ဩဂုတ် ၂၁-** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။ **မိုး/ဇလ**

# နိုင်ငံတကာပွဲများအတွက် မြန်မာ့လက်ရွေးစင်အသင်းနှင့် ယူ-၂၂ အသင်းတို့ လေ့ကျင့်ပြင်ဆင်

**ရန်ကုန် ဩဂုတ် ၂၁**

မြန်မာ့လက်ရွေးစင်အသင်းနှင့် မြန်မာ ယူ-၂၂ အသင်းသည် စက်တင်ဘာလတွင် ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပွဲများအတွက် စခန်းဝင်လေ့ကျင့်မှုများ စတင်ပြုလုပ်နေပြီ ဖြစ်သည်။

ယင်းနှစ်သင်းစလုံးသည် ဩဂုတ် ၁၉ ရက်တွင် စတင်လေ့ကျင့်ခဲ့ပြီး လက်ရွေးစင်အသင်း၌ ရွေးချယ်ခံထားရသည့် ထိုင်းလိဂ်တွင် သွားရောက်ကစားနေသူများမှာ ဩဂုတ်လစတုတ္ထပတ်မှ အသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ရာဒူလိုဗစ်သည် စက်တင်ဘာတွင် ကစားမည့် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲအတွက် ပဏာမကစားသမား ၃၅ ဦးဖြင့် ဖွဲ့စည်းထားပြီး ဇွန်လက စင်ကာပူလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကစားခဲ့သည့် လူစာရင်းမှ ကစားသမားအများစု ပြန်လည်ပါဝင်လာသည်။ မြန်မာ့လက်ရွေးစင်အသင်းတွင် **ဂိုးသမား**- ကျော်ဇင်ထက်၊ ဆန်းဆက်နိုင် (ရန်ကုန်)၊ ကျော်ဇင်ဖြိုး (ရှောဝတီ)၊ ပြည့်လျှံအောင် (ရတနာပုံ)၊ ပြည့်ဖြိုးအောင် (Southern)၊ **နောက်တန်း**- ဇော်မင်းထွန်း (ချောင်ဘူရီ)၊ စိုးမိုးကျော်၊ ဇော်လင်း၊ ကျော်ဇင်လွင် (ရှောဝတီ)၊ ဇော်ရဲထွန်း၊ သိန်းသန်းဝင်း (ရတနာပုံ)၊ ပြည့်ဖြိုးဇော် (ရန်ကုန်)၊ ဒေးဗစ်ဒန်း၊ နန္ဒကျော်၊ ဟိန်းသီဟဇော် (ရှမ်းယူနိုက်တက်)၊ ရွှေလိှုင်ဝင်း (ဟံသာဝတီ)၊ အောင်ဝဏ္ဏစိုး (ဇွဲကပင်)၊ **အလယ်တန်း**- ရန်အောင်ကျော်၊ မောင်မောင်လွင် (ရန်ကုန်)၊ လွင်မိုးအောင်၊ တင်ဝင်းအောင် (ရှောဝတီ)၊ ကြည်လင်း၊ ဇွန်မိုးအောင် (ဇွဲကပင်)၊ သန်းထက်အောင် (ဆာမတ်ဆာခွန်)၊ လှိုင်းဘိုဘို၊ စည်သူအောင် (ရတနာပုံ)၊ ဆွမ်လမန် (ရှမ်းယူနိုက်တက်)၊ ရန်နိုင်အောင် (ဟံသာဝတီ)၊ **ရှေ့တန်း**- ကျော်ကိုကို (ဆာမတ်ပရာခန်)၊ အောင်သူ (မြောင်တောင်)၊ ဝင်းနိုင်စိုး (ရတနာပုံ)၊ သန်းပိုင် (ရန်ကုန်)၊ အောင်ကောင်းမာန် (ရှောဝတီ)၊ ပြည်မိုး (မကွေး)နှင့် ကောင်းစည်သူ (Southern) တို့ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် စက်တင်ဘာ ၅ ရက်တွင် မွန်ဂိုလီးယားအသင်းနှင့် အဝေးကွင်း၊ စက်တင်ဘာ ၁၀ ရက်တွင် ဂျပန်အသင်းနှင့် အိမ်ကွင်း ကစားရမည်ဖြစ်ပြီး ယင်းပွဲများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဩဂုတ် ၃၀ ရက်တွင် တရုတ်လက်ရွေးစင်အသင်းနှင့် တရုတ်နိုင်ငံ၌ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ကစားသမား ၃၆ ဦးဖြင့် ဖွဲ့စည်းထား**

မြန်မာ ယူ-၂၂ အသင်းကို ကစားသမား ၃၆ ဦးဖြင့် ဖွဲ့စည်းထားပြီး နည်းပြချုပ် ပိုပေါ့ဗ်သည် ယခုနှစ်အတွင်း ဖွဲ့စည်းခဲ့သည့်အသင်းမှ ကစားသမားအများစုကို အခြေခံကာ ကစားသမားသစ်များဖြင့် ပေါင်းစပ်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းတွင် **နည်းပြချုပ်**-ပိုပေါ့ဗ်၊ **လက်ထောက်နည်းပြ**-ဦးချစ်နိုင်၊ ဦးဇော်ဝင်းထွန်း၊ **ဂိုးနည်းပြ**- ဦးအောင်ကျော်ကျော်၊ ကစားသမားများအဖြစ် **ဂိုး**- ဘုန်းသစ္စာမင်း (ရှမ်းယူနိုက်တက်)၊ ဆန်းဆက်နိုင် (ရန်ကုန်)၊ စိုးအာကာ (မကွေး)၊ ထွန်းနန္ဒဦး (မြဝတီ)၊ ဇင်ညီညီအောင် (အား/ကာသိပ္ပံ)၊ **နောက်တန်း**- သူရိန်စိုး၊ ထူးခန့်လွင် (ရန်ကုန်)၊ ဇင်ရဲနောင်၊ စိုးထက်ဝင်း၊ သန်းထိုက်ဇင် (အား/ကာသိပ္ပံ)၊ အောင်ဝဏ္ဏစိုး၊ ကျော်ဖြိုးဝေ (ဇွဲကပင်)၊ ရဲရင့်အောင် (ရတနာပုံ)၊ ရဲမင်းသူ၊ ဟိန်းဖြိုးဝင်း (ရှမ်းယူနိုက်တက်)၊ ကျော်သူထွန်း (မကွေး)၊ **အလယ်တန်း**-ပြည့်မောင်မောင်၊ ကျော်မျိုးနိုင်၊ မင်းမြတ်စိုး၊ ဝေလင်းအောင် (အား/ကာသိပ္ပံ)၊ မျိုးမင်းဖြိုး(စစ်ကိုင်း)၊ လွင်မိုးအောင် (ရှောဝတီ)၊ နေမိုးနိုင်၊ ဇင်မင်းထွန်း၊ စိုးလွင်လွင် (မကွေး)၊ မြတ်ကောင်းခန့်၊ အောင်နိုင်ဝင်း (ရတနာပုံ)၊ ကောင်းထက်စိုး (ရန်ကုန်)၊ **ရှေ့တန်း**- အောင်ကောင်းမာန် (ရှောဝတီ)၊ ပြည့်စုံနိုင်၊ ဝင်းနိုင်ထွန်း (ရတနာပုံ)၊ ထက်လင်းလင်း၊ ဟိန်းထက်အောင် (ဟံသာဝတီ)၊ ထက်ဖြိုးဝေ၊ စအောင်ပြည့်ကို (ရှမ်းယူနိုက်တက်)နှင့် သန့်ဇင်မြင့် (အား/ကာသိပ္ပံ) တို့ ပါဝင်ကြသည်။ မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ် ပိုပေါ့ဗ်သည် လိဂ်ပြိုင်ပွဲအသီးသီးတွင် ခြေစွမ်းပြကစားနေသည့် ကစားသမားများကို ဇူလိုင်လဆန်းမှ ဩဂုတ်လလယ်အထိ စမ်းသပ်လေ့ကျင့်မှုများ ပြုလုပ်ပြီးနောက် ပဏာမလူစာရင်းတွင် ကစားသမားသစ်များ ထည့်သွင်းရွေးချယ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဩဂုတ် ၁၉ ရက်တွင် စတင်လေ့ကျင့်မည်ဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲအတွက် စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် စက်တင်ဘာ၊ အောက်တိုဘာနှင့် နိုဝင်ဘာတွင် နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အောက်တိုဘာလ တတိယပတ်တွင် ကာတာနိုင်ငံ၌ သွားရောက်လေ့ကျင့်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ကမ္ဘာ့ ဂျူဒိုချန်ပီယံရှစ်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာဂျူဒိုအဖွဲ့ ဂျပန်နိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၂၁**

ဂျပန်နိုင်ငံ၌ ကျင်းပသည့် ၂၀၁၉ ခုနှစ် Tokyo Congress နှင့် World Judo Championship ပြိုင်ပွဲသို့ တက်ရောက်ရန် ယနေ့ညပိုင်းက မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်း ဦးဆောင်သော အားကစားအဖွဲ့သည် ဂျပန်နိုင်ငံသို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်း ဦးဆောင်သောအဖွဲ့တွင် အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးဦးခိုင်၊ အလုပ်အမှုဆောင် ဦးဇော်ထွန်းအောင်၊ နည်းပြချုပ် မစ္စတာအိုရှီးမား၊ အလုပ်အမှုဆောင် ဦးမင်းသိန်း (အသင်းမန်နေဂျာ)နှင့် အားကစားသမားများဖြစ်ကြသော ၆၆ ကီလိုတန်း အောင်ဇေယျာထွန်း၊ ၁၀၀ ကီလိုတန်း ဇော်မျိုးဦး၊ ၅၂ ကီလိုတန်း ခင်ခင်စု၊ ၇၈ ကီလိုတန်း ခင်မျိုးသူတို့ လိုက်ပါသွားကြသည်။

အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်း ဦးဆောင်သောအဖွဲ့သည် အပြည်ပြည်ဆိုင်ရာ ဂျူဒိုအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ကွန်ဂရက်အစည်းအဝေးအပြင် ဆက်စပ်အစည်းအဝေးများ ဖြစ်သော ကိုဒိုကန် မြန်မာကော်မတီဖွဲ့စည်းရေး စာချုပ်ချုပ်ဆိုခြင်း ၅၅ နှစ်ပြည့် အိုလံပစ်အထိမ်းအမှတ်ပွဲ၊ ဂျပန်ဖောင်ဒေးရှင်း အာရှစင်တာ အစည်းအဝေးများကို တက်ရောက်ပြီး ဂျပန်နိုင်ငံ ကိုဒိုကန်ဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ အာရှဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌတို့ကို သီးခြားစီတွေ့ဆုံပြီး မြန်မာ့ဂျူဒိုအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါအဖွဲ့တွင် မြန်မာ့ဂျူဒိုအားကစား မောင်မယ်များသည် ပထမဦးဆုံးအကြိမ်အဖြစ် ကမ္ဘာ့အဆင့်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်း ဖြစ်သည်။ ဆုတံဆိပ်ရရှိရေးထက် အတွေ့အကြုံကောင်းများရရှိရေး၊ မြန်မာ့ဂျူဒိုအားကစားလောကကို ကမ္ဘာ့ဂျူဒိုအဖွဲ့ချုပ်က ရင်းနှီးခင်မင်စွာ သိရှိနိုင်ရေးတို့ကိုရည်ရွယ်၍ သွားရောက်ခြင်းဖြစ်သည်။ အားကစားသမားများအနေဖြင့် အတွေ့အကြုံကောင်းများရရှိပြီး လာမည့် အကြိမ် (၃၀) မြောက် ဆီးဂိမ်းအောင်မြင်ရေးအတွက် များစွာအထောက်အကူရရှိခြင်းနှင့် ၂၀၂၀ တိုကျိုအိုလံပစ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက်လည်း အထောက်အကူများရရှိမည်ဟု အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးဦးခိုင်က ပြောကြားသည်။

ကွန်ဂရက်အစည်းအဝေးကို ဩဂုတ် ၂၂ ရက်တွင် ကျင်းပမည်ဖြစ်ပြီး World Championship ပြိုင်ပွဲကို ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံပေါင်း ၁၅၁ နိုင်ငံမှ အမျိုးသားအားကစားသမား ၅၃၇ ဦး၊ အမျိုးသမီးအားကစားသမား ၃၅၂ ဦး၊ စုစုပေါင်း ၈၈၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ကမ္ဘာ့ဂျူဒိုပြိုင်ပွဲများ ကျင်းပသည့်အနက် အားကစားသမားအများဆုံး ဝင်ရောက်ယှဉ်ပြိုင်သည့် ပွဲကြီးတစ်ပွဲဖြစ်ပြီး ၂၀၂၀ တိုကျိုအိုလံပစ်ပြိုင်ပွဲကျင်းပမည့် နီပွန်ဘူဒိုကန် အားကစားရုံကြီးတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စောသိန်းဝင်း**




ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မြန်မာဂျူဒိုအဖွဲ့အား တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်စဉ်။

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**စာချုပ်သစ်ချုပ်ဆိုရန် ဒေါ့မွန်အသင်းနှင့် ဆန်ချို သဘောတူညီ**

ဒေါ့မွန်အသင်းမှ အင်္ဂလန်တောင်ပံကစားသမား ဆန်ချိုသည် အပိုဆုကြေးအပါအဝင် တစ်ပတ် ပေါင် ၁၉၀၀၀၀ ဖြင့် စာချုပ်သစ်ချုပ်ဆိုရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ မန်ယူအသင်းက ခေါ်ယူရန် စိတ်ဝင်စားခြင်းခံခဲ့ရသော အသက် (၁၉ နှစ်)အရွယ် ဆန်ချိုသည် ပြီးခဲ့သည့် ရာသီတွင် ဒေါ့မွန်အသင်းအတွက် ၁၃ ဂိုးသွင်းယူပေးထားပြီး ဒေါ့မွန်အသင်းကို ရာသီပြီးဆုံးချိန်၌ ဒုတိယနေရာတွင် ရပ်တည်နိုင်အောင် ကူညီပေးထားနိုင်ကြောင်း ဖော်ပြထားသည်။

**ရစ်ဘာရီ ဖီအိုရင်တီးနားအသင်းသို့ ပြောင်းရွှေ့**

ဘိုင်ယန်မြူးနစ်တောင်ပံကစားသမား ရစ်ဘာရီ (၃၆နှစ်) သည် ဖီအိုရင်တီးနားအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ရောက်ရှိသွားပြီဖြစ်ကြောင်း ဘီဘီစီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**မိုနာကိုအသင်းသို့ စလီမာနီ အငှားပြောင်းရွှေ့**

လက်စတာစီးတီးတိုက်စစ်ကစားသမား စလီမာနီ (၃၁နှစ်) သည် ပြင်သစ်ကလပ် မိုနာကိုအသင်းသို့ ရာသီကုန်အထိ အငှားပြောင်းရွှေ့သွားပြီဖြစ်ကြောင်း ဘီဘီစီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**ဇက်ပါကော်စတာ ရိုးမားအသင်းသို့ အငှားပြောင်းရွှေ့မည်**

ချယ်လ်ဆီးညာခံစစ်ကစားသမား ဇက်ပါကော်စတာသည် ရိုးမားအသင်းသို့ တစ်ရာသီအငှားဖြင့် ပြောင်းရွှေ့ဖွယ်ရှိကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ အသက် (၂၇ နှစ်)အရွယ် အီတလီကစားသမားသည် ၎င်း၏ အပြောင်းအရွှေ့ကို အပြီးသတ်ရန်အတွက် ရောမသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဖော်ပြထားသည်။

**ဖီနာဘာချီအသင်း ရိုဂျီကို အငှားခေါ်ယူလို**

တူရကီကလပ် ဖီနာဘာချီအသင်းသည် မန်ယူအသင်းမှ အာဂျင်တီးနား ခံစစ်ကစားသမား ရိုဂျို (၂၉နှစ်) ကို အငှားခေါ်ယူလိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အေစီမီလန်အသင်းသို့ ဂျိုဗစ် အငှားပြောင်းရွှေ့ဖွယ်ရှိ**

ရီးရဲမက်ဒရစ်တိုက်စစ်ကစားသမား လူကာဂျိုဗစ်သည် ဘာနေဖျူးသို့ ပေါင် ၆၂ သန်းဖြင့် ရောက်ရှိလာပြီးနောက် နှစ်လအကြာတွင် အေစီမီလန်အသင်းသို့ အငှားပြောင်းရွှေ့ဖွယ်ရှိကြောင်း အီတလီအခြေစိုက်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

**လီမီနာကို အငှားခေါ်ယူရန် သဘောတူညီမှုရရှိ**

မိုနာကိုအသင်းသည် ဆောက်သမ်တန်အသင်းမှ ဂါဘွန်ကွင်းလယ်ကစားသမား မာရီယိုလီမီနာ (၂၅နှစ်) ကို အမြဲတမ်းဝယ်ယူခွင့်အပါအဝင် တစ်ရာသီအငှားခေါ်ယူရန် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း ပြင်သစ်အခြေစိုက်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

**အောင်ဇော်**

❇ *ကျော်ဖုံးမှ*

ရန်ကုန်မြို့၌ အပြီးသတ်လေ့ကျင့်ပြင်ဆင်မည်ဖြစ်သည်။ ဗီယက်နမ် ယူ-၁၅ ဖိတ်ခေါ်ပြိုင်ပွဲတွင် အိမ်ရှင်ဗီယက်နမ်အသင်းအပါအဝင် ဥရောပမှ ရုရှားအသင်း၊ အာရှမှ တောင်ကိုရီးယားနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို လေးသင်းပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များအဖြစ် ဩဂုတ် ၂၆ ရက်တွင် မြန်မာနှင့် ဗီယက်နမ်၊ ရုရှားနှင့် တောင်ကိုရီးယား၊ ဩဂုတ် ၂၈ ရက်တွင် မြန်မာနှင့် တောင်ကိုရီးယား၊ ဗီယက်နမ်နှင့် ရုရှား၊ ဩဂုတ် ၃၀ ရက်တွင် မြန်မာနှင့် ရုရှား၊ ဗီယက်နမ်နှင့် တောင်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာ ယူ-၁၅ အသင်းသည် စက်တင်ဘာလတွင် ယှဉ်ပြိုင်ရမည့် ၂၀၂၀ အာရှ ယူ-၁၆ ခြေစစ်ပွဲအတွက် ပြင်ဆင်နေခြင်းဖြစ်ပြီး ဖိတ်ခေါ်ပြိုင်ပွဲနှစ်ခု ဆက်တိုက်ယှဉ်ပြိုင်နေခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဩဂုတ် ၁၄ ရက်မှ ၁၈ ရက်အထိ မန္တလေးမြို့၌ ကျင်းပသည့် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အင်ဒိုနီးရှားကို နှစ်ဂိုး-ဂိုးမရှိ၊ တောင်ကိုရီးယားအသင်းကို သုံးဂိုး-တစ်ဂိုး၊ မွန်တီနီဂရိုးအသင်းကို သုံးဂိုး-တစ်ဂိုးတို့ဖြင့် ရှုံးနိမ့်ခဲ့သည်။

**ညီမြတ်သော်တာ**

● *ကျော်ဖုံးမှ*

စံချိန် ၉ မိနစ် ၂၇ ဒသမ ၉၈၀ စက္ကန့်ဖြင့် ပထမ(ရွှေ)၊ တရုတ်အသင်းက စံချိန် ၉ မိနစ် ၃၂ ဒသမ ၈၄၀ စက္ကန့်ဖြင့် ဒုတိယ(ငွေ)၊ သြစတြေးလျအသင်းက စံချိန် ၉ မိနစ် ၅၀ ဒသမ ၂၂၀ စက္ကန့်ဖြင့် တတိယ(ကြေး)တံဆိပ်ဆုရ ရှိခဲ့ကြပြီး ယူ-၂၄ အမျိုးသားအလွတ်တန်းပြိုင်ပွဲ၌ ထိုင်းကစံချိန် ၉ မိနစ် ၂၂ ဒသမ ၅၁၅ စက္ကန့်ဖြင့် ပထမ(ရွှေ)၊ မြန်မာအသင်းက စံချိန် ၉ မိနစ် ၃၉ ဒသမ ၀၉၃ စက္ကန့်ဖြင့် ဒုတိယ(ငွေ)၊ ထိုင်းအသင်းက စံချိန် ၉ မိနစ် ၃၉ ဒသမ ၇၆၇ စက္ကန့်ဖြင့် တတိယ(ကြေး) တံဆိပ်ဆုဖြင့်လည်းကောင်း၊ မီတာ ၂၀၀၀ Small Boat အမျိုးသမီး ယူ-၂၄ ၌ မြန်မာအသင်းက စံချိန် ၁၀ မိနစ် ၂၈ ဒသမ ၇၉၇ စက္ကန့်ဖြင့် ပထမ(ရွှေ)၊ ထိုင်းအသင်းက ၁၀ မိနစ် ၃၁ ဒသမ ၈၅၄ စက္ကန့်ဖြင့် ဒုတိယ(ငွေ)၊ အမေရိကန်အသင်းက စံချိန် ၁၀ မိနစ် ၅၁ ဒသမ ၂၇၃ စက္ကန့်ဖြင့် တတိယ(ကြေး)တံဆိပ်ဖြင့်လည်းကောင်း၊ အမျိုးသမီး မီတာ ၂၀၀၀ (၁၀)တက်ပြိုင်ပွဲ၌ ပထမထိုင်း၊ ဒုတိယတရုတ်နှင့် တတိယ မြန်မာတို့ကလည်းကောင်း၊ အမျိုးသားမီတာ ၂၀၀၀ (၁၀)တွင် Premier Mixed ဗိုလ်လုပွဲ၌ မြန်မာအသင်းက စတုတ္ထရရှိပြီး အီတလီအသင်းက ပထမ၊ ထိုင်းအသင်းက ဒုတိယ၊ ကနေဒါအသင်းက တတိယ အသီးသီးရရှိခဲ့ကြကြောင်း သိရသည်။

"ပြိုင်ပွဲက ကမ္ဘာ့အင်အားကြီးနိုင်ငံတွေပါသလို အာရှ၊ အရှေ့တောင်အာရှနိုင်ငံတွေလည်းပါတယ်။ အမြင့်ဆုံးပြိုင်ပွဲဖြစ်တဲ့အတွက် ထပ်မံအကောင်း ဆုံးပြင်ဆင်ထားပြီး ရွှေတံဆိပ်ငါးခုနဲ့ ခုနစ်ခုလောက်မှန်းထားပါတယ်"ဟု မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက ပြောသည်။ မြန်မာ့လက်ရွေးစင် ရိုးရာနဂါးလှေလှော် အားကစားသမားများသည် ဩဂုတ် ၂၂တွင် ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**အာကာစိုး**

# အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထပ်မံဖြန့်ကြက်မှုကြောင့် ဆန္ဒပြမှုများ ဖြစ်ပေါ်

**ဂျကာတာ ဩဂုတ် ၂၁**

အဆောက်အအုံများကို မီးရှို့ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသူများအကြား လမ်းများတွင် ရုန်းရင်းဆန်ခတ်ဖြစ်ပွားပြီးနောက် ဩဂုတ် ၂၁ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင် ၁၀၀၀ ကျော်ကို မငြိမ်မသက်ဖြစ်နေသည့် အင်ဒိုနီးရှားနိုင်ငံ အရှေ့ဘက်သို့ စေလွှတ်ခဲ့ရာ ယင်းကိစ္စနှင့် ပတ်သက်ပြီး မငြိမ်သက်မှုများ ထပ်မံဖြစ်ပေါ်နေကြောင်း သတင်းရရှိသည်။

အင်ဒိုနီးရှားစည်းမျဉ်း ဥပဒေများကို မကျေနပ်သည့်အတွက် ဆူပူအုံကြွမှုများ ဆယ်စုနှစ်အတော်ကြာဖြစ်ပွားနေသော နိုင်ငံအရှေ့ပိုင်းကို ငြိမ်သက်ရန် ဗဟိုအစိုးရက တောင်းဆိုလိုက်ကြောင်းလည်း သိရသည်။ လွန်ခဲ့သော ရက်သတ္တပတ်က ပါပူအာကျောင်းသားများအား ဖမ်းဆီးထိန်းသိမ်းမှုနှင့် ပတ်သက်ပြီး ယခုလို ဆန္ဒပြမှုများ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။



ဆန္ဒပြမှုများဖြစ်ပွားနေသည့် မနော့ခ်ဝါရီမြို့တစ်နေရာကို တွေ့ရစဉ်။

ဩဂုတ် ၂၁ ရက်က တီမီကာမြို့တွင် လူပေါင်း ၁၀၀၀ ခန့် လမ်းမများပေါ်ထွက်ကာ ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား ခဲများဖြင့် ပစ်ပေါက်ခြင်း၊ ပြည်နယ်လွှတ်တော်အဆောက်အအုံခြံစည်းရိုးများကို ဖျက်ဆီးခြင်းတို့ ပြုလုပ်ခဲ့ကြောင်း အဆိုပါနေရာတွင်ရှိနေသော အေအက်ဖ်ပီ သတင်းထောက်တစ်ဦးက သတင်းပေးပို့ထားသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆန္ဒပြသူများအား သတိပေးခြောက်လှန့်ပစ်ခတ်မှုများ ပြုလုပ်ခဲ့သောကြောင့် အဆိုပါလူအုပ်ကြီးသည် လူစုကွဲသွားခဲ့ကြောင်း သိရသည်။

ထို့အတူ အင်ဒိုနီးရှားကျွန်းအနောက်ဘက်ပိုင်း ဖက်ခ်ဖက်ခ်မြို့တွင်လည်း ဆန္ဒပြမှုများဖြစ်ပေါ်နေကြောင်း သိရသည်။ အဆိုပါ ကျွန်းမြို့လေးကို အင်ဒိုနီးရှားနိုင်ငံ အနောက်ဘက် ပါပူအာပြည်နယ်နှင့် ပါပူအာနယူးဂီနီနိုင်ငံတို့က နယ်နိမိတ်ပိုင်းခြားထားကြောင်း သိရသည်။

သဘာဝသယံဇာတများ ပေါကြွယ်ဝသော အင်ဒိုနီးရှားနိုင်ငံ မြို့အများအပြားတွင် ဆန္ဒပြမှုများဖြစ်ပွားခဲ့ရာ မနော့ခ်ဝါရီမြို့တွင်လည်း ဆန္ဒပြသူများက စီးပွားရေးအဆောက်အအုံများနှင့် လွှတ်တော်အဆောက်အအုံကိုလည်း မီးရှို့ခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆိုရောင်းမြို့တွင် ထောင်ဖောက်ပြေးသွားသော အကျဉ်းသား ၂၅၀ ကိုလည်း လိုက်လံရှာဖွေနေကြောင်း၊ ဆန္ဒပြမှုများတွင် ၎င်းအကျဉ်းသားများက မီးရှို့မှုများပြုလုပ်ခဲ့ကြောင်းလည်း ပြောကြားသည်။

ဆန္ဒပြမှုအတွင်း လုံခြုံရေးအရာရှိအတော်များများ ဒဏ်ရာရရှိခဲ့ကြကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောကြားသော်လည်း ဆန္ဒပြသူမည်မျှ ဒဏ်ရာရရှိကြောင်းကိုမူ အတည်ပြု ဖော်ပြနိုင်ခြင်းမရှိပေ။

ထို့အတူ ဆန္ဒပြမှုအတွင်း သေဆုံးသတင်းဖော်ပြခြင်းမျိုးလည်း မတွေ့ရသေးကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## ရုရှားနိုင်ငံ ဆိုင်ရာ အမေရိကန်သံအမတ်သစ်အဖြစ် ဆူလီဗန်ကို ရွေးချယ်ရန် စဉ်းစားနေကြောင်း ထရမ့်ပြော

**ဝါရှင်တန် ဩဂုတ် ၂၁**

ရုရှားနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်သစ်အဖြစ် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဂျွန်ဆူလီဗန်ကို ရွေးချယ်ရန် စဉ်းစားနေကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အတည်ပြုပြောကြားခဲ့သည်။

အမေရိကန်သံအမတ် ခန့်အပ်မှုများတွင် အရေးကြီးဆုံးနှင့် စိန်ခေါ်မှုအများဆုံးဖြစ်သည့် ရုရှားနိုင်ငံဆိုင်ရာ သံအမတ်ရာထူးအတွက် ဆူလီဗန်အမည်ကို တင်သွင်းရန် သမ္မတ ထရမ့်က ရည်မှန်းထားကြောင်း သတင်းထွက်ပေါ်လာပြီးနောက် ယမန်နေ့က အိမ်ဖြူတော်တွင် သတင်းထောက်များကို ထရမ့်က ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

လက်ရှိ ရုရှားနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် ဂျွန်ဟန့်စ်မင်းန်သည် မိမိအနေဖြင့် နှစ်နှစ်ကြာ တာဝန်ထမ်းဆောင်ပြီးနောက် ရာထူးမှ နုတ်ထွက်မည့်အကြောင်း ယခုလ အစောပိုင်းတွင် စာရေးသားဖော်ပြခဲ့သည့်အတွက် ယခုလို သံအမတ်သစ် အမည်စာရင်းကို တင်သွင်းရန် စဉ်းစားရခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ အောက်တိုဘာ ၃ ရက်တွင် မိမိ၏ ရာထူးတာဝန်ပြီးဆုံးမည်ဖြစ်သလို အမေရိကန်နှင့် ရုရှားနှစ်နိုင်ငံဆက်ဆံရေးသည် အရေးကြီးဆုံးကာလကို ရောက်ရှိလာပြီဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။

**အေအက်ဖ်ပီ**

## ဘရာဇီး၌ ဘတ်စ်ကားပြန်ပေးဆွဲသူကို ရဲတပ်ဖွဲ့က အသေပစ်ခတ်ဖမ်းဆီး

**ရီယိုဒီဂျနေရိုး ဩဂုတ် ၂၁**

ဘရာဇီးနိုင်ငံ မြို့တော်ရီယိုဒီဂျနေရိုးရှိ တံတားတစ်စီးပေါ်၌ ယမန်နေ့က ခရီးသည်များ အပြည့်တင်ဆောင်ထားသည့် ဘတ်စ်ကားတစ်စီး ပြန်ပေးဆွဲခံရမှုဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြန်ပေးဆွဲသူကို စနိုက်ပါဖြင့် အသေပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း နယ်မြေခံရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ခရီးသည်များအား ဒေသစံတော်ချိန် နံနက် ၅ နာရီခွဲတွင် ဓားစာခံအဖြစ် ခေါ်ဆောင်သွားခဲ့ပြီး လေးနာရီခန့်ကြာမြင့်ခဲ့ကြောင်း သိရသည်။ စုစုပေါင်း လူ ၃၁ ဦးကို ခေါ်ဆောင်သွားခဲ့ပြီး ၎င်းတို့အနက် အမျိုးသမီးလေးဦးနှင့် အမျိုးသားနှစ်ဦးတို့မှာ ရဲတပ်ဖွဲ့က ပြန်ပေးဆွဲသူကို ပစ်သတ်ခဲ့ပြီးနောက် ပြန်လွတ်လာခဲ့သည်။

ပစ်ခတ်ဖမ်းဆီးမှုအတွင်း ဓားစာခံတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း၊ သို့သော်လည်း အမျိုးသမီးတစ်ဦးမှာ မူးမေ့လဲကျခဲ့သည့်အတွက် ဆေးကုသမှုခံယူရန်လိုအပ်ကြောင်း နယ်မြေခံရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ ခရီးသည်တင်ယာဉ်သည် ဆော်ဂွန်ကာလိုမြို့မှ ရီယိုဒီဂျနေရိုးမြို့စွန်သို့ ထွက်ခွာလာခဲ့စဉ် ပြန်ပေးဆွဲခံရခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## တူရကီတပ်ဖွဲ့ ယာဉ်တန်းကို တိုက်ခိုက်ခဲ့သည့်အတွက် ဆီးရီးယားကို သတိပေး

**အန်ကာရာ ဩဂုတ် ၂၁**

ဆီးရီးယားတိုက်လေယာဉ်များက တူရကီတပ်ဖွဲ့ယာဉ်တန်းကို တိုက်ခိုက်ခဲ့သည့်အတွက် တူရကီနိုင်ငံခြားရေးဝန်ကြီး မက်ဗလပ်ကာဗူဆိုဂလူက ဆီးရီးယားအစိုးရကို သတိပေးလိုက်ကြောင်း သိရသည်။

တူရကီတပ်ဖွဲ့ယာဉ်တန်းသည် ဆီးရီးယားနိုင်ငံ အီဒလစ်ပြည်နယ် အတွင်းရှိ အမှတ်(၉) စောင့်ကြည့်ရေးစခန်းသို့ မောင်းနှင်လာစဉ် လေကြောင်းမှ တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်။ တိုက်ခိုက်မှုကြောင့် အရပ်သားသုံးဦးသေဆုံးခဲ့ပြီး ၁၂ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း တူရကီကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ဆီးရီးယားတိုက်လေယာဉ်များက တူရကီတပ်ဖွဲ့ယာဉ်တန်းကို တိုက်ခိုက်ခဲ့မှုသည် တူရကီနှင့် ရုရှားတို့အကြား သဘောတူညီထားမှုကို ဖောက်ဖျက်ရာရောက်ကြောင်း ဝေဖန်ခဲ့ပြီး တူရကီအနေဖြင့် တပ်ဖွဲ့ဝင်များ၏ လုံခြုံရေးအတွက် လိုအပ်သည့် နည်းလမ်းမှန်သမျှကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လတ်တလောတွင် အမှတ် (၉) စောင့်ကြည့်ရေးစခန်းကို ဖျက်သိမ်းမည်မဟုတ်ကြောင်း မက်ဗလပ်ကာဗူဆိုဂလူက ဩဂုတ် ၂၀ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# မြောက်ကိုရီးယားနှင့် နျူကလီးယားဆွေးနွေးမှု ပြန်စရန် အမေရိကန်အသင့်ဖြစ်ဟုဆို

**ဆိုးလ် ဩဂုတ် ၂၁**

မြောက်ကိုရီးယားနှင့် အလုပ်သဘောနျူကလီးယားဆွေးနွေးမှုကို ပြန်လည်စတင်ရန် အမေရိကန်ပြည်ထောင်စုအနေဖြင့် အဆင်သင့်ဖြစ်နေကြောင်း အမေရိကန်သံတမန်တစ်ဦးက ဩဂုတ် ၂၁ ရက်က ပြောလိုက်သည်။

ဝါရှင်တန်နှင့် ပြုံယမ်းတို့၏ ဒုတိယအကြိမ် နျူကလီးယားဆွေးနွေးမှုသည် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့တွင် မရေမရာနှင့် ပြီးဆုံးခဲ့သည့်အချိန်မှစကာ နှစ်နိုင်ငံ နျူကလီးယားဆွေးနွေးမှုများ အေးခဲနေရာမှ ယခုအခါတွင် ပြန်လည်ဆွေးနွေးမှုများ လုပ်ဆောင်ရန် အမေရိကန်ဘက်က အသင့်ဖြစ်နေပြီဟု အမေရိကန်သံတမန်တစ်ဦးက ပြောကြားလိုက်ခြင်းဖြစ်သည်။

ဒုတိယအကြိမ် နျူကလီးယားဆွေးနွေးမှုတွင် အမေရိကန်ဘက်က မြောက်ကိုရီးယားကို နျူကလီးယားလုံးဝကင်းစင်ရေး တောင်းဆိုခဲ့သလို အပြန်အလှန်အားဖြင့် မြောက်ကိုရီးယားဘက်ကလည်း ဒဏ်ခတ်ပိတ်ဆို့မှုများ ကင်းလွတ်ရန် တောင်းဆိုခဲ့ကြရာ နှစ်ဖက်အဆင်မပြေမှုများဖြင့် နိဂုံးချုပ်ခဲ့ရသည်။

သို့သော်လည်း အမေရိကန်နိုင်ငံနှင့် ၎င်း၏ လုံခြုံရေးမဟာမိတ်တောင်ကိုရီးယားနိုင်ငံတို့ ရက်သတ္တနှစ်ပတ်ကြာ ပူးတွဲစစ်ရေးလေ့ကျင့်မှုပြီးဆုံးသွားပြီးနောက် အမေရိကန်နိုင်ငံက ယခုလို မြောက်ကိုရီးယားနိုင်ငံနှင့် နျူကလီးယားဆွေးနွေးမှုလုပ်ဆောင်ရန် ပြန်လည်အစပြုလာခဲ့ခြင်းဖြစ်သည်။

မိမိတို့အနေဖြင့် ဆွေးနွေးမှုအထမြောက်အောင် ပြင်ဆင်နေကြောင်း၊ မြောက်ကိုရီးယားဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ် စတီဖင်ဘီဂန်က ပြောသည်။ စတီဖင်သည် တောင်ကိုရီးယားကိုယ်စားလှယ် လီဒိုဟွန်းနှင့် ဆိုးလ်မြို့တွင် တွေ့ဆုံပြီးနောက် ယခုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

အလုပ်သဘောဆွေးနွေးမှုများ ပြန်လည်စတင်ရန် အမေရိကန်တာဝန်ရှိသူများသည် မြောက်ကိုရီးယားတာဝန်ရှိသူများနှင့် စစ်မဲ့ဇုန်တွင် တွေ့ဆုံလိမ့်မည်ဟု ခန့်မှန်းတွက်ဆမှုများ



မြောက်ကိုရီးယားဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ် စတီဖင်ဘီဂန် သတင်းထောက်များ၏ မေးမြန်းမှုများကို ဖြေကြားနေစဉ်။

ထွက်ပေါ်လာချိန်တွင် ယခုလိုသတင်းတစ်ရပ် ထွက်ပေါ်လာခြင်း ဖြစ်သည်။

အမေရိကန်သံတမန်က ရုရှားသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည်ဆိုသော မီဒီယာများ၏ ဖော်ပြချက်ကို ငြင်းဆန်လိုက်ပြီး မိမိသည် မြောက်ကိုရီးယားနျူကလီးယားကင်းစင်ရေး ရည်မှန်းချက်ကို အပြည့်အဝ အာရုံစိုက်ထားကြောင်း ပြောကြားလိုက်သည်။

ပြုံယမ်းက အမေရိကန်နှင့် တောင်ကိုရီးယားနှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်ခြင်းသည် ကျူးကျော်မှုအတွက် ကြိုတင်ပြင်ဆင်နေခြင်းနှင့် စစ်ပွဲအတွက် ဒေါသစိတ်ကို ဖော်ပြနေခြင်းဖြစ်ကြောင်း ပြောသည်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဟောင်ကောင် ဥပဒေကိုလေးစားရန် အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ် တိုက်တွန်း

**ဟောင်ကောင် သြဂုတ် ၂၁**

တရုတ်ပိုင်နက်ဖြစ်သည့် ဟောင်ကောင်၌ ဆန္ဒပြမှုများ အရှိန်မြင့်နေချိန်တွင် တရုတ်နိုင်ငံအနေဖြင့် ဟောင်ကောင်၏ ဥပဒေကို လေးစားလိုက်နာရန် အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်က တိုက်တွန်းလိုက်ကြောင်း သိရသည်။

အငြင်းပွားမှုများ ဖြစ်ပေါ်နေသည့် တရားခံလွှဲပြောင်းရေး ဥပဒေကြမ်းကို ဆန့်ကျင်သည့် ဟောင်ကောင်ဆန္ဒပြပြည်သူများကို နှိပ်ကွပ်ရန် တရုတ်အစိုးရက လက်နက်ကိုင်တပ်ဖွဲ့များကို အသုံးပြုလာနိုင်သည်ဆိုသော သတင်းများ ထွက်ပေါ်လာမှုနှင့် ပတ်သက်၍ အမေရိကန်က စိုးရိမ်လျက်ရှိသည်။

ဟောင်ကောင်နှင့် ထိစပ်နေသည့် ရှန်ကျန်းမြို့၌ တရုတ်က ရဲတပ်ဖွဲ့ဝင်များကို ချထားလျက်ရှိသည်။ ၁၉၈၄ ခုနှစ် တရုတ် - ဗြိတိန် ပူးတွဲကြေညာချက်မှတစ်ဆင့် ဟောင်ကောင်တရားဥပဒေကို လေးစားလိုက်နာမည်ဟု ပေးအပ်ခဲ့သည့် ကတိကဝတ်ကို တရုတ်နိုင်ငံက အလေးထားသင့်ကြောင်း မီချီဂန်၌ ပြုလုပ်ခဲ့သည့် မိန့်ခွန်းပြောကြားမှုအတွင်း မိုက်ပန့်စ်က ပြောခဲ့သည်။

ဆန္ဒပြပြည်သူများအား အင်အားသုံး ဖိနှိပ်မှုပြုလုပ်လာပါက အမေရိကန်နှင့် တရုတ်ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီမှုပြုလုပ်ရန် ပိုမို ခက်ခဲလာနိုင်ကြောင်း မိုက်ပန့်စ်က သတိပေးလိုက်သည်။

**အင်န်အိတ်ချ်ကေ**

### ဘရီးဇစ်အရေးဆွေးနွေးရန် ဘောရစ်ဂျွန်ဆင် ဘာလင်သို့ ထွက်ခွာ

**လန်ဒန် သြဂုတ် ၂၁**

ဥရောပသမဂ္ဂမှ သဘောတူညီချက်မရဘဲ ဗြိတိန်နုတ်ထွက်သွားနိုင်သည့် အခြေအနေမြင့်တက်နေချိန်တွင် ဗြိတိန်ဝန်ကြီးချုပ် မစ္စတာဘောရစ်ဂျွန်ဆင်သည် အဓိကကျသည့်ဥရောပနှင့် နိုင်ငံတကာခေါင်းဆောင်များနှင့် အလေးအနက်ထားပြီး ဆွေးနွေးမှုများ လုပ်ဆောင်ရန်အတွက် သြဂုတ် ၂၁ ရက်တွင် ဘာလင်သို့ ထွက်ခွာခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်အဖြစ် တာဝန်ယူပြီးနောက် ပထမဆုံးအကြိမ် ပြည်ပသို့သွားရောက်မှုအတွင်း မစ္စတာဘောရစ်ဂျွန်ဆင် အနေဖြင့်ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်မှုတွင် ပါဝင်သည့်ကိစ္စရပ်များ တစ်နည်းဆိုရလျှင် ဥရောပခေါင်းဆောင်များက ပယ်ချခဲ့သည့်ကိစ္စရပ်များနှင့် ပတ်သက်၍ ပြန်လည်ညှိနှိုင်းဆွေးနွေးရန်အတွက် ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်ကို စည်းရုံးပြောဆိုသွားမည်ဖြစ်ပြီး သြဂုတ် ၂၂ရက်တွင် ပြင်သစ်သမ္မတ အီမန်နျူရယ်လ်မက်ခရွန်နှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ယခုရက်သတ္တပတ်အကုန်လောက်တွင် ခေါင်းဆောင်သုံးဦးတို့သည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ဂရင်းလန်းကျွန်းကို မျက်စိကျနေတဲ့ အမေရိကန်

**ကလျာမိုးမြင့်**

**ယခုရက်ပိုင်းအတွင်း သမ္မတထရမ့်က ဒိန်းမတ်နိုင်ငံပိုင် နယ်နိမိတ်တစ်ခုဖြစ်တဲ့ ဂရင်းလန်းကျွန်းကို ဝယ်ယူဖို့ စိတ်ပါဝင်စားနေတယ်ဆိုတဲ့သတင်းက အတော်လေး လူပြောများနေခဲ့ပါတယ်။ ဒါပေမယ့်လည်း ဒီကိစ္စနဲ့ပတ်သက်ပြီး ဒိန်းမတ်ဝန်ကြီးချုပ်က ဂရင်းလန်းကျွန်းဟာ အမေရိကန်ပြည်ထောင်စုကို ရောင်းချဖို့ မဟုတ်ဘူးလို့ ပြောလိုက်တဲ့အခါမှာတော့ ဒိန်းမတ်နိုင်ငံဆီသွားဖို့ရှိနေတဲ့ ခရီးစဉ်တစ်ခုကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကောက်ကာငင် ကာ ဖျက်သိမ်းလိုက်ပါတယ်။**



ဂရင်းလန်းကျွန်းပေါ်ရှိ အဆောက်အအုံများကို တွေ့ရစဉ်။

## မဖြစ်နိုင်

အစကတော့ ဒိန်းမတ်ဘုရင်မ မာဂရက်သီ ၂ ရဲ့ဖိတ်ကြားချက်အရ လာမယ့် စက်တင်ဘာ ၂ ရက်မှာ ဒိန်းမတ်နိုင်ငံဆီ အလည်အပတ်လာရောက်ဖို့ သမ္မတထရမ့်က စီစဉ်ထားခဲ့တာပါ။ ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်း ထရမ့်က ဒိန်းမတ်ပိုင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်နိမိတ်တစ်ခုဖြစ်တဲ့ ဂရင်းလန်းကျွန်းကို ဝယ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ ၎င်းကိုယ်တိုင်ဝန်ခံခဲ့တာ ဖြစ်ပါတယ်။

ဒိန်းမတ်ဝန်ကြီးချုပ် မက်တီဖရက်ဒီရစ်ဆန်က အဲဒီကိစ္စဟာ လုံးဝမဖြစ်နိုင်တဲ့ကိစ္စလို့ ဆိုခဲ့ပြီး သမ္မတထရမ့်က ဒီစကားကို တကယ်ပြောနေတာမဟုတ်ဖို့ ၎င်းအနေနဲ့မျှော်လင့်တယ်လို့ ဆိုခဲ့ပါတယ်။

## ရွှေ့ဆိုင်းမယ်

ဒိန်းမတ်နိုင်ငံဆီ အလည်အပတ် သွားရောက်မယ့်ကိစ္စကို ပယ်ဖျက်ကြောင်းကြေညာရင်း သမ္မတထရမ့်က ဒိန်းမတ်နိုင်ငံဟာ အံ့သြဖွယ်ကောင်းတဲ့၊ ပြည်သူတွေနေထိုင်ကြတဲ့၊ ထူးခြားတဲ့နိုင်ငံတစ်ခုဖြစ်တယ်။ သို့သော်လည်း ဝန်ကြီးချုပ် မက်တီဖရက်ဒီရစ်ဆန်ရဲ့ မှတ်ချက်အပေါ်မှာ အခြေပြုပြီး ပြောရမယ်ဆိုရင် ၎င်းဟာ ဂရင်းလန်းကျွန်းကို ဝယ်ယူရေးဆွေးနွေးဖို့စိတ်ဝင်စားဟန် မပြဘူး။ ဒီတော့လာမယ့်နှစ်ပတ်အတွင်းမှာ ပြုလုပ်ဖို့ စီစဉ်ထားတဲ့ ကျွန်ုပ်တို့ရဲ့ တွေ့ဆုံမှုကို နောက်တစ်ကြိမ်ကျမှ လုပ်ဆောင်ဖို့ ရွှေ့ဆိုင်းလိုက်တော့မယ်လို့ တွစ်တာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ ရက်သတ္တပတ်က သတင်းထောက်တွေရဲ့မေးခွန်းကို ဖြေကြားခဲ့စဉ်မှာ ထရမ့်က ၎င်းအနေနဲ့ ဂရင်းလန်းကို အမေရိကန်နယ်နိမိတ်ဖြစ်ဖို့အတွက် ဝယ်ယူဖို့ စိတ်ဆန္ဒရှိနေကြောင်းနဲ့ ဒီကိစ္စကို အစိုးရအဖွဲ့အတွင်းမှာ တိုင်ပင်ဆွေးနွေးနေကြောင်း ၎င်းကိုယ်တိုင် အတည်ပြုခဲ့ပါတယ်။ ဒီကိစ္စက အတော်လေးကြီးကျယ်တဲ့ နယ်နိမိတ်ဆိုင်ရာကိစ္စတစ်ခုလို့လည်း ပြောခဲ့ပါတယ်။

## ဒိန်းမတ်ပယ်ချ

ဒါပေမယ့် ထရမ့်ရဲ့အဲဒီစိတ်ကူးကို ဂရင်းလန်းကျွန်းတာဝန်ရှိသူတွေနဲ့ ဒိန်းမတ်အာဏာပိုင်တွေက ပယ်ချလိုက်ပါတယ်။ ဂရင်းလန်းကျွန်းဟာ ရောင်းချဖို့မဟုတ်ဘူး၊ ဒါပေမယ့် အမေရိကန်အပါအဝင်တခြားနိုင်ငံတွေနဲ့ ကုန်သွယ်ရေးအတွက်၊ ပြီးတော့ ပူးပေါင်းဆောင်ရွက်မှုတွေအတွက်တော့ ဂရင်းလန်းကျွန်းကို တံခါးဖွင့်ထားတယ်လို့ဂရင်းလန်းကျွန်းအကြီးအကဲ ကင်ကီရယ်လ်ဆန်က ပြောပါတယ်။

ဒိန်းမတ်ဝန်ကြီးချုပ်ဟောင်း လာလေ့ဘ်ကီရက်စ်မူဆင်ကဆိုရင် ဂရင်းလန်းကျွန်းကိုဝယ်ချင်တယ်ဆိုတဲ့ ထရမ့်ရဲ့စကားဟာ ပေရယ်ဖူးဒေးဟာသတစ်ခုပဲဖြစ်သင့်တယ်လို့ တွစ်တာပေါ်မှာ သရော်ခဲ့ပါတယ်။

အကယ်၍ ဒီကိစ္စကို ထရမ့်က အမှန်တကယ်စဉ်းစားနေတယ်ဆိုရင်တော့ သမ္မတထရမ့်ဟာ ရူးနေပြီဆိုတာ သေချာသလောက်ရှိသွားပြီလို့ ဒိန်းမတ်ပြည်သူ့ပါတီရဲ့ ပြည်ပရေးရာ ပြောရေးဆိုခွင့်ရှိသူ ဆိုရန် အက်စပါဆန်က ပြောကြားခဲ့ပါတယ်။

## ဂရင်းလန်းဆိုတာ

ဂရင်းလန်းကျွန်းဟာ ဩစတြေးလျပြီးရင် ကမ္ဘာ့အကြီးဆုံးကျွန်းတစ်ကျွန်းဖြစ်ပြီး ၎င်းရဲ့ ကိုယ်ပိုင်အခွင့်အရေးအရ တိုက်တစ်ခုအဖြစ် သတ်မှတ်ထားတဲ့ နယ်နိမိတ်ဖြစ်ပါတယ်။ ဒိန်းမတ်နိုင်ငံက ပိုင်ဆိုင်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေဖြစ်ပြီး မြောက်အတ္တလန္တိတ်နဲ့ အာတိတ်သမုဒ္ဒရာအကြားမှာ တည်ရှိနေပါတယ်။

ကျွန်းရဲ့ လူဦးရေဟာ ၅၆၀၀၀ ရှိပြီး ကမ်းခြေအနီးတစ်ဝိုက်မှာ စုဝေးနေထိုင်ကြပါတယ်။အဲဒီမှာ နေထိုင်ကြတဲ့လူဦးရေရဲ့ ၉၀ ရာခိုင်နှုန်းက inuit တိုင်းရင်းသားလူမျိုးစုတွေ ဖြစ်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိတဲ့ အစိုးရတစ်ရပ်နဲ့အတူ ကိုယ်ပိုင်ပါလီမန်လွှတ်တော်လည်း ရှိပါတယ်။

## ရေခဲပျော်ကျမှုအန္တရာယ်

ကျွန်းရဲ့ ၈၀ ရာခိုင်နှုန်းလောက်ဟာ ရေခဲထုဖုံးလွှမ်းနေပြီး ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရေခဲထုပြိုကျနိုင်တဲ့ အန္တရာယ်ကို စိုးရိမ်နေရပါတယ်။ ရေခဲတွေ အရည်ပျော်မှုက ဂရင်းလန်းရဲ့ သဘာဝတွင်းထွက်သယံဇာတအရင်းအမြစ်တွေရယူမှုကို ပိုမိုတိုးပွားလာစေခဲ့ပါတယ်။

သို့သော်လည်းပဲ ရေခဲပျော်ကျမှုက စစ်အေးခေတ်အတွင်း အမေရိကန်စစ်အခြေစိုက်စခန်းတည်နေရာအများအပြားမှာ ကျန်ရစ်နေတဲ့ အဆိပ်ရှိ နျူကလီးယားစွန့်ပစ်ပစ္စည်းတွေကို ပြန်ပေါ်လာစေနိုင်တယ်လို့လည်း ယူဆနေကြပါတယ်။

## ထရမ့်ဘာကြောင့် စိတ်ဝင်စားသလဲ

ဂရင်းလန်းကျွန်းကို သမ္မတထရမ့်က စိတ်ဝင်တစားရှိနေရတဲ့အကြောင်းကတော့ ကျွန်းရဲ့သဘာဝသယံဇာတတွေဖြစ်တဲ့ ကျောက်မီးသွေး၊ သွပ်၊ကြေးနီနဲ့ သံမဏိသတ္တုရိုင်းတွေ ကြွယ်ဝစွာရှိတဲ့အတွက်ကြောင့်ပါပဲ။ တွင်းထွက်သယံဇာတပစ္စည်းတွေ ကြွယ်ဝနေသော်ငြားလည်းပဲ ဂရင်းလန်းကျွန်းရဲ့ ပျော့ကွက်ကတော့ ကျွန်းရဲ့ ဘတ်ဂျက်အသုံးစရိတ်ဆိုင်ရာအခွန်ဘဏ္ဍာရဲ့ သုံးပုံနှစ်ပုံအတွက် ဒိန်းမတ်ကို မှီခိုအားထားနေရတယ်ဆိုတဲ့အချက်ပါပဲ။

တခြားသော အပြစ်အနာအဆာတွေကတော့ ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်မှုတွေ၊ အရက်စွဲတဲ့သူ အရေအတွက်နဲ့ အလုပ်လက်မဲ့အရေအတွက် မြင့်မားလာနေတာတို့ ဖြစ်ပါတယ်။

## မဟာဗျူဟာအရ အရေးပါ

ဒါပေမယ့် သမ္မတထရမ့်ဟာ ဂရင်းလန်းကျွန်းရဲ့တည်နေရာအနေအထားကြောင့်ဖြစ်တဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာတန်ဖိုးကိုပါ စိတ်ဝင်စားနေတာဖြစ်တယ်လို့ လေ့လာသူတွေက ယူဆပါတယ်။ အမေရိကန်ဟာ ဂရင်းလန်းကျွန်းကို မဟာဗျူဟာအရ အရေးပါတဲ့တည်နေရာအဖြစ် သိနေခဲ့တာကြာပြီဖြစ်ပြီး စစ်အေးတိုက်ပွဲစတင်ခဲ့ချိန်ကတည်းက အဲဒီနေရာမှာ လေတပ်နဲ့ ရေဒါအခြေစိုက်စခန်းတွေ တည်ဆောက်ခဲ့တယ်လို့သိရပါတယ်။

ဂရင်းလန်းကျွန်းကို ဝယ်ယူချင်တဲ့ ထရမ့်ရဲ့စိတ်ကူးကို ရီပတ်ဘလစ်ကန် ကိုယ်စားလှယ် မိုက်ဂေါ်လက်ဂါက ပြောင်မြောက်တဲ့ ပထဝီနိုင်ငံရေး ခြေလှမ်းတစ်ခုလို့ ဖော်ပြခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ ဂရင်းလန်းကို မဟာဗျူဟာအရ စိတ်ဝင်စားနေပြီး ဒီကိစ္စဟာ ဆွေးနွေးမှုစကားဝိုင်းပေါ် အမှန်တကယ်ရောက်လာသင့်တယ်လို့ ၎င်းက တွစ်တာပေါ်မှာ ဖော်ပြခဲ့ပါတယ်။

## ယခင်က ကြိုးစားခဲ့ဖူးလား

အမေရိကန်ပြည်ထောင်စုဟာ သမ္မတအန်ဒရူး ဂျွန်ဆင်လက်ထက် ၁၈၆၀ ပြည့်နှစ်များအတွင်းမှာ ဂရင်းလန်းကျွန်းကို ဝယ်ယူဖို့ တစ်ကြိမ်စိတ်ကူးကြံစည်ခဲ့ဖူးပါတယ်။ ၁၈၆၇ ခုနှစ်မှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဂရင်းလန်းကျွန်းရဲ့ မဟာဗျူဟာကျတဲ့ တည်နေရာအနေအထားနဲ့တကွ သဘာဝသယံဇာတပေါကြွယ်ဝမှုနဲ့ပတ်သက်လို့ အကြံပြုခဲ့ပြီး ဒီနယ်နိမိတ်ကိုရယူဖို့ ကြိုးစားစေခဲ့ပါတယ်။

သို့သော်လည်းပဲ အဲဒီအတွက် တရားဝင်လှုပ်ရှားဆောင်ရွက်မှုကို တွေ့ခဲ့ရခြင်း မရှိပါဘူး။ ၁၉၄၆ ခုနှစ်မှာတော့ ဟယ်ရီထရူးမင်းက ဂရင်းလန်းကို အမေရိကန်ဒေါ်လာ သန်း ၁၀၀ နဲ့ရောင်းဖို့ ဒိန်းမတ်အာဏာပိုင်တွေကို ကမ်းလှမ်းခဲ့တယ်လို့ သိရပါတယ်။

ဘာပဲဖြစ်ဖြစ် လတ်တလောမှာတော့ ဂရင်းလန်းကျွန်းကို မျက်စိကျနေတဲ့ထရမ့်ရဲ့ စိတ်ကူးဟာ သိပ်ပြီးတော့အခြေအနေဟန်မယ့်ပုံမရှိ သေးပါဘူး။ ဂရင်းလန်းကျွန်းဟာ ရောင်းဖို့မဟုတ်ဘူး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နဲ့ တည်ရှိနေတဲ့ နယ်နိမိတ်တစ်ခုကို ရောင်းချမယ်ဆိုတဲ့ စိတ်ကူးဟာ အဓိပ္ပာယ်မရှိဘူးလို့ ဒိန်းမတ်ဝန်ကြီးချုပ် မက်တီဖရက်ဒီရစ်ဆန်က ပြောကြားလိုက်ပြီးတဲ့နောက်မှာတော့ သမ္မတ ထရမ့်က ဝန်ကြီးချုပ်ရဲ့ တဲ့တိုးပြောဆိုမှုအပေါ်မှာ ကျေးဇူးတင်တယ်လို့ တွစ်တာပေါ်မှာ ရေးသားခဲ့ပြီး ဒိန်းမတ်ဆီသွားမယ့် ခရီးစဉ်ကိုပါ ဖျက်သိမ်းလိုက်ကြောင်း ကြေညာလိုက်တာဖြစ်ပါတယ်။

**ကိုးကား - အေအက်ဖ်ပီ၊ ဘီဘီစီ**

# ကယားတို့ဌာနေ ငွေတောင်ပြည်

အပိုင်း (၂)

Thiha, the Traveller @ သီဟလုလင်

**ထီးပွင့်ကန်မှာ ရေကန်ထဲကနေ ထီးပုံစံ အကွင်းကြီးပေါ်နေတာ ဘာကြောင့်လဲ**

တချို့ခရီးသွားတွေလည်း မြင်ခွင့်မရခဲ့ကြဘူး။ တချို့ကျတော့လည်း နှစ်ပွင့်၊ သုံးပွင့် တစ်ခါတည်း ပွင့်နေတာကို မြင်ခဲ့ကြရတယ်။ ကျွန်တော် ထီးပွင့်ကန်ကို ရောက်တော့ ရေစပ်နားမှာ ကျယ်ကျယ်ပြန့်ပြန့်ပွင့်နေတဲ့ ထီးပုံစံအကွင်းကြီးကို မြင်တွေ့ခွင့်ရခဲ့ပါတယ်။ ဘာကြောင့် ရေကန်ထဲမှာ ခုလိုထီးပွင့်ပုံ ဖြစ်နေရသလဲဆိုတာ သိချင်မိခဲ့တယ်။ အဲဒီအချိန်ကတော့ ရှင်းပြနိုင်မယ့်သူ သေချာမရှိခဲ့လို့ သိခွင့်မရခဲ့ပေမယ့် နောက်ပိုင်း ဖတ်ဖြစ်တဲ့ စာတချို့မှာတော့ ဒီထီးပွင့်ကန်ကြီးဟာ မီးတောင်ဟောင်းတစ်ခုရဲ့ ထိပ်ဝဖြစ်တဲ့အတွက် ကန်ရေပြင်ပေါ်ကို ထီးပွင့်ပုံသဏ္ဍာန် သဲနုန်းမြေတွေကို ပို့လွှတ်လေ့ရှိတယ်တဲ့။ ဒီထီးပွင့်ကန်ဟာ အလျား ၂၂၇ ပေ နဲ့ အနံ ၁၁၅ ပေ ရှိတဲ့ ကန်ပါ။ ဒီကန်ကြီးဟာ ဒွေးမယ်နော်တို့ ညီအစ်မတွေ ရေကစားတဲ့ ရေကန်လို့လည်း တချို့က ဆိုကြပါတယ်။ ဒီထီးပွင့်ကန်နဲ့ မနီးမဝေးမှာ သဘာဝအတိုင်း ရေထွက်နေတဲ့ သစ္စာကန်နဲ့ နတ်ရေတွင်းတွေလည်း ရှိတယ်လို့ သိရပါတယ်။ ကျွန်တော်တော့ ဒီတစ်ခေါက် မရောက်ဖြစ်လိုက်ပါဘူး။ ဒဏ္ဍာရီထဲက ဒွေးမယ်နော်နဲ့ သုခနေမင်းသားတို့ သစ္စာပြုတဲ့ကန်ပါတဲ့။ ဘယ်အချိန်ပဲဖြစ်ဖြစ် ရေမခန်းတဲ့ ရေထွက်မို့ ထူးခြားတယ်လို့ ဆိုကြပါတယ်။

**ဒဏ္ဍာရီထဲက ကန်ခုနစ်ဆင့် သဘာဝကန်ဆီ**

သုခနေမင်းသားနဲ့ ဒွေးမယ်နော်တို့ရဲ့ အချစ်အလွမ်း ဇာတ်လမ်းလေးက ကယားပြည်နယ်ကို တစ်နိုင်ငံလုံးက တိုင်းရင်းသားတွေ သိအောင်လုပ်ဆောင်ပေးနေတယ်လို့ ကျွန်တော်တော့ ယူဆမိပါတယ်။ ဒွေးမယ်နော်အပါအဝင် ကိန္နရီညီအစ်မ ခုနစ်ဖော် ငွေတောင်ပြည်က ငွေတောင်ကြီးရဲ့ တောင်ခြေမှာရှိတဲ့ တောအုပ်ကြီးတစ်ခုထဲက ရေကန်ကို နေ့တိုင်း ရေလာဆော့ကြတယ်။ ပညာတော်သင်ကနေ ပြန်လာတဲ့ သုခနေမင်းသားက ဒီတောအုပ်ကနေ ဖြတ်ပြန်တော့ ကိန္နရီညီအစ်မတွေကို တွေ့ပြီး စိတ်ဝင်စားလို့ နဂါးကျော့ကွင်းနဲ့ ထောင်ဖမ်းတဲ့အခါ အထွေးဆုံး ဒွေးမယ်နော်လေး မိပါတယ်။ ဒွေးမယ်နော်ကို သုခနေမင်းသားက နန်းတော်ခေါ်ပြီး လက်ထပ်ထိမ်းမြားခဲ့တာမို့ ဒွေးမယ်နော်လည်း သျှောင်နောက်ဆံထုံးပါရင်း ဒီနေရာလေးကို လွမ်းဆွတ်နေရတယ်လို့ ပြောကြဆိုကြပါတယ်။ ဒီဒဏ္ဍာရီထဲက ကိန္နရီညီအစ်မ ခုနစ်ဖော် ရေကစားတဲ့နေရာဟာ ဒီကန်ခုနစ်ဆင့် ရေကန်ကြီးပဲလို့ ပြောကြပါတယ်။ လွိုင်ကော်ကနေဆို ၁၄ မိုင်ဝေးပါတယ်။ တောခြေကနေစပြီး သဘာဝအတိုင်း တစ်ဆင့်ချင်းတည်ရှိနေတဲ့ ရေကန်တွေပါ။ ခရီးသွားတွေ သွားပြီး နားနေနိုင်ဖို့ စားသောက်ဆိုင်တွေလည်း ကန်ကြီးအနီးအနားမှာ ရှိပါတယ်။ ရေကန်ကြီးကိုကြည့်ပြီး လန်းဆန်းကြည်နူးသွားစေနိုင်ပါတယ်။ တောတောင်ရေမြေသဘာဝအလှကို အပြည့်အဝခံစားနိုင်တဲ့နေရာတစ်ခုပါပဲ။ ဒီနေရာမှာ ခုလို ရေပြင်နဲ့ တောတောင်အလှကို ခံစားတာထက်ပိုပြီး လုပ်ဆောင်လို့ရမယ့် အစီအစဉ်လေးတွေ လုပ်ဆောင်ပေးရင် ခရီးသွားတွေအတွက် ပိုပြီးလာရတာ ကျေနပ်မှုရှိစေမယ်လို့ ထင်မိပါတယ်။ ဒဏ္ဍာရီထဲက ကန်ကြီးကို အပြင်မှာ မြင်ဖူးအောင် လာကြည့်တာထက် ပိုပြီးလေးနက်တဲ့ ခရီးသွားအစီအစဉ်တွေ စဉ်းစားဖော်ထုတ်ကြရင် ပိုပြီး လာချင်စရာကောင်းပါလိမ့်မယ်။


**သစ်သား ခေါင်းတလားတွေနဲ့ ခြောက်ခြားစရာ ကြတ်ဂူ**

လွိုင်ကော်ဝန်းကျင်မှာ နာမည်ကြီးတဲ့လည်ပတ်စရာနောက်တစ်ခုက ကြတ်ဂူပါ။ ခုနက ခရီးစဉ်တွေနဲ့ ဆက်စပ်လို့ မရပါဘူး။ အရှေ့နဲ့ အနောက် ခရီးစဉ်တွေ ဖြစ်နေတာမို့ ကြတ်ဂူကို သွားမယ်ဆိုရင် ဒီးမော့ဆိုကနေ လွိုင်ကော်မြို့ထဲ ပြန်ဝင်ရပါတယ်။ တစ်နေ့တည်းနဲ့ အစုံရောက်အောင် သွားရတာမို့ မွန်းလွဲ ၁ နာရီကျော်မှ လွိုင်ကော်မြို့ထဲ နေ့လယ်စာ စားကြရတယ်။ လွိုင်ကော်မြို့ထဲက စားကောင်းတဲ့ ရွှေလက်ရာ မြန်မာထမင်းဆိုင်မှာ စားဖြစ်ခဲ့တယ်။ အဲဒီကနေမှ ကြတ်ဂူရှိတဲ့ လွိုင်ကော်မြို့ အရှေ့ဘက် ၁၀ မိုင်ကို သွားကြပါတယ်။ ကြတ်ဂူက ပင်လယ်ရေမျက်နှာပြင် အထက် ပေ ၁၉၉၀ မှာ ရှိတဲ့ ထုံးကျောက်ဂူ တစ်ခုပါ။ ကယားလို ရာစုကုလို့ ခေါ်ပါတယ်။ ဒီဂူအတွင်းမှာ သစ်လုံးကိုထွင်းပြီး လုပ်ထားတဲ့ သစ်သားခေါင်းတလားတွေ အများအပြား တွေ့ရှိခဲ့ကြပါတယ်။ တချို့ခေါင်းတလားတွေက ၁၅ ပေအထိ ရှည်ကြပါတယ်။ အတိုဆုံး နှစ်ပေရှိတဲ့ ခေါင်းတလားတွေအထိ ရှိကြပါတယ်။ ခေါင်းတလား တချို့ကို မြေပြင်မှာ၊ တချို့ကို ပေ ၂၀၊ ၃၀ လောက်မြင့်တဲ့ ဂူမျက်နှာကြက်တွေမှာ တွေ့ကြရတာပါ။ လွန်ခဲ့တဲ့ နှစ် ၇၀ လောက်တုန်းကတော့ အခေါင်းတွေထဲမှာ အရိုးစုတွေ တွေ့ရတယ်လို့ ပြောကြပေမယ့် ခုရှိနေတဲ့ အခေါင်းတွေမှာတော့ အရိုးစုတွေ မတွေ့ရပါဘူး။ လက်ရှိအချိန်အထိ ခေါင်းတလား ၁၅၀ လောက် တွေ့ထားပြီ ပြောပေမယ့် ကျွန်တော်တို့ကတော့ အထဲမှာ နည်းနည်းပဲမြင်ခဲ့ရတယ်။

သဘာဝလိုဏ်ဂူတစ်ခု ဆိုပေမယ့် ဘာသာရေး ယုံကြည်မှုတွေနဲ့ နွယ်ပြီး ဂူအတွင်းကို ဖိနပ်ပေးမစီးသလို၊ ဂူအတွင်းနဲ့ အနီးဝန်းကျင်မှာ သောက်စားမူးယစ်တာ၊ စည်းကမ်းမဲ့ အမှိုက်ပစ်တာ၊ မဟုတ်တာလုပ်တာ၊ အပြောအဆို ညစ်ညမ်းတာ၊ သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးတာတွေ မလုပ်ဖို့ ပြင်းပြင်းထန်ထန် တားမြစ်ပါတယ်။ ဂူအတွင်းလည်တဲ့အခါ လက်နှိပ်ဓာတ်မီးယူသွားဖို့ သတိပေးသလို၊ ဂူအတွင်း လေ့လာချိန်ကိုလည်း မနက် ၉ နာရီကနေ ညနေ ၄ နာရီထိပဲ သတ်မှတ်ခွင့်ပြုပေးထားပါတယ်။

ကြတ်ဂူထဲကို ဝင်ဖို့ အရင်ဆုံး ထုံးကျောက်တောင်ကြီးပေါ်တက်ရပါတယ်။ အုတ်လှေကား ပြေပြေလေးတွေကလာပြီး လေ့လာသူတွေကို သက်သောင့်သက်သာ ဖြစ်စေပါတယ်။ ဖိနပ်တွေကို ကားပေါ်မှာ ထားခဲ့တာလည်း သိပ်အဆင်မပြေပြန်ဘူး။ ကားကို ကြတ်ဂူရှိတဲ့ဝင်းရဲ့ အပြင်ဘက်မှာ ထားခဲ့ရပြီး လူတွေက အထဲကို လမ်းလျှောက်ဝင်ကြရတယ်။ ပြီးတော့ လှေကားကနေတစ်ဆင့် တောင်ပေါ်တစ်နေရာကို ပေ ၁၀၀ လောက်တက်ရတယ်။ ဒီနေရာတွေမှာ ဖိနပ်မပါရင် အဆင်မပြေပြန်ဘူး။ ဖိနပ်ကို ဂူအဝင်ဝမှာ တည်ထားတဲ့ စေတီလေးနားက ဖိနပ်ထားတဲ့နေရာလေးမှာ ထားခဲ့လို့ရပါတယ်။

အဲဒီကနေ ဂူအတွင်းပိုင်းကို သစ်သားလှေကားနဲ့ တံတားထိုးထားတာတွေ ဖြတ်ပြီး ဝင်ရောက်ရပါတယ်။ ဂူထဲမှာ ကျောက်စွယ်ကျောက်ခတ်ပန်းဆွဲတွေလည်း ရှိပါတယ်။ လာရောက်လေ့လာ သူတွေ အဆင်ပြေအောင်လို့ ဂူအတွင်းပိုင်း ပေ ၁၈၀၀ ကျော်အထိ မီးကြိုးတွေသွယ်ပြီး မီးရောင်ပေးထားပေမယ့် အလွန်လုံလောက်တဲ့ ပမာဏတော့ မဟုတ်ပါဘူး။ ဓာတ်မီးလည်း မပါတော့ ကိုယ့်ဖုန်းမီးလေးတွေကိုပဲ အားကိုးပြီး လျှောက်ရပါတယ်။ ဂူအတွင်း စဝင်ဝင်ချင်းတော့ နည်းနည်းခြောက်ခြားပါတယ်။ နောက်တော့ တဖြည်းဖြည်း သွားလာရအဆင်ပြေလာတယ်။ အသက်ရှူလို့ မဝချင်သလို ဖြစ်တတ်တယ်။ ဂူအတွင်းထဲမှာလည်း ဘုရားတည်ထားတာ တွေ့တယ်။ မီးတန်းသွယ်တဲ့နေရာ ပြီးသွားရင် ရှေ့ဆက်သွားဖို့ အဆင်မပြေတော့ပါဘူး။ တချို့လေ့လာသူတွေလည်း ကိုယ့်အစီအစဉ်နဲ့ ကိုယ်တော်တော်နက်နက်အထိ ဝင်ကြည့်ကြတယ် ကြားဖူးပါတယ်။ တချို့ကလည်း ဒီကြတ်ဂူအတွင်းမှာ ဘုရင်တစ်ပါးပါးနဲ့ သူ့အမှုထမ်းတွေရဲ့ ခေါင်းတလားတွေ ရှိနေနိုင်တဲ့အတွက် စိတ်ဝင်စားစရာတွေ ရှိမယ်လို့ ယူဆကြတယ်။ ရှာတွေ့နိုင်ဖို့ ကြိုးစားကြတယ်လို့လည်း ပြောသံကြားခဲ့ဖူးတယ်။ ကျွန်တော်တို့ကတော့ ကြတ်ဂူအတွင်း သတ်မှတ်ထားတဲ့နေရာအရောက်မှာ ပြန်လှည့်ခဲ့ကြတယ်။ ကြတ်ဂူတောင်က အဆင်းလမ်းမှာ သတိပြုမိတာ တံခွန်တိုင်စိုက်ထူထားတာပဲ။ ဒီဘက်မှာ တံခွန်တိုင် စိုက်ထူပူဇော်လှူဒါန်းရင်း ဆုတောင်းတဲ့ဓလေ့နဲ့ အစဉ်အလာရှိကြောင်းကို မှတ်သားမိတယ်။ ဒီတံခွန်တိုင်က သဘာဝတရားကို ရည်ညွှန်းတာဖြစ်ပြီး စကြဝဠာတစ်ခုလုံးနဲ့ အတူ ကမ္ဘာ့ဓာတ်ကြီးလေးပါး ညီညာမျှတမှုရှိအောင် ရည်ရွယ်ဆုတောင်းစိုက်ထူထားတာလည်း ဖြစ်ပါတယ်။







**ကယားတို့ဒေသမှာစားစရာသောက်စရာ**

လွိုင်ကော်ဘက်ရောက်ရင် မဖြစ်မနေ စားဖြစ်အောင် စားသင့်တဲ့ ဒေသထွက် စားစရာ ကောင်းကောင်းတွေ ရှိပါတယ်။ ဒါတွေ စားဖြစ်အောင်စားခဲ့ပါနော်။

### (၁) ကယားဝက်အူချောင်း

ကြိုတင်မှာရတဲ့အပြင် ရက်ကြာကြာ အထား မခံတဲ့အတွက် တစ်ရက်နှစ်ရက်အတွင်း စားရပါတယ်။ ပြန်မယ့်ရက်နဲ့ တွက်ချက်ပြီး မှာကြားရပါတယ်။ မှာမှလည်း လုပ်ပေးပါတယ်။ အရသာအလွန်ရှိပါတယ်။ အချောင်းလိုက် အရှည်ကြီးကို အပြင်ပန်း မြင်ရတာကတော့ ပုံစံတစ်မျိုးဖြစ်နေပေမယ့် စားလိုက်ရင် အရသာ အလွန်ကောင်းလွန်းတယ်။ ဆိုးဆေးနဲ့ ကြာရှည်ခံဆေးမသုံးလို့ အထားမခံတာပါ။ အသားများများနဲ့ အစပ်အဟပ်တည့်တည့် လုပ်ထားတဲ့ ဝက်အူချောင်းကို အစိမ်းလိုက် လှီးဖြတ်ပြီး ဒီအတိုင်းကို မက်ခါမှုန့်နဲ့ ငရုတ်သီးမှုန့် ရောစပ်ထားတဲ့ အမှုန့်နဲ့တို့စားရပါတယ်။ ကြော်စားရင်လည်း ကောင်းလှပါတယ်။ ကျွန်တော် ရောက်တုန်းက ကယားဝက်အူချောင်းကို ရန်ကုန်သယ်နိုင်အောင် ကိုယ်တိုင်မှာပေး၊ စီစဉ်ပေး၊ လာပို့ပေးတဲ့ ကျွန်တော့်မိတ်ဆွေ စာရေးအလွန်ကောင်းတဲ့ စာရေးဆရာ သော်ဇင် (လွိုင်ကော်) ရဲ့ ကျေးဇူးကြောင့် အတော်လေး အဆင်ပြေပြေဖြစ်သွားတယ်။ မှာမယ့်နေရာနဲ့ မှာရမယ့်အချိန်ကို သိပ်မသိတာလည်း ပါတော့လေ။ သူကူညီလို့သာ အဆင်ပြေသွားတာ။

### (၂) ကယားဟင်းထုပ်

ဝက်သား ဒါမှမဟုတ် ကြက်သားနဲ့ လုပ်ထားတဲ့ ဟင်းထုပ်ရှိသလို၊ သက်သတ်လွတ်ဟင်းထုပ်လည်း ရှိပါတယ်။ မင်္ဂလာရပ် ကံ့ကော်လမ်းထဲက ဦးထွန်းရ မင်္ဂလာ ဟင်းထုပ်ဆိုင်က နာမည်ကြီးသလို စားလို့လည်း ကောင်းပါတယ်။ စောစောသွားမှ စားရပါတယ်။ ကုန်တာမြန်ပါတယ်။ အဲဒီဆိုင်က ဝက်လုံးလည်း ကောင်းတယ်။

### (၃) ဝါးပိုးကောင်ကြော်၊ ဝါးပိုးကောင်ဟင်း

### (၄) ခါချဉ်ဥကြော်

### (၅) ကယားခေါင်ရည်

### (၆) ဆန်လှော်ဆေးခါး

ကယားမြေမှာ မြန်မာထမင်းဟင်းစားမယ် ဆိုရင်တော့ တောင်ကွဲစေတီလမ်းပေါ်က "ရွှေလက်ရာ" ဆိုင်က လက်ရာအလွန်ကောင်းတယ်။ ဝန်ထမ်းတွေကလည်း ဖော်ရွေတယ်။ နေ့စဉ် ဟင်း Menu က ပြောင်းတယ်ထင်ပါတယ်။ ဒီနေ့ အတွက်ရနိုင်တဲ့ဟင်းဆိုတဲ့ Menu စာရွက်လေးကို လက်ရေးနဲ့ ရေးထားပြီး အပေါ်မှာ နေ့စွဲတပ်ပေးထားတယ်။ ကျွန်တော်စားတဲ့နေ့ကတော့ ဝက်သားဟင်း၊ ဝက်ကလီစာဟင်း၊ ဝက်သားပုန်းရည်ကြီး၊ ဝက်သားကြော်၊ ဝက်ခြေထောက် ဟင်းရည်၊ ကြက်သားဟင်း၊ ကြက်သားကြော်၊ ကြက်အာလူး၊ ကြက်အသည်းအမြစ်ဟင်း၊ ကြက်သား ကာလသားချက်၊ ကြက်ခွေးတောက်၊ ဆိတ်သား ငရုတ်သီးချက်၊ ဆိတ်သားဟင်း၊ ဆိတ်ကလီစာဟင်း၊ ငါးမြင်းဆီပြန်ဟင်း၊ ငါးရှဉ့်ငွေးသီး၊ ငါးကြင်းကြော်ချက်၊ ပုစွန်တုပ်ဆီပြန်ဟင်းတွေရပါတယ်။ အကုန်တော့ မစားပါဘူး။ ကြက်ခွေးတောက်၊ ဝက်ပုန်းရည်၊ ကြက်ကာလသား၊ ဆိတ်ကလီစာ၊ ငါးကြင်းကြော်ချက်တွေ စားကြည့်တာ အတော်လေး ကောင်းတယ်။ အရန်ဟင်း အသုတ်လေးတွေလည်း စုံတယ်။ အရည်သောက်ချဉ်ရည် ဟင်းလေးလည်း ပေးတယ်။ တို့စရာလည်း စုံတယ်။ တကယ့်ကို လတ်ဆတ်စိမ်းမြနေတာပါ။ ထမင်းစားပြီးရင်လည်း အချိုပွဲကို နာနတ်သီးပေးတယ်။ သကြားလုံး၊ တော်ဖီလေးတွေ ကျွေးတယ်။ ဈေးနှုန်းကျတော့လည်း တစ်ယောက်ကို ငွေကျပ် ၃၀၀၀ ဝန်းကျင်လောက်ပဲ ကျတော့ တန် တယ်ပြောရမယ်။ ဒီဆိုင်အကြောင်းကို Foodaholic Myanmar Page မှာလည်း ကျွန်တော် ရေးဖူးသေးတယ်။

ညစာကို ဘီယာနဲ့ ဘာဘီကျူ လေးစားချင်တယ်ဆိုရင်တော့ Loikaw City Kyay Oh & BBQ House က ကောင်းတယ်။ သူလည်း ဆိုင်ခွဲတွေ ရှိတယ်။ မြို့ထဲကဆိုင်က BBQ ရွေးစရာ ပိုစုံတယ်ပြောတယ်။ အဲ့ဒီဆိုင်မှာလည်း ကယားဝက်အူချောင်းကြော်ကို မက်ခါမှုန့်နဲ့ ရနိုင်တယ်။ ရန်ကုန်စာ အလွမ်းပြေရနိုင်တာလည်း ဒီဆိုင်ပဲဆိုပါတော့။

လွိုင်ကော် ခရီးစဉ်ကတော့ ကျွန်တော့်ကို ပြန်ပြီးသတိရစေတာတွေ အတော်များပါတယ်။ ကွယ်လွန်သွားပြီဖြစ်တဲ့ ဖေဖေ့ကို အရင်ဆုံး သတိရစေတယ်။ ဆယ်တန်းဖြေပြီးခါစ ကောင်လေးတစ်ယောက်ရဲ့ လွတ်လပ်မှု၊ စူးစမ်းလိုစိတ်နဲ့ အညိုရောင်နယ်မြေလို့သတ်မှတ်ခံရချိန်ထဲ ည ၆ နာရီထိုးရင် အပြင်မထွက်ရလို့ လုပ်စရာရှိတာတွေကို ညနေစောင်းရင် အပြေးအလွှား လုပ်ရတဲ့ အမှတ်တရတွေ၊ ရန်ကုန်အစားအစာတွေကို သတိရလို့ တစ်မြို့လုံး ပြူးပြဲရှာရင်း တစ်ခုတည်းသော ဘာဂါဆိုင်လေးမှာ စားခဲ့ရတဲ့ ဘာဂါရဲ့အရသာ။ လွိုင်ကော်မှာ လည်လို့ မဝသေးတဲ့ ကျွန်တော်ကတော့ အခွင့်ကြုံရင် ထပ်သွားချင် ပါသေးတယ်။ နောက်ထပ် လည်ပတ်လေ့လာ စရာတွေ ရှိနေဦးမယ်လို့လည်း ယုံကြည်လို့ ငွေတောင်ပြည်မှာ ခြယ်မှုန်းတဲ့ ပန်းချီကား တစ်ချပ်ကို ကျွန်တော့်ရင်ထဲမှာ ထာဝရ သိမ်းဆည်းထားချင်ပါသေးတယ်။ ။







# မြိတ်မြို့နယ်ရှိ တောင်းရှည်ကျေးလက်တံတား ပြုပြင်တည်ဆောက်ပြီးဖြစ်၍ ပုံမှန်အတိုင်း ဖြတ်သန်းသွားလာနိုင်ပြီ

**မြိတ် ဩဂုတ် ၂၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တွင် မိုးအဆက်မပြတ် ရွာသွန်းပြီး ချောင်းရေတိုက်စားမှုကြောင့် တံတားအလယ်မှ ပေ ၁၀၀ ခန့် ပြတ်တောက်ပျက်စီးခဲ့သော တောင်းရှည်ချောင်းကူး သစ်သားတံတားကို ပြုပြင်တည်ဆောက်ပြီးဖြစ်၍ ပြည်သူများ ပုံမှန်အတိုင်း ပြန်လည်ဖြတ်သန်းသွားလာနိုင်ပြီ ဖြစ်ကြောင်း တံတားဦးစီးဌာနမှ သိရသည်။

ချောင်းရေတိုက်စားကာ တံတားပျက်စီးခဲ့မှုကြောင့် ပြည်သူများ ခရီးသွားလာမှု အခက်အခဲများ ဖြစ်ခဲ့ရပြီး ပြည်သူများ ဖြတ်သန်းသွားလာနိုင်ရေးအတွက် ပျက်စီးသွားသော တံတားအစိတ်အပိုင်းအား တံတားဦးစီးဌာနတည်ဆောက်ရေးအဖွဲ့(၃)၊ တံတားအထူးအဖွဲ့(၉)မှ ဩဂုတ် ၁၃ ရက်မှ စတင်ပြုပြင် တည်ဆောက်ခဲ့ရာ ဩဂုတ် ၂၀ ရက်က ပြုပြင် တည်ဆောက်ရေး လုပ်ငန်းများ ပြီးစီးပြီဖြစ်၍ ကျေးလက်နေ ပြည်သူများ၊ ခရီးသွား ပြည်သူများမှ တံတားအား မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များဖြင့် ပုံမှန်အတိုင်းပြန်လည် ဖြတ်သန်းသွားလာခဲ့နိုင်ပြီဖြစ်သည်။ **(အပေါ်ပုံ)**



တောင်းရှည်ချောင်းကူးတံတားသည် ကြေးနန်းတိုင်- နန်းတော်ရာ ကျေးလက်လမ်းပေါ်တွင် တည်ရှိသော တံတားဖြစ်ပြီး ကျေးရွာ ၁၀ ရွာကျော်မှ ပြည်သူများ နေ့စဉ်ဖြတ်သန်းနေသော တံတားတစ်စင်းဖြစ်သည်။ ပျက်စီးခဲ့သည့် အသစ်သား တံတားအနီး၌ တောင်းရှည်ချောင်းကူးအရှည် ၂၉၅ ပေ၊ အကျယ် ၁၈ ပေရှိ သံကူကွန်ကရစ်တံတားသစ်တစ်စင်းကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**ခိုင်ထူး (မြိတ်)**

# ကြာအင်းဆိပ်ကြီးမြို့နယ်၌ ရေကြီးနစ်မြုပ်မှုကြောင့် စာသင်ကျောင်းများ ယာယီပိတ်ထားရာမှပြန်လည်ဖွင့်လှစ်

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၂၁**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ဩဂုတ်လပထမပတ်မှစတင်ကာ မိုးများ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားရာ ကျောင်းသား ကျောင်းသူများ အန္တရာယ်ကင်းစေရေးအတွက် စာသင်ကျောင်း ၉၁ ကျောင်း ယာယီပိတ်ထားခဲ့ရပြီး အချို့ကျောင်းများတွင် ရေဘေးရှောင်စခန်းများ ယာယီဖွင့်လှစ်ပေးခဲ့သည်။

ယခုအခါ ရေများပြန်လည်ကျဆင်းသွားပြီဖြစ်သောကြောင့် ကြာအင်းဆိပ်ကြီးမြို့နယ် အတွင်းရှိ မြို့ပေါ်စာသင်ကျောင်းများနှင့် ကျေးရွာများမှ စာသင်ကျောင်း ၉၁ ကျောင်း အားလုံးပြန်လည်ဖွင့်လှစ်ပြီး အေးချမ်းစွာ စာသင်ကြားနေပြီ ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မြစ်ချောင်းများရေလျှံ၍ ကားလမ်းနှင့် တံတားပေါ်သို့ ရေကျော်နစ်မြုပ်မှုဖြစ်ပွားကာ ခရီးသွားပြည်သူများ ကား၊ ဆိုင်ကယ်များ သွားလာမှု ခက်ခဲခဲ့သည်။ ယခုအခါ မြစ်ချောင်းများ ရေကျဆင်းလျက်ရှိရာ ကားလမ်းနှင့်တံတားများ ပြန်လည်ပေါ်ပြီဖြစ်၍ ကြာအင်းဆိပ်ကြီး- ဘုရားသုံးဆူကြာအင်းဆိပ်ကြီး- ချောင်းနှစ်ခွ-မုဒုံမြို့သို့ အဆင်ပြေစွာ သွားလာနိုင်ပြီးဖြစ်ကြောင်း သိရသည်။

**မျိုးမင်းဦး (ပြန်/ဆက်)**

# သောက်သုံးရေရှားပါးမှုမရှိစေရေး မြေသားမိုးရေလှောင်ကန် တူးဖော်ပေး

**မင်းလှ ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မြေခြားကျေးရွာ၌ သောက်သုံးရေရှားပါးမှုမရှိစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် မြေသားမိုးရေလှောင်ကန်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးနေပြီ ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်နန္ဒာအိက ပြောသည်။

မြေခြားကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဝီစိစက်ရေတွင်း တူးဖော်ပေးနိုင်ရေးအတွက် မြေပြင်တိုင်းတာမှုများ ပြုလုပ်ရာတွင် မြေအောက်ရေအောင်းလွှာမရှိ၍ အဝီစိစက်ရေတွင်းတူးဖော်မရနိုင်ကြောင်း တွေ့ရှိရခြင်း၊ ကျေးရွာပိုင်မြေသားရေကန်တစ်ကန်ရှိသော်လည်း လုံလောက်မှုမရှိခြင်း၊ နှစ်စဉ်နွေရာသီကာလရောက်တိုင်း သောက်သုံးရေပြတ်လပ်သဖြင့် ဌာနဆိုင်ရာ၊ ပုဂ္ဂလိကအဖွဲ့အစည်းများမှ သောက်သုံးရေများ သွားရောက်လှူဒါန်းပေးနေရခြင်းတို့ကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာများ၏ ကြီးကြပ်မှုဖြင့် ရွာသူ ရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လမှ စတင်တူးဖော်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုနှစ် မိုးရာသီမကုန်မီ ဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ မိုးရေများ စတင်ဝင်ရောက်နေပြီဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးက ဆက်လက်ပြောသည်။



မင်းလှမြို့နယ် မြေခြားကျေးရွာ၌ တူးဖော်ထားသည့် မြေသားမိုးရေလှောင်ကန်ကို တွေ့ရစဉ်။

အဆိုပါမြေသားမိုးရေလှောင်ကန်မှာ အလျား ပေ ၅၀၊ အနံပေ ၅၀၊ အနက် ငါးပေ တူးဖော်ခြင်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရရန်ပုံငွေကျပ် ၉ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နည်းပညာအကူအညီနှင့် ရွာသူ ရွာသားများကိုယ်တိုင် တာဝန်ယူ တူးဖော်ခဲ့ခြင်းဖြစ်သည်။

မြေခြားကျေးရွာတွင် မြေသားမိုးရေလှောင်ကန်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၃၁၃ အိမ်၊ လူဦးရေ ၁၃၅၁ ဦးနှင့် တိရစ္ဆာန်များအတွက် နွေရာသီသောက်သုံးရေ အခက်အခဲများ အဆင်ပြေသွားမည်ဖြစ်သည်။

ဆက်လက်၍ ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာနှစ်တွင် မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာရှစ်ရွာ၌ သောက်သုံးရေရှားပါးမှု မရှိစေရန်ရည်ရွယ်၍ မြေသားမိုးရေလှောင်ကန်တူးဖော်ခြင်း လုပ်ငန်းခြောက်ခု၊ ရေပိုလွှဲပြုပြင်ခြင်းတစ်ခု၊ အိမ်တိုင်ရာရောက်ရေရရှိရေးလုပ်ငန်းတစ်ခုတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၆၉ ဒသမ ၃၄ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ငြိမ်းသူ**

# မလှိုင်မြို့နယ်၌ မူခင်းအသိပညာပေးဟောပြော

**မလှိုင် ဩဂုတ် ၂၁**

မလှိုင်မြို့နယ်တွင် ဩဂုတ်လတတိယပတ်က မူခင်းအသိပညာပေးဟောပြောခြင်း ကို မလှိုင်မြို့ အမှတ် ၂ ရပ်ကွက် နယ်မြေ ၁၀ ရှိ ပီတိကိုယ်ပိုင်ဘာသာရပ်သင်တန်းကျောင်း၌ ပြုလုပ်ရာ မလှိုင်မြို့ မြို့မရဲစခန်းမှူး ဒုရဲမှူး သန်းထွန်းနှင့်အဖွဲ့က သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးနှင့် မူခင်းအသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့သည်။

အလားတူ ဝမ်းတွင်းမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး တင်ဝင်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက ရေဆုံးကျေးရွာ ရွာလယ်ဓမ္မာရုံတွင် လည်းကောင်း၊ စခန်းမှူး ရဲအုပ်ယဉ်ထွေးနှင့်အဖွဲ့က ရွှေတောင်နယ်မြေ ရဲစခန်းအပိုင် ကျွတ်ကန်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် လည်းကောင်း သက်ငယ်မုဒိမ်းလျော့နည်းပပျောက်ရေး ဟောပြောဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဘိုဘို (မလှိုင်)**



(၅၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမှတ် (၉) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူး အောင်ကြီး၏ဦးဆောင်မှုဖြင့် လှည်းကူးမြို့နယ် မြို့မဈေးရှေ့ ရန်ကုန်-ပဲခူးလမ်းမကြီးပေါ်တွင် ဖြတ်သန်းသွားလာသော ဆိုင်ကယ်များကို ပြည်သူများ အန္တရာယ်ကင်းရှင်းရေးအတွက် ဩဂုတ် ၁၉ ရက်က ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ပေးဝေစဉ်။ ကိုကိုရှူပ

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၁-၈-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၂၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၅၃၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၂၅၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၅၃၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၅၀/၈၉၀ | ကျပ် | ၉၀၅/၉၂၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၆၀/၉၀၀ | ကျပ် | ၉၂၀/၉၃၅ | ကျပ် |
| အောက်တိန်း ၉၂ | ၇၅၀/၇၉၅ | ကျပ် | ၈၂၅/၈၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၈၈၅ | ကျပ် | ၉၃၅/၉၄၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၂ · ၇ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၉၀ · ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၀၀ · ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၄၉ · ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၂၉ · ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၃၃ · ၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၅ · ၅၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၁၁၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၆ · ၅၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၁၆၄ · ၄၁ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ · ၄၇၈ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

**စတော့အိတ်ချိန်း ဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂၀၀၀ | ၁၂၀၀၀ | ၉၉ | ၁၁၈၈၀၀၀ |
| MTSH | ၄၁၀၀ | ၃၉၀၀ | ၁၇၉၂၅ | ၇၁၅၇၆၈၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၅ | ၄၂၀၀၀ |
| FPB | ၂၆၀၀၀ | ၂၆၀၀၀ | ၁၇၄ | ၄၅၂၄၀၀၀ |
| TMH | ၃၀၅၀ | ၃၀၅၀ | ၉၅၁ | ၂၉၀၀၅၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။


**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၄၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၄၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၄၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၄၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကမ္ဘာပတ်လမ်းကြောင်းထဲက ဆက်သွယ်ရေးဂြိုဟ်တုများ

**သိပ္ပံစာရေးဆရာကိုကိုအောင်**

အမေရိကန် အာကာသသိပ္ပံ ပညာရှင်တို့သည် ၁၉၆၂ ခုနှစ် ဇူလိုင်လအတွင်းက ကမ္ဘာ့ပထမဦးဆုံးသော ဆက်သွယ်ရေး ဂြိုဟ်တုကို ကမ္ဘာပတ်လမ်းကြောင်းထဲ၌ အောင်မြင်စွာ နေရာချထားနိုင်ခဲ့ကြသည်။ ထိုအချိန်မှစ၍ ကမ္ဘာ့ဒေသ တစ်ခုနှင့် တစ်ခု သတင်းပေးပို့ ဖလှယ်မှုများ၏ အမြန်နှုန်းကလည်း ထူးခြားသိသာစွာ တိုးတက်ပြောင်းလဲလာခဲ့သည်။

သတင်းဌာနတစ်ခုအနေဖြင့် ကမ္ဘာအရပ်ရပ်၌ ဖြစ်ပွားခဲ့သော ဖြစ်စဉ်ဖြစ်ရပ်များစွာတို့ကို ဆက်သွယ်ရေးဂြိုဟ်တု၏ အကူအညီဖြင့် နာရီပိုင်းအတွင်း ဖမ်းယူသိရှိနိုင်ပြီး သတင်းစာများတွင် ရိုက်နှိပ်ဖြန့်ဝေနိုင်ခဲ့သည့်အတွက် မြို့ကြီးသူ မြို့ကြီးသားတို့သာမက ကျေးလက်ဒေသများ၌ နေထိုင်သူတို့ပါ ကမ္ဘာ့ သတင်းဦး၊ သတင်းထူးများကို ပူပူနွေးနွေး ဖတ်ရှု သိရှိနိုင်ခဲ့ကြသည်။

**အိုင်စီတီခေတ်၏ ရှေးဦးအစ**

အိုင်စီတီခေတ်၏ ရှေးဦးအစ ပထမဟု ဆိုရမည်ဖြစ်သော တယ်လီဂရပ်ဖ် ခေါ် ကြေးနန်းဖြင့် သတင်းပေးပို့နိုင်ခဲ့သည့် ၁၈၃၀ ပြည့်နှစ်ကာလထက် ရှေးကျသော သတင်းဆက်သွယ်ရေး ခေတ်ဦးပိုင်းကာလများက တစ်နေရာမှ တစ်နေရာသို့ သတင်းပေးပို့ အကြောင်းကြားရာတွင် လူတစ်ယောက် ခြေကျင်လျှောက်နိုင်သောနှုန်း သို့တည်းမဟုတ် မြင်းတစ်ကောင် ပြေးနိုင်သောနှုန်း သို့တည်းမဟုတ် သင်္ဘောတစ်စင်း ရွက်လွှင့်သွားနိုင်သောနှုန်းများထက် မပိုသော အမြန်နှုန်းဖြင့်သာ ဆောင်ရွက်နိုင်ခဲ့ကြသည်။

သတင်းခေတ်ဦးကာလအတွင်းက ကမ္ဘာ့လူသားတို့သည် တစ်နေရာမှတစ်နေရာသို့ လျင်မြန်စွာ သတင်းပေးပို့နိုင်ရန် အတွက် အသိဉာဏ်မြင့်မားသော ငှက်များကို အသုံးချခဲ့ကြသည်။ ထိုနည်းလမ်းသည် အတိုင်းအတာတစ်ရပ်အထိ လျင်မြန်ခဲ့သော်လည်း သတင်းပေးပို့ ဆက်သွယ်ရာတွင် အန္တရာယ်ကင်းပြီး လုံခြုံစိတ်ချရသောနည်း မဟုတ်ကြောင်း တစ်စတစ်စ သိရှိလာခဲ့ကြသည်။

ကြေးနန်းဖြင့် သတင်းပေးပို့ခြင်းသည် အိုင်စီတီခေတ်၏ ရှေးဦးအစ ဖြစ်ခဲ့သလို အတိုင်းအတာတစ်ရပ်အထိ လျင်မြန်ပြီး လုံခြုံစိတ်ချရသော နည်းလမ်းတစ်ရပ်လည်း ဖြစ်ခဲ့သည်။ ထိုမှတစ်ဆင့် ၁၈၅၈ ခုနှစ်အရောက်တွင် အတ္တလန္တိတ်သမုဒ္ဒရာ ရေပြင်အောက်မှ ဖြတ်သန်းသွယ်တန်းထားသော ကြေးနန်းကြိုးများကို အသုံးချကာ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများအကြား ပထမဦးဆုံးသော ပင်လယ်ရပ်ခြား ဆက်သွယ်မှုကို အစပျိုးနိုင်ခဲ့ကြသည်။

**ကမ္ဘာ့ပထမဆုံး ရေဒီယိုဆက်သွယ်ရေး**

၁၈၉၅ ခုနှစ်တွင် အီတလီလူမျိုး ဂူးဂလီမိုး မာကိုနီက ကမ္ဘာ့ ပထမဦးဆုံးသော ရေဒီယိုဆက်သွယ်ရေး အချက်ပြမှုများ စတင်ထုတ်လွှင့်နိုင်ခဲ့ခြင်းကို အကြောင်းပြု၍ ၁၉၁၀ ပြည့်နှစ်တွင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ မက်ထရိုပိုလီတန် အော်ပရာအဆောက်အအုံမှနေ၍ ကမ္ဘာ့ပထမဆုံး ရေဒီယို အသံလွှင့်ချက်များကို စမ်းသပ်ထုတ်လွှင့်နိုင်ခဲ့သည်။

၁၉၅၀ ပြည့်လွန် နှစ်ကာလတွင်မူ ပြီးပြည့်စုံသော ရုပ်မြင်သံကြားစက်များ ပေါ်ပေါက်လာပြီး သတင်းတစ်ခုကို အချက်အလက်များသာမက လှုပ်ရှားမှုရုပ်ပုံများကိုပါ ကမ္ဘာ့ပြည်သူတို့ ကြည့်ရှုနိုင်၊ နားသောတဆင်နိုင် ခဲ့ကြသည်။ ထိုမှတစ်ဖန် ဂရေဟမ်ဘဲလ်နှင့် ပညာရှင်တစ်စုတို့၏ ကြိုးပမ်းတီထွင်မှုဖြင့် ၁၉၅၆ ခုနှစ်တွင် စကားပြောကြေးနန်း ခေါ် တယ်လီဖုန်းကို အသုံးပြုကာ ဝေးကွာလှသော ပင်လယ်ရပ်ခြားဒေသများ အချင်းချင်း အပြန်အလှန် စကားပြောဆက်သွယ်နိုင်ခဲ့ကြသည်။

တဖြည်းဖြည်း ပြောင်းလဲတိုးတက် ဆန်းသစ်လာသော ဆက်သွယ်ရေးနည်းပညာများသည် ၁၉၆၂ ခုနှစ်က ကမ္ဘာ ပတ်လမ်းကြောင်းအတွင်း၌ ချထားခဲ့သော ဆက်သွယ်ရေး ဂြိုဟ်တုနှင့် ဂြိုဟ်တုဆက်သွယ်ရေးဆိုင်ရာ နည်းပညာများကြောင့် တစ်ဆစ်ချိုး ထပ်မံပြောင်းလဲ တိုးတက်ခဲ့ပြန်သည်။

၁၉၆၉ ခုနှစ် ဇူလိုင်လအတွင်းက အပိုလို ၁၁ အာကာသယာဉ်ဖြင့် လိုက်ပါသွားသော အမေရိကန် အာကာသယာဉ်မှူး နီးလ်အမ်းစထရောင်းက လမျက်နှာပြင်ပေါ်သို့ သတိကြီးစွာဖြင့် ပထမဆုံး ဆင်းသက်ခြေချနေသည်ကို ဆက်သွယ်ရေးဂြိုဟ်တု နှင့် ရုပ်မြင်သံကြားစက်များ၏ အကူအညီဖြင့် ကမ္ဘာတစ်ဝန်းရှိ သန်းပေါင်းများစွာသော ပြည်သူတို့ တအံ့တသြ ကြည့်ရှုနိုင်ခဲ့ကြသည်။



ကမ္ဘာပတ်လမ်းကြောင်းထဲမှ အမေရိကန်ပြည်ထောင်စုက လွှတ်တင်ထားသော ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံး

**မျက်မှောက်ကာလ ဆက်သွယ်ရေးဂြိုဟ်တုများ**

ယနေ့ မျက်မှောက်ကာလတွင် ဂြိုဟ်တုဆက်သွယ်ရေး ဆိုင်ရာ နည်းပညာက အံ့သြဖွယ်ကောင်းလောက်အောင် အရှိန်အဟုန်ပြင်းစွာ တိုးတက်လျက်ရှိသည်။ ကမ္ဘာအရပ်ရပ်တွင် သုံးစွဲနေကြသော သန်းပေါင်းထောင်ချီရှိသည့် လက်ကိုင်ဖုန်းများ၊ သတင်းဌာနများနှင့် ရုပ်မြင်သံကြားထုတ်လွှင့်ရေး အေဂျင်စီများ စသည်တို့၏ ဆက်သွယ်မှုကွန်ရက် စနစ်များသည် ကမ္ဘာပတ်လမ်းကြောင်းအတွင်း၌ လွှတ်တင်ထားသော ဆက်သွယ်ရေးဂြိုဟ်တု အလုံးပေါင်း ၂၅၀၀ ကျော်အပေါ်၌ ရာနှုန်းပြည့် တည်မှီလျက်ရှိသည်။

ယင်းဆက်သွယ်ရေးဂြိုဟ်တုများကို ကမ္ဘာပတ်လမ်းကြောင်း အတွင်း တစ်လုံးနှင့်တစ်လုံး ကီလိုမီတာ ၈၀၀ မှ ကီလိုမီတာ ၃၂၀၀ အထိ ကွာဝေးအောင် နေရာချထားသည့်အတွက် အချင်းချင်းတိုက်မိရန် အလွန်ခဲယဉ်းသည်။ သို့ရာတွင် ထူးခြားဖြစ်စဉ်အနေဖြင့် ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလက အာကာသ အတွင်း၌ လွင့်မျောနေသည့် ရုရှားစစ်ဘက်ဆိုင်ရာ ဂြိုဟ်တု အဟောင်းတစ်လုံးက အမေရိကန် ဆက်သွယ်ရေးဂြိုဟ်တု အီရီဒီယံ ၃၃ ကို ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသအထက် ကီလိုမီတာ ၈၀၀ အမြင့်ရှိ ကမ္ဘာပတ် လမ်းကြောင်းထဲတွင် ဝင်တိုက်မိခဲ့သည်။

**“ကမ္ဘာပတ်လမ်းကြောင်းအတွင်း၌ နေရာချထားသော ဂြိုဟ်တုများသည် သက်တမ်းကုန်၍ ကမ္ဘာပေါ်သို့ ပျက်ကျလာချိန်တွင် ၂၄ နာရီတိုင်း၌ တစ်ပတ် လည်ပတ်နေသော ကမ္ဘာကြီး၏ ပထဝီသဘောတရားကြောင့် အဆိုပါဂြိုဟ်တု ပျက်ကျနိုင်သည့်နေရာကို အတိအကျ မှန်းဆ၍ မရနိုင်ပေ။ ယုတ်စွအဆုံး ဂြိုဟ်တုပျက်ယွင်း၍ ကမ္ဘာ့မြေပြင်ပေါ် ကျရောက်ခါနီး နှစ်နာရီခန့်မျှ လိုသောအချိန်၌ပင် ခန့်မှန်းချက်များ လွဲချော်သွားနိုင်သေးသည်”**

ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံး၏ ပျမ်းမျှတန်ဖိုးမှာ အမေရိကန်ဒေါ်လာ လေးသန်းမှ ငါးသန်းအတွင်းသာ ရှိသော်လည်း ယင်းဂြိုဟ်တုကို ကမ္ဘာပတ်လမ်းကြောင်းအတွင်း နေရာချထားနိုင်ရန် ဒုံးပျံဖြင့် ပစ်လွှတ်ရသည့်အတွက် အဆိုပါဒုံးပျံ၏ ကုန်ကျစရိတ်၊ ဒုံးပစ်စင်၏ ကုန်ကျစရိတ် စသည်တို့ကိုပါ ထည့်သွင်းတွက်ချက်ပါက ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို ကမ္ဘာပတ်လမ်းကြောင်းအတွင်း ချထားနိုင်ရန် အမေရိကန် ဒေါ်လာ သန်းပေါင်းထောင်နှင့်ချီ၍ အကုန်အကျခံကြရသည်။

ဂြိုဟ်တုတစ်လုံး၏ သက်တမ်းသည် စတင် နေရာချထားသည့်အချိန်မှ ဂျက်လောင်စာတွန်းကန်အား ကျသွားချိန်အထိသာလျှင် ဖြစ်သည်။ ဂျက်လောင်စာတွန်းကန်အား လျော့ကျသွားသည်နှင့် ကမ္ဘာမြေ၏ဆွဲအားကြောင့် တဖြည်းဖြည်း နိမ့်ဆင်းလာကာ ကမ္ဘာ့လေထုအတွင်းသို့ ရောက်ရှိသည်နှင့် လေထုထဲရှိအမှုန်အမွှားများနှင့် ထိတွေ့ပွတ်တိုက်ပြီး မီးလောင်ပြာကျသွားရသည်။

ကမ္ဘာပတ်လမ်းကြောင်းအတွင်း၌ နေရာချထားသော ဂြိုဟ်တုများသည် သက်တမ်းကုန်၍ ကမ္ဘာပေါ်သို့ ပျက်ကျလာချိန်တွင် ၂၄ နာရီတိုင်း၌ တစ်ပတ် လည်ပတ်နေသော ကမ္ဘာကြီး၏ ပထဝီသဘောတရားကြောင့် အဆိုပါဂြိုဟ်တု ပျက်ကျနိုင်သည့်နေရာကို အတိအကျ မှန်းဆ၍ မရနိုင်ပေ။ ယုတ်စွအဆုံး ဂြိုဟ်တုပျက်ယွင်း၍ ကမ္ဘာ့မြေပြင်ပေါ် ကျရောက်ခါနီး နှစ်နာရီခန့်မျှ လိုသောအချိန်၌ပင် ခန့်မှန်းချက်များ လွဲချော်သွားနိုင်သေးသည်။

**ဂြိုဟ်တုများပျက်ကျလျှင်**

သို့ရာတွင် ဂြိုဟ်တုများ ပျက်ကျသည့်အခါ အစိတ်အပိုင်း အများစုမှာ မီးလောင်ပျက်စီးသွားကြသည်သာ ဖြစ်သည်။ အပူဒဏ်ခံနိုင်ရန် တိုက်တေနီယမ်၊ သံမဏိ စသည်တို့ဖြင့် အထူးပြုလုပ်ထားသည့် လောင်စာကန်ကဲ့သို့သော အစိတ်အပိုင်းများသည်သာလျှင် မီးမလောင်နိုင်ဘဲ မြေပြင်ပေါ် သို့မဟုတ် ပင်လယ်နှင့် သမုဒ္ဒရာများအတွင်းသို့ သက်ဆင်း ကျရောက်လာနိုင်သည်။

ဆက်သွယ်ရေးဂြိုဟ်တုများ အပါအဝင် ပျက်ကျလာသော ဂြိုဟ်တုအပျက်အစီး အစိတ်အပိုင်းများသည် ရေဒီယိုသတ္တိကြွနှုန်း မြင့်မားနေနိုင်သဖြင့် လွယ်လင့်တကူ ကောက်ယူ သယ်ဆောင်ခြင်း မပြုသင့်ပေ။ သယ်ယူသူများနှင့် ရွှေ့ပြောင်း သယ်ဆောင်ထားသိုရာ လမ်းကြောင်းတစ်လျှောက်တွင် ရှိနေသူများအား ပြင်းထန်သော ကင်ဆာဝေဒနာများ ဖြစ်ပွားစေနိုင်သည်ကို သတိပြုကြရမည် ဖြစ်သည်။

ဆက်သွယ်ရေးဂြိုဟ်တုနှင့် မိုးလေဝသဂြိုဟ်တု စသော ဂြိုဟ်တုများ သက်တမ်းကုန်ဆုံးချိန် ရောက်လာသည့်အခါ ပျက်မကျစေဘဲ အာကာသထဲ၌ ဆက်လက်ထားရှိနိုင်သော်လည်း ယင်းကဲ့သို့ အာကာသထဲ၌ တည်ရှိနေစေရေးအတွက် ကမ္ဘာ့မြေပြင်စခန်းမှနေ၍ ထိန်းချုပ်ကွပ်ကဲရသော စရိတ်စကများက အလွန်ကြီးမားသောကြောင့် ပျက်ကျစေခြင်း ဖြစ်သည်။ ဂြိုဟ်တုများကို ကမ္ဘာပတ်လမ်းကြောင်းထဲ၌ နေရာချထားသည့်အခါ ဒုံးကန်စက်ကလေးများကိုသုံး၍ လိုရာ လမ်းကြောင်းသို့ ရောက်ရှိစေနိုင်သလို ထို့ထက် ပိုမိုမြင့်မားသော လမ်းကြောင်းဆီသို့လည်း နေရာရွှေ့ပြောင်းပေးနိုင်သည်။

ဆက်သွယ်ရေးဂြိုဟ်တု အပါအဝင် ဂြိုဟ်တုအမျိုးမျိုးတို့ကိုလည်းကောင်း၊ လပေါ်သို့ အရောက်သွားမည့် ဂြိုဟ်ပတ်ယာဉ်နှင့် လဆင်းယာဉ်များကိုလည်းကောင်း၊ နိုင်ငံတကာအာကာသ စခန်းယာဉ်(International Space Station - ISS) ဆီသို့ သုတေသနဆိုင်ရာ ပစ္စည်းများနှင့် ကုန်စည်များကို သယ်ယူပို့ဆောင်ပေးမည့် ကုန်တင် အာကာသယာဉ်များကို လည်းကောင်း၊ အင်္ဂါဂြိုဟ်လေ့လာရေး အာကာသယာဉ် အပါအဝင် အာကာသ စူးစမ်းလေ့လာရေးယာဉ်နှင့် အာကာသ သုတေသနယာဉ် အမျိုးမျိုးတို့ကိုလည်းကောင်း ကမ္ဘာ့မြေပြင်ပေါ်မှ အာကာသဟင်းလင်းပြင်ထဲသို့ ပစ်လွှတ်ရာတွင် ဒုံးပျံများကို အသုံးပြုကြရသည်။

**ဒုံးပျံများ**

ဒုံးပျံများသည် အာကာသထဲသို့ ပစ်လွှတ်မည့် ဂြိုဟ်တုများ နှင့် အာကာသယာဉ် အမျိုးမျိုးတို့အား ကမ္ဘာ့မြေဆွဲအားကို ဆန့်ကျင်လျက် အာကာသ ဟင်းလင်းပြင်ကြီးဆီသို့ တွန်းပို့နိုင်ရန် အောက်ဆီဂျင်ဓာတ်ငွေ့အပါအဝင် အခြားသော ဓာတုလောင်စာများကို အသုံးပြုရသည်။ ဒုံးပျံများကို အာကာသ အတွင်းသို့ တွန်းပို့နိုင်ရန်အတွက် ဓာတုလောင်စာများ စွမ်းအားပြည့် လောင်ကျွမ်းနိုင်ရန် အောက်ဆီဂျင်ဓာတ်ငွေ့ကို ထည့်သွင်းပေးထားရခြင်းဖြစ်သည်။

ဒုံးပျံအင်ဂျင်သည် မော်တော်ကားအင်ဂျင်၊ သင်္ဘော အင်ဂျင်၊ ရထားအင်ဂျင်၊ လေယာဉ်အင်ဂျင်များကဲ့သို့ စက်ပစ္စည်းအစိတ်အပိုင်းများ၏ လည်ပတ်လှုပ်ရှားမှု လုံးဝမရှိဘဲ ဓာတုလောင်စာများ လောင်ကျွမ်းရာမှ ထွက်ပေါ်လာသည့် စွန့်ထုတ်ဓာတ်ငွေ့များ၏ တွန်းကန်အားဖြင့်သာ ရွေ့လျားမောင်းနှင်ရသော အင်ဂျင်အမျိုးအစားဖြစ်သည်။

မော်တော်ကားအင်ဂျင်၊ သင်္ဘောအင်ဂျင်၊ ရထားအင်ဂျင် နှင့် လေယာဉ်အင်ဂျင်များသည် စွမ်းအင်ရရှိရေးအတွက် ထည့်သွင်းအသုံးပြုထားသော ရုပ်ကြွင်းလောင်စာများ လောင်ကျွမ်းပေါက်ကွဲနိုင်ရန် လေထုထဲမှ အောက်ဆီဂျင် ဓာတ်ငွေ့ကို စုပ်ယူ အသုံးပြုကြရသည်။ သို့ဖြစ်၍ အဆိုပါ အင်ဂျင်များကို အောက်ဆီဂျင်ရှိသောနေရာ တစ်နည်းအားဖြင့် ကမ္ဘာ့လေထုအတွင်း၌သာ အသုံးပြုနိုင်သည်။

သို့ရာတွင် ဒုံးပျံအင်ဂျင်များကမူ အသင့် ကြိုတင်ထည့်သွင်းထားသော အောက်ဆီဂျင်ဓာတ်ငွေ့နှင့် ဓာတုလောင်စာများ ရောနှောလောင်ကျွမ်းမှုကြောင့် တွန်းအားကို ရရှိသည့်အတွက် ကမ္ဘာ့လေထုအတွင်း၌ သာမက လေထုကင်းမဲ့သော အာကာသဟင်းလင်းပြင်ထဲ၌ပါ အသုံးပြုနိုင်သည်။

ဒုံးပျံများတွင် လောင်စာအဖြစ် ထည့်သွင်းအသုံးပြုရသော ဓာတုပစ္စည်းများကို အချိုးအစားမှန်ကန်အောင် ရောစပ်စီစဉ် ထည့်သွင်းကြရသည်။ လက်နက်နှင့် မီးရှူးမီးပန်းများ ထုတ်လုပ်ရာတွင် အသုံးပြုသော ယမ်းမှုန့်များ၌ နိုက်ထရိတ် ၇၅ ရာခိုင်နှုန်း၊ ကာဗွန် ၁၅ ရာခိုင်နှုန်းနှင့် ဆာလ်ဖာ ၁၀ ရာခိုင်နှုန်း အသီးသီး ပါဝင်ကြသည်။ သို့ဖြစ်၍ အဆိုပါ ယမ်းမှုန့်များကို လောင်ကျွမ်းစေသည့်အခါ ပေါက်ကွဲမှုလည်း တစ်ပါတည်း ဖြစ်ပေါ်လာသည်။

ဒုံးပျံအင်ဂျင်များအနေဖြင့်မူ လောင်ကျွမ်းရုံသက်သက်သာ လိုအပ်ပြီး ပေါက်ကွဲမှုအဆင့်အထိ မလိုအပ်သည့်အတွက် ဒုံးပျံလောင်စာများကို နိုက်ထရိတ် ၇၂ ရာခိုင်နှုန်း၊ ကာဗွန် ၂၄ ရာခိုင်နှုန်းနှင့် ဆာလ်ဖာ ၄ ရာခိုင်နှုန်း အချိုးအစားအတိုင်း ရောစပ်ထားရသည်။ သို့ဖြစ်၍ ပေါက်ကွဲမှု မဖြစ်နိုင်တော့ဘဲ အရှိန်ပြင်းပြင်းဖြင့်သာ လောင်ကျွမ်းသည့် လောင်စာများ အဖြစ် ဒုံးပျံများကို အာကာသအတွင်းသို့ လျင်မြန်စွာ တွန်းပို့ ပေးနိုင်ကြသည်။

ဤသည်ကား ဒုံးပျံများကို ကမ္ဘာ့မြေပြင်ပေါ်မှ အာကာသ ဟင်းလင်းပြင်ဆီသို့ တွန်းပို့ရာတွင် အသုံးပြုရသော လောင်စာ အခဲများ၏ အလုပ်လုပ်ဆောင်ပုံ သဘောတရားပင်ဖြစ်သည်။ ဤသို့သော ဒုံးပျံသုံး လောင်စာခဲများသည် စတင်လောင်ကျွမ်း သည်မှစ၍ လောင်စာကုန်သည့်အချိန်အထိ အဆက်မပြတ် လောင်ကျွမ်းကြသည့်အတွက် လိုသလိုထိန်းချုပ်၍ မရနိုင်ပေ။

ဆက်သွယ်ရေးဂြိုဟ်တုနှင့် မိုးလေဝသဂြိုဟ်တုများကို ကမ္ဘာပတ်လမ်းကြောင်းအတွင်း၌ နေရာချထားခြင်း၊ နေရာ ရွှေ့ပြောင်းခြင်း၊ သက်တမ်းကုန်ဆုံးချိန် ရောက်ရှိသော်လည်း အာကာသထဲ၌ပင် ဆက်လက်ထားရှိခြင်းစသည့် ကိစ္စရပ်များ အတွက်မူ လောင်စာအခဲကို မသုံးဘဲ လောင်စာအရည်များ ကိုသာလျှင် အသုံးပြုကြရသည်။ လောင်စာအရည်ကို အသုံး ပြုသော ဒုံးကန်စက်ကလေးများကို ဂြိုဟ်တုများ၌ တပ်ဆင် တည်ဆောက်ပေးထားသည့်အတွက် အဆိုပါဂြိုဟ်တုများကို မြေပြင်စခန်းမှနေ၍ လိုသလို ထိန်းချုပ် ပဲ့ကိုင်ပေးနိုင်ကြသည်။

ဤသို့အားဖြင့် စဉ်ဆက်မပြတ် တိုးတက်နေသော အိုင်စီတီ နယ်ပယ်ကြီးအတွက် ဆက်သွယ်ရေးဂြိုဟ်တုများက အဓိက အခန်းကဏ္ဍတွင် ရှိနေကြသလို အနာဂတ်ကာလ ကမ္ဘာ့ပြည်သူ တို့၏ ဆက်သွယ်ရေးဆိုင်ရာ ကိစ္စအဝဝနှင့်တကွ အာကာသ စူးစမ်းလေ့လာရေး၊ အာကာသ သုတေသနလုပ်ငန်း၊ အာကာသ ခရီးသွားလုပ်ငန်းများအတွက်လည်း ဆက်သွယ်ရေးဂြိုဟ်တု များက ယခုထက်ပို၍ပင် အရေးပါ အရာရောက်နေမည်မှာ ဧကန်မလွဲ ဖြစ်ပေတော့သည်။ ။

## မွန်နှင့် ကရင်ပြည်နယ်မှ ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံ ဆရာဝန်အသင်းက အလှူငွေများလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၁

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့အတွင်းမှ ရေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးရာတွင် အသုံးပြုနိုင်ရန်အတွက် အလှူငွေ ကျပ်သိန်း ၁၅၀ ကို မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့က ဩဂုတ် ၁၇ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ပြုလုပ်ခဲ့သည့် အလှူငွေပေးအပ်ပွဲတွင် မွန်ပြည်နယ်အတွင်းမှ ရေဘေးသင့် ပြည်သူများအတွက် မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) အလုပ်အမှုဆောင်အဖွဲ့က အလှူငွေ ကျပ်သိန်း ၅၀ နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း အလုပ်အမှုဆောင်အဖွဲ့က အလှူငွေ ကျပ်သိန်း ၅၀ ကို မြန်မာနိုင်ငံ ဆရာဝန်အသင်း(မွန်ပြည်နယ်) အလုပ်အမှုဆောင်အဖွဲ့ကိုယ်စား အတွင်းရေးမှူး ဒေါက်တာသန်းလွင်ထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ကရင်ပြည်နယ်အတွင်းမှ ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)မှ အလှူငွေ ကျပ်သိန်း ၅၀ ကိုလည်း မြန်မာနိုင်ငံ ဆရာဝန်အသင်း(မွန်ပြည်နယ်) အလုပ်အမှုဆောင်အဖွဲ့ကိုယ်စား အတွင်းရေးမှူး ဒေါက်တာမျိုးမြင့်မြတ်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာစိုင်းကျော်ခမ်းလောင်တို့ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ဗထူး**

# ခြောက်ခရိုင် ဘောလုံးပြိုင်ပွဲသို့ ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်အားပေး

**မြောင်းမြ ဩဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ မြို့မအားကစားကွင်း၌ တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခြောက်ခရိုင်အသက် (၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဩဂုတ် ၂၀ ရက်က ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် ဝန်ကြီးများ တက်ရောက်အမှာစကားပြောကြားပြီး ဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့ကာ ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးခဲ့သည်။

ဘောလုံးပြိုင်ပွဲဖွင့်ပွဲနေ့တွင် မြောင်းမြခရိုင် ဘောလုံးအသင်းနှင့် ဟင်္သာတခရိုင် ဘောလုံးအသင်းတို့ ပွဲဦးထွက် ယှဉ်ပြိုင်ကစားခဲ့ကြပြီး အဆိုပါပြိုင်ပွဲတွင် ပုသိမ်ခရိုင်၊ ဖျာပုံခရိုင်၊ ဟင်္သာတခရိုင်၊ မအူပင်ခရိုင်၊ မြောင်းမြခရိုင်နှင့် လပွတ္တာခရိုင်တို့မှ အသက် (၂၁)နှစ်အောက် လူငယ်ဘောလုံးအသင်းများ ပါဝင်ယှဉ်ပြိုင်ကြကာ ပြိုင်ပွဲကို ဩဂုတ် ၂၀ ရက်မှ ဩဂုတ် ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**လွိုင်ကော် ဩဂုတ် ၂၁**

ကယားပြည်နယ်အတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါးကင်းစင်ရေးတို့နှင့် ပတ်သက်၍ ပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ကယားပြည်နယ် အစိုးရအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၄/၂၀၁၉) ကို ဩဂုတ် ၂၀ ရက်က လွိုင်ကော်မြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ဌာနဆိုင်ရာများအနေဖြင့် မိမိတို့ဌာနအလိုက် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နေသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ အချို့ ဌာနဆိုင်ရာများအနေဖြင့် အချို့လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြားသော အဖွဲ့အစည်းများနှင့် အဆင်ပြေအောင် ကြိုးပမ်းဆောင်ရွက်နေရသည်ကိုလည်း သိရှိရကြောင်း၊ အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြစေလိုကြောင်း အမှာစကားပြောကြားသည်။



ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးစဉ်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၏ ယခင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်နေမှု အခြေအနေများ၊ ပေါင်းစပ်ဆောင်ရွက်ပေးရန်နှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက တင်ပြဆွေးနွေးကြပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။ အစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

**လွိုင်ကော်သား**

# ကိုရီးယားမှလှူဒါန်းသော ဆန် ၁၀ တန်(အိတ် ၂၅၀)ကို မွန်ပြည်နယ်သို့ ထောက်ပံ့လှူဒါန်း




အရေးပေါ် အရန်ဆန်ရိက္ခာအစီအစဉ်အရ လှူဒါန်းသော ဆန်အိတ်များကို ပြည်နယ်ဝန်ကြီးထံ ပေးအပ်စဉ်

**ကျိုက်မရော ဩဂုတ် ၂၁**

အာဆီယံအပေါင်း(၃) အရေးပေါ် အရန်ဆန်ရိက္ခာ အစီအစဉ်အရ ကိုရီးယားသမ္မတ နိုင်ငံမှ လှူဒါန်းသော ဆန် ၁၀ တန်(၄၀ ကီလိုဂရမ် အိတ် ၂၅၀)ကို မွန်ပြည်နယ်အတွင်းမှ ရေဘေးသင့်ပြည်သူများထံသို့ ထောက်ပံ့လှူဒါန်းပွဲကို ကျိုက်မရော မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၀ ရက်က ကျင်းပခဲ့သည်။

လှူဒါန်းပွဲတွင် မွန်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဌေးက မွန်ပြည်နယ်မှ ရေဘေးသင့်ပြည်သူများအား ဆန်များ လာရောက်လှူဒါန်းပေးသည့် အဖွဲ့အား ကျေးဇူးတင်စကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက နိုင်ငံတွင် အရေးပေါ်ကိစ္စရပ်များကြုံသည့်အခါ အကောင်းဆုံး ကူညီနိုင်စေမည့် အစီအစဉ်တစ်ခုဖြစ်သည့် အာဆီယံ အပေါင်း (၃) အရေးပေါ် အရန်ဆန်ရိက္ခာ လှူဒါန်းခြင်း အစီအစဉ်အကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျိုက်မရောမြို့နယ်မှ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသော ဆန်များကို မွန်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ရာ ပြည်နယ်အစိုးရကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးက လက်ခံရယူပြီး ရေဘေးသင့်ပြည်သူများထံဖြန့်ဝေပေးရန် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောအောင်ခိုင်မြင့်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောကျော်ဝင်းမောင်တို့ထံ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ အာဆီယံအပေါင်း(၃) အရေးပေါ် အရန်ဆန်ရိက္ခာ အစီအစဉ်အရ ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသော ဆန်တန်ချိန် ၁၀ တန်(အိတ် ၂၅၀)ကို လက်ရှိ ရေဘေးသင့် ခံစားနေရသည့် ကျိုက်မရောမြို့နယ်မှ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**မေမိုးသဲ**

# မြသလွန်စေတီ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်ကို မြန်မာ့စီးပွားရေးဘဏ်တွင် အပ်နှံထား

**မကွေး ဩဂုတ် ၂၁**

မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီးတွင် ဆဌမအကြိမ် လုံးတော်ပြည့် မျက်ပါးရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်းကို စေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်မည်ဖြစ်ရာ စေတီတော်၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်ကို ယာယီပင့်ချ၍ မကွေးမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် အပ်နှံထားကြောင်း သိရသည်။

စေတီတော် ရွှေသင်္ကန်းကပ်ရန် ငြမ်းဆင်ခြင်းကို ငြမ်းပညာရှင် ဦးမင်းထက်မြတ်နှင့်အဖွဲ့က ဩဂုတ် ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၉ ရက်တွင် စေတီဦးအထိ ငြမ်းဆင်ပြီးသဖြင့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ဩဂုတ် ၂၀ ရက် နံနက်တွင် စေတီဦးမှ ပင့်ချကာ စေတီတော်ရင်ပြင် မဟာဝိဇယရံသီတန်ဆောင်းအတွင်း စနစ်တကျ စစ်ဆေး မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ပြီးနောက် မသမာသူများ မနှောင့်ယှက်နိုင်ရန်နှင့် မလိုလားအပ်သော ပြဿနာများ မဖြစ်ပွားစေရန်အတွက် စေတီတော်၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် ထည့်ထားသည့် သံသေတ္တာကြီးကို အစဉ်အလာအတိုင်း မြန်မာ့စီးပွားရေးဘဏ်တွင် Unknown Box အဖြစ် အပ်နှံခဲ့ခြင်းဖြစ်သည်။

စေတီတော်မြတ်ကြီး လုံးတော်ပြည့် မျက်ပါးရွှေသင်္ကန်းတော်များ ကပ်လှူပြီးသည်အထိ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်ကို ဘဏ်တွင် အပ်နှံထားမည်ဖြစ်ပြီး သင်္ကန်းကပ်လှူပြီးချိန်တွင်မှ မြန်မာ့စီးပွားရေးဘဏ်မှ ပြန်လည်ပင့်ဆောင်၍ မြသလွန်စေတီသို့ တင်လှူပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ဇဖဲ)**

# မကွေးတိုင်းဒေသကြီး၌ တရားမဝင်ရေနံလုပ်ကွက်များ ခွင့်ပြုထားခြင်းမရှိဘဲ တွေ့ရှိလျှင် ဖမ်းဆီးမည်

**မကွေး ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီးအတွင်း တရားမဝင် ရေနံလုပ်ကွက်များကို တိုင်းဒေသကြီးအစိုးရအနေဖြင့် ခွင့်ပြုပေးထားခြင်းမရှိဘဲ တွေ့ရှိပါက ဖမ်းဆီးအရေးယူသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး သဘာဝပတ်ဝန်းကျင်၊ သယံဇာတရေးရာ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်ထံမှ သိရသည်။

ဩဂုတ် ၁၉ ရက် မွန်းလွဲပိုင်းက မကွေးဒေသခံ မီဒီယာများအား ဝန်ကြီးက ၎င်း၏ ရုံးခန်း၌ လက်ခံတွေ့ဆုံစဉ် ပြောကြားခဲ့ခြင်းဖြစ်ပြီး လက်ရှိအစိုးရလက်ထက် ၂၀၁၆ ဇွန် ၂ ရက်မှ ၂၀၁၉ ဇူလိုင်လကုန်အထိ မကွေးတိုင်းဒေသကြီးအတွင်း ရေနံလုပ်ငန်းမှ အခွန် ကျပ်ဘီလီယံ ၂၀ ဝန်းကျင် ရရှိခဲ့သည်ဟုလည်း ဝန်ကြီးထံမှ သိရသည်။

“ရေနံကနေ တစ်လကို တစ်ဘီလီယံလောက်ရတယ်၊ ကျပ် သန်းတစ်ထောင်ပေါ့၊ တိုင်းအတွင်းမှာ ပြည်ထောင်စုက တရားဝင်ခွင့်ပြုထားတာ တရားဝင်လုပ်ကွက် ၁၄ ကွက်ရှိတယ်၊ တရားမဝင်ကတော့ ခွင့်ပြုမထားပါဘူး၊ တွေ့ရင်တော့ ဖမ်းမှာပဲ”ဟု ဝန်ကြီးက ပြောသည်။

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် သရက်ကန်ကျေးရွာတွင် တရားမဝင် ရေနံတူးဖော်၊ သယ်ဆောင်သူများထံမှ ငွေကြေးကောက်ခံမှုကိစ္စကို တိုင်ကြားချက်အရ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စစ်ဆေးခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး တစ်ဦး၊ ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်း တစ်ဦးနှင့် ရဲတပ်ဖွဲ့မှ ရဲအုပ်အဆင့်ရှိသူ တစ်ဦးတို့အား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူခဲ့ရသည့် ဖြစ်စဉ်တစ်ခု ၂၀၁၉ ဇွန်လအတွင်းက ရှိခဲ့ဖူးကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# ဆွတ်ဂျုတ်ရေလွှဲဆည်ပြုပြင်မှုများ ရာနှုန်းပြည့်ပြီးစီး

**ဝိုင်းမော် ဩဂုတ် ၂၁**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်း ဇွန်လနောက်ဆုံးပတ်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပျက်စီးခဲ့သည့် မန်ဝိန်းကျေးရွာရှိ ဆွတ်ဂျုတ်ရေလွှဲဆည်ကို ဩဂုတ် ၂၀ ရက်တွင် ရာနှုန်းပြည့် ပြန်လည်ပြုပြင်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရေလွှဲဆည် ပြုပြင်ပြီးသည့် အခြေအနေများကို ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါ ရေလွှဲဆည်မှာ ဇွန် ၂၆ ရက်ညပိုင်းက ဝိုင်းမော်မြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ရေလွှဲဆည်တာပေါင်၌ အမိုက်များပိတ်ဆို့၍ အရှည် ပေ ၃၀၊ အမြင့် ရှစ်ပေ၊ ထု နှစ်ပေခွဲရှိ တာပေါင် ကျိုးပေါက်ခဲ့ခြင်းဖြစ်ကာ တာဝန်ရှိသူများက ဇူလိုင် ၃ ရက်မှစ၍ ပြုပြင်ခဲ့ရာတွင် ယခုအခါ ရာနှုန်းပြည့် ပြုပြင်ပြီးစီးသွား၍ ဆွတ်ဂျုတ်ဆည် ရေသောက်ရေိယာအတွင်းရှိ မန်ဝိန်းကျေးရွာနေ ပြည်သူများ၏ လယ်မြေဧက ၂၀၀ ကျော်ကို ဆည်ရေပေးဝေနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ကရင်ပြည်နယ် ရေဘေးပြန်လည်ထူထောင်ရေးအတွက် ငွေနှင့် ပစ္စည်းများ လှူဒါန်း

**ဘားအံ ဩဂုတ် ၂၁**

ကရင်ပြည်နယ်အတွင်း ဩဂုတ်လဆန်းပိုင်းမှစ၍ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီး လက်ရှိအချိန်တွင် ရေများ ပြန်လည်ကျဆင်းနေပြီဖြစ်ရာ ပြည်နယ်အတွင်းမှ ရေကြီးခဲ့သောမြို့နယ်များ၌ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို မြန်မာနိုင်ငံ အိမ်ခြံမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်းက ဩဂုတ် ၂၀ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။

ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲတွင် မြန်မာနိုင်ငံ အိမ်ခြံမြေဖွံ့ဖြိုးတိုးတက်ရေး အသင်းမှ ဒုတိယ ဥက္ကဋ္ဌ-၂ ဦးကျော်နန္ဒက ကရင်ပြည်နယ်မှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေကျပ် ၇၇ သိန်းနှင့် ကျပ်သိန်း ၆၀ တန်ဖိုးရှိ အဝတ်အထည်နှင့် စားသောက် ကုန်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့သည်။

အလှူငွေနှင့် ပစ္စည်းများကို ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေး ဝန်ကြီး ဦးသန်းနိုင်၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဦးခွန်မျိုးတင့်၊ ပြည်နယ်ဥပဒေချုပ် ဦးစောချစ်မြင့်လေးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး အိမ်ခြံမြေဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ တာဝန်ရှိသူများထံသို့ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**




အိမ်ခြံမြေဖွံ့ဖြိုးတိုးတက်ရေးအသင်းက အလှူငွေ ကျပ် ၇၇ သိန်းကို ပေးအပ်လှူဒါန်းစဉ်

# မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

## အခန်း (၅)
## မြေကို သိမ်းဆည်းရန်လိုအပ်ကြောင်း အသိပေးသည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်းနှင့် ကန့်ကွက်လွှာတင်သွင်းခြင်း

၁၆။ ဗဟိုကော်မတီသည် -

(က) မြေကိုအလိုရှိကြောင်း တင်ပြသည့် အဆိုပြုချက်နှင့် စပ်လျဉ်း၍ စိစစ်ချက်နှင့် စစ်ဆေးချက်တို့အရ အဆိုပြုသည့်မြေကို အများပြည်သူ အကျိုးအလို့ငှာ သိမ်းဆည်းရန် လိုအပ်ကြောင်း တွေ့ရှိပါက အများပြည်သူသိရှိရန် ထိုမြေကို သိမ်းဆည်းရန် လိုအပ်ကြောင်း အသိပေးသည့် အမိန့်ကြော်ငြာစာကို ထုတ်ပြန်ကြေညာရမည်။

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ပြန်ကြေညာမည့် အမိန့်ကြော်ငြာစာတွင် အောက်ပါအချက်များ ဖော်ပြပါရှိရမည် -

(၁) မြေတည်ရှိရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၊ ကွင်း သို့မဟုတ် အကွက်အမှတ်နှင့် အမည်၊ ခန့်မှန်းဧရိယာ၊ မြေအမျိုးအစားစသော မြေနှင့်သက်ဆိုင်သည့် အကြောင်းအရာများ၊

(၂) အများပြည်သူအကျိုးအလို့ငှာ မည်သည့်အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်ရန် အသုံးပြုရေးအတွက် သိမ်းဆည်းရန် အလိုရှိရခြင်းဖြစ်ကြောင်း အကြောင်းပြချက်။

(ဂ) ထို့ပြင် ပုဒ်မခွဲ (က) အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာရာတွင် အောက်ပါအချက်များ ပူးတွဲပါရှိစေရမည် -

(၁) မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေး အဖွဲ့နှင့် ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင် ခြင်းလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့တို့အား တာဝန် ပေးအပ်သည့်အမိန့်၊

(၂) အဆိုပြုလွှာပါ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေးဘဝ ထိခိုက်နစ်နာမှု ဆန်းစစ်တွေ့ရှိချက်အကျဉ်းနှင့် ဆောင်ရွက် မည့် လုပ်ငန်းစဉ်၊

(၃) ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းတို့ အတွက် လျာထားချက်အကျဉ်း။

၁၇။ အဆိုပြုသည့် မြေကို သိမ်းဆည်းရန် လိုအပ်ကြောင်း အသိပေးသည့် အမိန့် ကြော်ငြာစာကို -

(က) မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာရမည့်အပြင် အများ ပြည်သူသိရှိရန် နေ့စဉ်ထုတ် သတင်းစာများတွင်လည်းကောင်း၊ ဒေသထုတ်သတင်းလွှာများတွင်လည်းကောင်း သတ်မှတ်ကာလ အတွင်း အနည်းဆုံး နှစ်ကြိမ် ထည့်သွင်းကြေညာရမည်။ ထို့ပြင် အောက်ပါရုံး၊ ဌာနနှင့် နေရာများရှိ အများပြည်သူဆိုင်ရာ ကြော်ငြာ သင်ပုန်းတွင်လည်း ကြေညာချက်မိတ္တူများကိုကပ်လျက် အများ ပြည်သူသိရှိစေရန် ထုတ်ပြန်အသိပေးရမည်။ အဆိုပါ အမိန့်ကြော်ငြာ စာကို လိုအပ်ပါက ဒေသသုံးဘာသာစကားဖြင့်လည်း ပူးတွဲဖော်ပြ ကြေညာရမည် -

(၁) နေပြည်တော်ကောင်စီရုံး သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး၊

(၂) မြေတည်ရာဒေသ၏ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ် ရေးမှူးရုံး၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး မှူးရုံး၊

(၃) မြေတည်ရာဒေသ၏ မြို့နယ်တရားရုံး၊ မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့ရုံးနှင့် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၊

(၄) သိမ်းဆည်းရန်ရည်ရွယ်သည့် မြေအနီးတွင် အများပြည်သူ သိမြင်လွယ်သည့်နေရာများ၌ ဤကိစ္စအလို့ငှာ ပြုလုပ်သည့် ကြော်ငြာသင်ပုန်း။

(ခ) ရုပ်မြင်သံကြား၊ အသံလွှင့်မီဒီယာနှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာ ဝက်ဘ်ဆိုက်တွင် လိုအပ်ပါက ထည့်သွင်းကြေညာရမည်။

(ဂ) သိမ်းဆည်းရန်လျာထားသည့် ဧရိယာအတွင်း ပါဝင်သူများထံ အဆိုပါ အမိန့်ကြော်ငြာစာ မိတ္တူပူးတွဲလျက် အသိပေးအကြောင်းကြားစာကို တရားမ ကျင့်ထုံးဥပဒေနှင့်အညီ ပေးပို့အကြောင်းကြားရမည်။

၁၈။ (က) ထိခိုက်နစ်နာသူသည် မြေကိုသိမ်းဆည်းရန်လိုအပ်ကြောင်း အသိပေး သည့် အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်းနှင့် စပ်လျဉ်း၍ ကျေနပ်မှု မရှိပါက ထိုသို့ ထုတ်ပြန်ကြေညာသည့်နေ့မှ ၄၅ ရက်အတွင်း နေပြည် တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် မြေသိမ်းဆည်းမှု အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့သို့ ကန့်ကွက်ရခြင်းအကြောင်းကို ကျိုးကြောင်း ဖော်ပြ၍ ခိုင်လုံသောအထောက်အထားများ ပူးတွဲပြီး ကန့်ကွက်လွှာ တင်နိုင်သည်။

(ခ) နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) အရ တင်ပြသည့် ကန့်ကွက်လွှာ လက်ခံရရှိသည့်အခါ အဆိုပါကန့်ကွက်ချက်နှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးပြီး သဘောထားမှတ်ချက်ဖြင့် တင်ပြစေရန် မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သို့ အကြောင်းကြားရမည်။

၁၉။ သက်ဆိုင်ရာ မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့ သည် -

(က) ပုဒ်မ ၁၈ အရ တင်သွင်းသည့် ကန့်ကွက်လွှာကို စိစစ်ပြီး ကန့်ကွက်သူ အား ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ ဖြေရှင်းခွင့်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ကန့်ကွက်သူအား ဖြေရှင်းခွင့်ပေးပြီးနောက် မြေကို သိမ်းဆည်းရန် မလိုအပ်ကြောင်းတွေ့ရှိပါက ထုတ်ပြန်ကြေညာသည့် အမိန့်ကြော်ငြာစာကို ပယ်ဖျက်ကြောင်း အများပြည်သူသိရှိရန် ပုဒ်မ ၁၇ ပါ နည်းလမ်းများအတိုင်း ကြေညာနိုင်ရန် နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့၏ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ တင်ပြရမည်။

(ဂ) အဆိုပြုသည့် မြေကို အများပြည်သူအကျိုးအလို့ငှာ သိမ်းဆည်းရန် လိုအပ်ကြောင်း တွေ့ရှိပါက ထိုမြေကို သိမ်းဆည်းသင့်ကြောင်း သဘောထားမှတ်ချက်နှင့်အတူ မြေသိမ်းဆည်းရေးကိစ္စ ဆက်လက် ဆောင်ရွက်ရေးအတွက် ဗဟိုကော်မတီသို့ တင်ပြပြီး ထိုတင်ပြချက် မိတ္တူကို ကန့်ကွက်လွှာတင်သွင်းသူထံ ပေးပို့ရမည်။

၂၀။ ဗဟိုကော်မတီသည် -

(က) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ) အရ တင်ပြသည့် သဘောထားမှတ်ချက်ကို လက်ခံသဘောတူပါက ပုဒ်မ ၁၆ နှင့် ၁၇ တို့အရ မြေကိုသိမ်းဆည်းရန် လိုအပ်ကြောင်း အသိပေးသည့် အမိန့်ကြော်ငြာစာနှင့် ကြေညာချက် များကို ပယ်ဖျက်ကြောင်း ထုတ်ပြန်ကြေညာရမည်။

(ခ) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) အရ တင်ပြသည့် သဘောထားမှတ်ချက်ကို လက်ခံသဘောတူပါက အဆိုပြုသည့်မြေကို သိမ်းဆည်းရေးအတွက် စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်ရန် မြေသိမ်းဆည်းမှု အကောင် အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့နှင့် နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ အကြောင်းကြားရမည်။

၂၁။ မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သည် သိမ်းဆည်း ရန် ရည်ရွယ်သည့် မြေကို ကွင်းဆင်းစစ်ဆေးခြင်းနှင့် မြေသိမ်းဆည်းမည့် ရည်ရွယ် ချက်နှင့် အခြေအနေအပေါ် အများပြည်သူ၏ သဘောထားရယူခြင်းတို့နှင့် စပ်လျဉ်း၍ လုပ်ဆောင်မည့် အစီအစဉ်ကို ထိခိုက်နစ်နာသူထံ အနည်းဆုံး ခုနစ်ရက် ကြိုတင် အသိပေးအကြောင်းကြားပြီး အောက်ပါလုပ်ငန်းတာဝန်များကို ကိုယ်တိုင်ဖြစ်စေ၊ မြေပြင်ကွင်းဆင်း စစ်ဆေးရေးအဖွဲ့ခွဲကို တာဝန်ပေး၍ဖြစ်စေ ဆောင်ရွက်ရမည် -

(က) သိမ်းဆည်းရန်ရည်ရွယ်သည့် မြေနေရာရှိ ထိခိုက်နစ်နာသူတို့၏ လူမှု စီးပွားရေးဘဝ ထိခိုက်နစ်နာမှုများ၊ ပတ်ဝန်းကျင်ထိခိုက်မှု အလား အလာများအပေါ် မြေသိမ်းဆည်းရန် အဆိုပြုသည့် ဌာန၊ အဖွဲ့အစည်း ၏ တင်ပြချက်များကို မြေပြင်အခြေအနေနှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊

(ခ) မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်း၏ ပြန်လည် နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းတို့အတွက် လျာထား ချက်များကို ကျွမ်းကျင်ပညာရှင်များ၏ သဘောထားအမြင်နှင့် မြေပိုင် ဆိုင်ခွင့်ရှိသူတို့၏ လိုလားချက်များအပေါ် အခြေခံ၍ ညှိနှိုင်းဆောင် ရွက်ခြင်း၊ သဘောတူညီမှု ရယူခြင်း၊

(ဂ) မြေသိမ်းဆည်းမည့် ရည်ရွယ်ချက်နှင့် အခြေအနေများအပေါ် ထိခိုက် နစ်နာသူများအပါအဝင် ပြည်သူလူထုထံမှ ကန့်ကွက်လွှာခေါ်ယူခြင်း၊ စာဖြင့်ရေးသားကန့်ကွက်ချက်ကို လက်ခံခြင်း၊ ကြားနာစစ်ဆေးခြင်း၊ အထောက်အထားစာရွက်စာတမ်းများ တင်ပြစေရန် တောင်းခံခြင်း၊ လိုအပ်ပါက မြေပြင်ကွင်းဆင်းစစ်ဆေးမှုများကို ဆောင်ရွက်ခြင်း၊

(ဃ) မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းမှ ကိုယ်စားလှယ်၊ မြေပိုင်ဆိုင်ခွင့်ရှိသူများနှင့် ယင်းတို့၏ ကိုယ်စားလှယ်တို့နှင့်အတူ မြေပြင်ကွင်းဆင်းတိုင်းတာမှတ်သားခြင်း၊

(င) ထိခိုက်နစ်နာသူများစာရင်းနှင့် ထိခိုက်နစ်နာမှု အခြေအနေများ စာရင်းကောက်ယူခြင်း၊

(စ) ပုဒ်မခွဲ (ဂ)၊ (ဃ) နှင့် (င) တို့အရ ဆောင်ရွက်ရာတွင် စိုက်ပျိုးထား သော သီးပင်စားပင်များနှင့် အသုံးအဆောင်ပစ္စည်းများကို ထိခိုက် ပျက်စီးမှု မရှိစေရန်နှင့် ထိခိုက်ပျက်စီးမှုများရှိပါက ထိခိုက်ပျက်စီးမှု အတွက် ကာလပေါက်ဈေးဖြင့် ထိခိုက်နစ်နာသူများကို နစ်နာကြေး ပေးရမည်။

(ဆ) ကွင်းဆင်းတိုင်းတာမှုကြောင့် ထိခိုက်နစ်နာသူတို့၏ အကျိုးစီးပွား ထိခိုက်နစ်နာမှုများအား မှတ်တမ်းတင်ခြင်း၊ ဒေသ၏ ကာလတန်ဖိုး အပေါ် နစ်နာကြေးတွက်ချက်ခြင်း။

၂၂။ (က) ထိခိုက်နစ်နာသူများသည် ပုဒ်မ ၂၁ အရ မြေသိမ်းဆည်းမှုအကောင် အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့ သို့မဟုတ် မြေပြင်ကွင်းဆင်း စစ်ဆေးရေးအဖွဲ့ခွဲ၏ ဆောင်ရွက်ချက်များနှင့် ပေးလျော်သည့် ထိခိုက် ပျက်စီးမှုအတွက် နစ်နာကြေးနှင့် စပ်လျဉ်း၍ ကျေနပ်မှု မရှိပါက ရက်ပေါင်း ၃၀ အတွင်း နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြနိုင်သည်။

(ခ) နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) အရ တင်ပြချက်ကို စိစစ်ပြီး သင့်လျော်သည့် အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်။ ယင်းအမိန့် သည် အပြီးအပြတ် အတည်ဖြစ်သည်။

၂၃။ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်း အကောင် အထည်ဖော်ရေးအဖွဲ့သည် မြေသိမ်းဆည်းရန် အဆိုပြုသည့် ဌာန၊ အဖွဲ့အစည်း၏ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းတို့နှင့် စပ်လျဉ်းသည့် လျာထား ချက်များနှင့် ထိခိုက်နစ်နာမှုများ၏ အခြေအနေမှန်ကို လိုက်လျောညီထွေမှု ရှိ မရှိ စိစစ်ခြင်းနှင့် စပ်လျဉ်း၍ မြေပိုင်ဆိုင်ခွင့်ရှိသူထံ အနည်းဆုံး ခုနစ်ရက် ကြိုတင်အသိ ပေးအကြောင်းကြားပြီး အောက်ပါလုပ်ငန်းတာဝန်များကို ကိုယ်တိုင်ဖြစ်စေ၊ မြေပြင် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ခွဲကို တာဝန်ပေး၍ဖြစ်စေ ဆောင်ရွက်ရမည် -

(က) မြေပြင်ကွင်းဆင်းစစ်ဆေးရမည့် တာဝန်များ -

(၁) ပြောင်းရွှေ့နေရာချထားမည့်နေရာသည် အခြေချနေထိုင်ရန် သင့်လျော်မှု ရှိ မရှိနှင့် သင့်လျော်မှု ရှိပါက အကောင်အထည် ဖော်နိုင်မည့် အခြေအနေ၊

(၂) ဘာသာရေးအဆောက်အအုံများနှင့် အများပြည်သူဆိုင်ရာ ကျောင်း၊ ဆေးခန်း၊ ဈေး၊ ရုံးစသည့် အဆောက်အအုံများ ပြန်လည်တည်ဆောက်နိုင်မည့် အခြေအနေ၊

(၃) အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်သည့် အခြေအနေ၊

(၄) ယာယီထောက်ပံ့ကြေး ပံ့ပိုးပေးမည့် အစီအစဉ်နှင့် လုံလောက် မှုအခြေအနေ၊

(၅) အိမ်ထောင်သားစု အသက်မွေးမှု ဆက်လက်ဆောင်ရွက်နိုင် ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ ပံ့ပိုး ပေးသင့်သည့် အစီအစဉ်များ၊

(၆) ပညာရေး၊ ကျန်းမာရေးစသည့် ကူညီစောင့်ရှောက်မှုလုပ်ငန်း များ စနစ်တကျလည်ပတ်နိုင်ရန် အစီအစဉ်များ။

(ခ) ပုဒ်မခွဲ (က) အရ မြေပြင်ကွင်းဆင်း၍ စစ်ဆေးရာတွင် မြေသိမ်းဆည်း ရန် အဆိုပြုသည့် ဌာန၊ အဖွဲ့အစည်းမှ ကိုယ်စားလှယ်၊ ထိခိုက်နစ်နာ သူများနှင့် ယင်းတို့၏ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ ကျွမ်းကျင်သူများ၊ အခြားလိုအပ်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့်အတူ ဆောင်ရွက်ခြင်း၊

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ဆောင်ရွက်ရာတွင် လိုအပ်သည့် အထောက်အထားများ တောင်းယူကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်း၊ တိုက်ဆိုင်စစ်ဆေးခြင်းနှင့် သက်ဆိုင်သည်ဟု မှတ်ယူရသူများအား ခေါ်ယူမေးမြန်းခြင်း။

၂၄။ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ခွဲသည် -

(က) မြေပြင်ကွင်းဆင်းစစ်ဆေးရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် အစိုးရ ဌာန၊ အဖွဲ့အစည်းနှင့် ကျွမ်းကျင်သူများ၏ သဘောထားမှတ်ချက်ကို လွတ်လပ်စွာတောင်းယူခွင့် ရှိစေရမည်။ ထို့ပြင် ယင်းတို့၏ ပံ့ပိုးကူညီ မှုကို တောင်းခံနိုင်သည်။

(ခ) မိမိ၏ မြေပြင်ကွင်းဆင်း စစ်ဆေးချက်၊ စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက် နှင့် သဘောထားမှတ်ချက်တို့ကို မြေသိမ်းဆည်းခြင်းနှင့် စပ်လျဉ်း၍ မြေသိမ်းဆည်းမှု အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့သို့ လည်းကောင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင် ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည် ထူထောင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့သို့လည်း ကောင်း စစ်ဆေးတွေ့ရှိချက်နှင့် အစီရင်ခံစာများ ပြုစုတင်ပြရမည်။

၂၅။ မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့နှင့် ပြန်လည် နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ရေး အဖွဲ့တို့သည် မြေပြင်ကွင်းဆင်းစစ်ဆေးရေး အဖွဲ့ခွဲအသီးသီး၏ စစ်ဆေးတွေ့ရှိချက် နှင့် အစီရင်ခံစာများကို စုစည်း၍ မိမိတို့၏ သုံးသပ်ချက်၊ သဘောထားမှတ်ချက်တို့ ပါဝင်သည့် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည်။

၂၆။ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် -

(က) မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့နှင့် ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့တို့၏ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာ များအပေါ် အများပြည်သူအကျိုးအလို့ငှာ မြေသိမ်းဆည်းရန် သင့် မသင့် မိမိ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ကို ဗဟိုကော်မတီ သို့ ဆက်လက်တင်ပြရမည်။ မြေသိမ်းဆည်းသင့်ကြောင်း သဘောထား မှတ်ချက်ပြုပါက မြေကိုသိမ်းယူမည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာ မူကြမ်းကို တစ်ပါတည်း ပြုစုတင်ပြရမည်။

(ခ) မြေကို သိမ်းဆည်းရန် လိုအပ်ကြောင်း အသိပေးသည့် အမိန့် ကြော်ငြာစာ ထုတ်ပြန်ပြီးဖြစ်သော်လည်း သက်ဆိုင်ရာ မြေသိမ်း ဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းက အဆိုပြုလွှာကို ရုပ်သိမ်း ခြင်းကြောင့်ဖြစ်စေ၊ မြေသိမ်းဆည်းမှု အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့၏ စိစစ်တွေ့ရှိချက်အရ သိမ်းဆည်းရန် မလိုအပ် သည့်မြေများ ပါဝင်နေခဲ့လျှင်ဖြစ်စေ ထိုအမိန့်ကြော်ငြာစာကို ပြန်လည် ပယ်ဖျက်၍ မြေသိမ်းဆည်းရေးလုပ်ငန်းများကို ပြင်ဆင်ထုတ်ပြန်ခြင်း သို့မဟုတ် ရပ်စဲခြင်းပြုလုပ်နိုင်ရန် ဗဟိုကော်မတီသို့ တင်ပြရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်**
**ဥပဒေကြမ်း**
**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၈၁ ခုနှစ်၊ လ ရက်**
**(၂၀၁၉ ခုနှစ်၊ လ ရက်)**

၁။ ဤဥပဒေကို **"မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေ"**ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေ ပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း ထပ်မံဖြည့်စွက်ရမည်-

"(က) **ဆေးပညာ** ဆိုသည်မှာ ကျန်းမာမှုအဆင့်မြှင့်တင်ခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါစစ်ဆေးရှာဖွေခြင်း၊ ရောဂါကုသခြင်း၊ ဝေဒနာသက်သာစေခြင်း၊ ကျန်းမာမှုပြန်လည်ထူထောင်ခြင်း၊ သုတေသနပြုခြင်း၊ လေ့ကျင့်သင်ကြားခြင်းနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ အပါအဝင် အနောက်တိုင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအားလုံးနှင့် စပ်ဆိုင်သော ပညာရပ်ကို ဆိုသည်။"

(ခ) ပုဒ်မခွဲ(ဋ)နှင့် (ဌ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဋ) **သီးခြားသတ်မှတ် အထွေထွေဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ ကောင်စီ၏ အသိအမှတ်ပြုခြင်းခံရသည့် ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာဆေးကောင်စီက အသိအမှတ်ပြုသော အခြေခံဆေးပညာဘွဲ့ရရှိသည့် နိုင်ငံခြားသားဆရာဝန်အား ကောင်စီက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးထုတ်ပေးသော ဆေးကုသခွင့် လိုင်စင်ကို ဆိုသည်။

(ဌ) **သီးခြားသတ်မှတ်အထူးဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ ကောင်စီ၏ အသိအမှတ်ပြုခြင်းခံရသည့် ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာဆေးကောင်စီက အသိအမှတ်ပြုသော ဘွဲ့လွန်ဒီဂရီ သို့မဟုတ် ဘွဲ့လွန်ဒီပလိုမာရရှိပြီး သတ်မှတ်ထားသော အရည်အချင်းပြည့်မီသည့် နိုင်ငံခြားသားဆရာဝန်အား ကောင်စီက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ထုတ်ပေးသောဆေးကုသခွင့် လိုင်စင်ကို ဆိုသည်။ "

၃။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေ ပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသောဝါရင့် အငြိမ်းစားဆေးပညာရှင်နှစ်ဦး ပါဝင်သည့် နာယက အဖွဲ့ကို ဖွဲ့စည်းရမည်။"

၄။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေ ပုဒ်မ ၆ တွင်-

(က) ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) နာယကအဖွဲ့သည် ကောင်စီကို ၇၅ ဦးထက် မပိုသော အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။"

(ခ) ပုဒ်မခွဲ(က)၏နောက်တွင် ပုဒ်မခွဲ(က-၃)၊ (က-၁၀) နှင့် (က-၁၂)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

(က-၃) ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန။

(က-၁၀) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ။

(က-၁၂) ကောင်စီ၏လုပ်ငန်းများတွင် စိတ်ပါဝင်စား၍ အများပြည်သူ၏ ယုံကြည်လေးစားမှုကိုရှိသော အငြိမ်းစား ဆရာဝန်ကြီး ၁၅ ဦး။

၅။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေ ပုဒ်မ ၆ တွင် ပုဒ်မခွဲ(ဂ) ကို အောက်ပါအတိုင်း ထပ်မံဖြည့်စွက်ရမည်-

"(ဂ) နာယကအဖွဲ့သည် ကောင်စီက ကျင်းပပြုလုပ်သော အစည်းအဝေးများတွင် တက်ရောက်ခြင်း၊ ပါဝင်ဆွေးနွေးခြင်းနှင့် အကြံပြုချက်များပေးခြင်း ပြုနိုင်သည်။"

၆။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေ ပုဒ်မ ၈ ၊ ပုဒ်မခွဲ(က-၃) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က-၃) ကောင်စီဝင် (၁၆) ဦး -------- အဖွဲ့ဝင်များ"

၇။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၉။ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်တွဲဖက်အတွင်းရေးမှူးတို့သည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်။"

၈။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေ အခန်း(၅)၏ အခန်းခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၅) နာယကအဖွဲ့ဝင်၊ ကောင်စီဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်တို့၏ ရပိုင်ခွင့်များ"

၉။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေ ပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော နာယကအဖွဲ့ဝင်၊ ကောင်စီဝင်နှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်တို့၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။"

၁၀။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးကို လေးလလျှင် တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေးကျင်းပခြင်း"

၁၁။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(ခ)နှင့် (ဂ)ကို အောက်ပါအတိုင်း ပုဒ်မခွဲ(ခ)အနေဖြင့် ပေါင်းစည်းရမည်-

"(ခ) စီမံရေးရာဌာန၊ မှတ်ပုံတင်ဌာန၊ ငွေစာရင်းဌာန၊ အရည်အသွေးထိန်းသိမ်းခြင်းနှင့် စစ်ဆေးခြင်းဌာန၊ နိုင်ငံခြားဆက်သွယ်ရေးဌာန၊ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်း ထိန်းသိမ်းရေးဌာနတို့တွင် လက်ထောက်ရုံးအဖွဲ့မှူးတစ်ဦးစီ။"

၁၂။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေ ပုဒ်မ ၃၀ ကို အောက်ပါအတိုင်း ထပ်မံပြင်ဆင်ဖြည့်စွက်ရမည်-

"၃၀။ ကောင်စီသည် -

(က) မှတ်ပုံတင်ဆရာဝန် တစ်ဦးဦးနှင့် ပတ်သက်၍ အောက်ပါအချက် တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိရပါက မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်။

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးသုံးစွဲကြောင်း ပေါ်ပေါက်ခြင်း၊

(၂) ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံး၏ ပြစ်မှုထင်ရှား စီရင်ခြင်းကိုခံရပြီး ယင်းပြစ်မှုသည် ဆရာဝန်အဖြစ် ဆက်လက်ထမ်းဆောင်ရန် မသင့်ဟု ကောင်စီက သတ်မှတ်ထားသော ပြစ်မှုဖြစ်ခြင်း၊

(၃) ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာ ပျက်ကွက်သည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း။

(ခ) ဆရာဝန်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းခံရသော ဆရာဝန်တစ်ဦးဦးသည်-

(၁) ပေါ်ပေါက်ခဲ့သော အခြေအနေများမှ ပြန်လည်ပြုပြင်ပြီးပြီဟု ခံယူပါက ကောင်စီသို့ ဆရာဝန်မှတ်ပုံတင်ရရှိရန် ပြန်လည်လျှောက်ထားနိုင်သည်။

(၂) ကောင်စီသည် သတ်မှတ်ချက်များနှင့်အညီ စိစစ်၊ စစ်ဆေး၊ သုံးသပ်ပြီး ဆရာဝန်မှတ်ပုံတင်ပြန်လည် ထုတ်ပေးခြင်းနှင့် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။"

၁၃။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေ ပုဒ်မ ၃၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၅။ အခြေခံဆေးပညာဘွဲ့နှင့် အလားတူ ဆေးပညာဘွဲ့ရ နိုင်ငံခြားသားဆရာဝန်သည် သီးခြားသတ်မှတ် အထွေထွေဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။"

၁၄။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေ ပုဒ်မ ၃၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၆။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၅ အရ လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေ၍ ကုသခွင့်ရှိသောနေရာ၊ ဒေသနှင့် အချိန်ကာလများကို ကန့်သတ်လျက် သီးခြားသတ်မှတ် အထွေထွေဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ် ခြင်း ပြုနိုင်သည်။"

၁၅။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေ ပုဒ်မ ၃၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၉။ နိုင်ငံခြားသား အထူးကုဆရာဝန်သည် မြန်မာနိုင်ငံတွင် ဆေးကုသသည့် လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုပါက သီးခြားသတ်မှတ် အထူးဆေးကုသခွင့် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။"

၁၆။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေ ပုဒ်မ ၄၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄၀။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၉ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများပေးသွင်းစေ၍ ကုသခွင့်ရှိသော ဆေးပညာဘာသာရပ် အမျိုးအစား၊ ကုသ ခွင့်ရှိသောနေရာ၊ ဒေသနှင့်အချိန်ကာလများကို ကန့်သတ်လျက် သီးခြားသတ်မှတ် အထူး ဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။"

---

## မူဆယ်တွင် ဒေသခံများ ပုံမှန်အတိုင်း သွားလာနေပြီး ဈေးရောင်း ဈေးဝယ်သူများနှင့် ပြန်လည်စည်ကားလာ

**မူဆယ် ဩဂုတ် ၂၁**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်၌ ယနေ့နံနက်ပိုင်းမှစ၍ ဒေသခံများ ရပ်ကွက် ကျေးရွာအတွင်း ပုံမှန်အတိုင်း သွားလာနေပြီး ဈေးရောင်း ဈေးဝယ်သူများနှင့် ပြန်လည်စည်ကားလာခဲ့သည်။

ဩဂုတ် ၁၅ရက်မှစ၍ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့အပါအဝင် ရှမ်းပြည်နယ်မြောက်ပိုင်း နေရာတချို့မှာ AA၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့များက ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် မူဆယ်တွင် ဒေသခံများ အထိတ်တလန့်ဖြစ်ပြီး စိုးရိမ်မှုများကြောင့် ဒေသတွင်း သွားလာမှုများ နည်းပါးသွားကာ ဈေးရောင်း ဈေးဝယ်သမားများ မိမိတို့ဈေးဆိုင်ခန်းများကို ပိတ်သိမ်းခဲ့ရာမှ ဩဂုတ် ၂၁ ရက်တွင် ဒေသခံများ ပုံမှန်သွားလာနေပြီး အရောင်းအဝယ်များလည်း ပုံမှန်ပြန်လည် ရောင်းချနေပြီဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ရက်တွေတုန်းကတော့ ရက်ကွက်ထဲနဲ့ လမ်းမပေါ်တွေမှာ လူတွေအသွားအလာနည်းသွားပြီး မော်တော်ယာဉ်တွေလည်း အသွားအလာမရှိသလောက်ဖြစ်သွားတယ်။ ပြီးတော့ ဈေးဆိုင်ခန်းတွေလည်း ည ၈ နာရီလောက်ဆို ပိတ်ကြတယ်။ အခု အားလုံးပုံမှန်အနေအထားတိုင်းပါပဲ"ဟု ဒေသခံတစ်ဦးက ပြောသည်။

ဆက်လက်၍ (၁၀၅)မိုင်တွင် နေထိုင်သူတစ်ဦးကလည်း "ကျွန်မက ကုန်ခြောက်တွေရောင်းတာပါ။ တိုက်ပွဲတွေဖြစ်တယ်ဆိုတဲ့ သတင်းကြားတာနဲ့ လူတွေက အသွားအလာနည်းသွားတယ်။ ဈေးဆိုင်လည်း စောစောပိတ်နေရတဲ့အတွက် အရောင်းအဝယ်တော့ ကျသွားတာပေါ့။ အခုတော့ နယ်မြေအခြေအနေက ပြောသလောက် ဆိုးဆိုးရွားရွားကြီး မဟုတ်တော့ပါဘူး။ လူတွေလည်း သွားလာတာ များလာတယ်။ ဈေးဆိုင်တွေလည်း တော်တော်များများ ပြန်ဖွင့်ပြီး ရောင်းချနေတယ်ဆိုတော့ အရောင်းအဝယ် အနည်းငယ်တော့ ပြန်ကောင်းလာပါတယ် "ဟု ပြောသည်။

**သန့်ဇင် (မူဆယ်)**



မူဆယ်မြို့တွင်း ဒေသခံများ ပုံမှန်အတိုင်း သွားလာနေသည်ကို တွေ့ရစဉ်။

## ရေဘေးအသိပညာပေး




**ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**

# ယခုနှစ် မိုးစပါးစိုက်ရာသီတွင် ပွင့်ဖြူမြို့နယ်၌ ဧက ၇၁၀၀၀ ကျော် စိုက်ပျိုးရန် လျာထား

**ပွင့်ဖြူ ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ပွင့်ဖြူမြို့နယ်သည် နှစ်စဉ် ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု အများဆုံး မြို့နယ်တစ်ခုဖြစ်ရာ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင်လည်း စုစုပေါင်း မိုးစပါးစိုက်ဧက ၇၁၄၀၁ ဧကအထိ စိုက်ပျိုးသွားရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။


ပွင့်ဖြူမြို့နယ်အတွင်း ကျေးရွာတစ်ရွာ၌ မိုးစပါးများ စိုက်ပျိုးနေစဉ်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးလှိုင်မြင့်က "ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်ဟာ မကွေးတိုင်းဒေသကြီးအတွင်း စပါးအများဆုံးစိုက်ပျိုးတဲ့ မြို့နယ်တစ်ခု ဖြစ်ပါတယ်။ အခုနှစ် မိုးစပါးစိုက်ပျိုးရာသီမှာလည်း စပါးစိုက်ဧက ပေါင်း ၇၁၄၀၁ ဧက လျာထားပြီး စိုက်ပျိုးမှုအနေနဲ့ကတော့ အစိုးရဆည်ရေ သောက်စနစ်ဖြစ်တဲ့ မဲဇလီ၊ အိုင်းမ၊ လင်းဇင်းဆည်ရေတွေနဲ့ ၆၅၇၁၃ ဧက၊ ရွာသာကြီး၊ ကျောင်းကုန်းကြီး၊ ရေပုတ်ကလေးနဲ့ ဘုရားကုန်းလျှပ်စစ်ရေတင်စနစ်နဲ့ ၈၈၂ ဧက၊ ဆည်ငယ်ကန်ငယ်ရေသောက်စနစ်နဲ့ ၃၈၂ ဧက၊ ရေစုပ်စက်စနစ်နဲ့ ၁၂၇၈ ဧကနဲ့ မိုးကောင်းသောက်စနစ်နဲ့ ၃၁၄၆ ဧက ဖြစ်ပါတယ်" ဟု ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် တောင်သူများ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပျိုးထောင်ရေနှင့် စိုက်ပျိုးရေများကို စနစ်တကျ ဖြန့်ဝေပေးလျက်ရှိသည့်အပြင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကလည်း တောင်သူများ၏ စပါးအထွက်နှုန်း ကောင်းမွန်ရေးအတွက် လိုအပ်သည့်စိုက်ပျိုးနည်းစနစ်များနှင့် သွင်းအားစုပစ္စည်းများ ကူညီပေးလျက်ရှိရာ တောင်သူများသည် မိုးစပါးများကို အချိန်မီ စိုက်ပျိုးခွင့်ရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

**ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ရေပြင်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဩဂုတ် ၁၉ ရက်က ဇလွန်မြို့ ဧရာဝတီမြစ်အတွင်း၌ ဆောင်ရွက်စဉ်။**

(သရုပ်ပြလေ့ကျင့်မှု ပြုလုပ်ရာတွင် ရေပြင်ရှာဖွေကယ်ဆယ်ရေး ပစ္စည်းများဖြစ်သည့် အသက်ကယ်အင်္ကျီ၊ အသက်ကယ်ဘောကွင်း၊ အသက်ကယ် ကြိုးခွေအသုံးပြု၍ ကယ်ဆယ်နည်းများ၊ ရေနစ်သူအား ရှေးဦးသူနာပြုစုနည်းများကို မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးရန်လင်းထွဋ်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြ လေ့ကျင့်ခဲ့ကြသည်။)

ဝေယံ (ဇလွန်)



# ကလေးအသက်ကယ်ထိုင်ခုံခါးပတ်အသုံးပြုရေး အများပြည်သူသို့ နှိုးဆော်ချက်

မြန်မာနိုင်ငံအတွင်း ပြည်သူများ မော်တော်ယာဉ်စီးနင်းအသုံးပြုသွားလာမှု မြင့်တက်လာသော်လည်း အတူလိုက်ပါသည့် အသက်(၁၀)နှစ်အောက်ကလေးငယ်များအတွက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကလေးအသက်ကယ် ထိုင်ခုံခါးပတ်အသုံးပြုမှုနည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။ အသက်(၂)နှစ်အောက် ကလေးငယ်များအား လူကြီးတစ်ဦးဦးက ရင်ခွင်ပိုက်စီးနင်းခြင်း၊ အသက် (၂) နှစ်မှ (၁၀) နှစ်ကြားရှိ ကလေးငယ်များအား လူကြီးအသက်ကယ် ထိုင်ခုံခါးပတ်များကို ဝတ်ဆင်အသုံးပြုခြင်း (သို့မဟုတ်) အသက်ကယ်ထိုင်ခုံခါးပတ် လုံးဝအသုံးမပြုဘဲ လိုက်ပါခြင်းတို့ဖြင့် ခရီးသွားလာလျက်ရှိကြပါသည်။

မော်တော်ယာဉ်ဖြင့် ခရီးသွားလာစဉ်အတွင်း အသက်(၁၀)နှစ်အောက် ကလေးငယ်များကို ရင်ခွင်ပိုက်ထားခြင်း၊ ကလေး၏ ကိုယ်ခန္ဓာအရွယ်အစားနှင့် မကိုက်ညီသော အသက်ကယ်ထိုင်ခုံခါးပတ်များကို အသုံးပြုစေခြင်းတို့ကြောင့် ယာဉ်မတော်တဆမှုနှင့်တိမ်းမှောက်မှုဖြစ်စဉ်များ၌ ရင်ခွင်မှ လွတ်ထွက်ခြင်း၊ ထိုင်ခုံမှ လွင့်စဉ်ခြင်းဖြင့် ကလေးငယ်များ အသက်ဆုံးရှုံးမှုနှင့် ပြင်းထန်စွာထိခိုက်ဒဏ်ရာရမှုတို့ တွေ့ကြုံရနိုင်ပါသည်။

နိုင်ငံတကာတွင် ကလေးငယ်များ၏ အသက်အရွယ်နှင့် အရပ်အမြင့်အလိုက် ထုတ်လုပ်ထားသည့် ကလေးအသက်ကယ်ထိုင်ခုံခါးပတ်များကို နည်းစနစ်မှန်ကန်စွာ အသုံးပြုလျက် ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်များတွင် ကလေးငယ်များ အသက်ဆုံးရှုံးမှုနှင့် ပြင်းထန်စွာ ထိခိုက်မှုမရှိရအောင် ကာကွယ်စောင့်ရှောက်လျက်ရှိကြပါသည်။ အသက်အရွယ်နှင့် လျော်ညီသော ကလေးအသက်ကယ်ထိုင်ခုံခါးပတ်ကို မှန်ကန်စွာအသုံးပြုခြင်းဖြင့် ယာဉ်တိုက်မှုဖြစ်စဉ်များအတွင်း ကလေးငယ် ၁၀၀ လျှင် ၇၀ အား အသက်ကယ်ဆယ်နိုင်ခဲ့ကြောင်း သုတေသနတွေ့ရှိချက်များ၌ လေ့လာတွေ့ရှိရပါသည်။

လက်ရှိပြင်ဆင်ရေးဆွဲပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိသည့် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ(မူကြမ်း)၌ "မည်သူမျှ သတ်မှတ်ထားသည့် မော်တော်ယာဉ်ကို မောင်းနှင်နေစဉ် ယာဉ်ပေါ်ပါရှိသော အသက် ၁၀ နှစ်အောက် ကလေးငယ်များအား ကလေးအသက်ကယ်ထိုင်ခုံကို အသုံးမပြုဘဲ စီးနင်းစေခြင်းမပြုရ"ဟူ၍ ထည့်သွင်းရေးဆွဲထားပြီး နည်းဥပဒေများတွင်လည်း ကလေးအသက်ကယ်ထိုင်ခုံခါးပတ် အသုံးပြုခြင်းဆိုင်ရာများကို ထည့်သွင်းပြဋ္ဌာန်းသွား မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မော်တော်ယာဉ်စီးနင်းအသုံးပြုစဉ်အတွင်း မိမိတို့၏ ရင်သွေးကလေးငယ်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လသားအရွယ်မှ အသက်(၁၀) နှစ်အထိ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုအလိုက် ထုတ်လုပ်ထားသော ကလေးအသက်ကယ် ထိုင်ခုံခါးပတ်များကို အသုံးပြုကြရန်နှင့် နောင်တွင် သက်ဆိုင်ရာ ဥပဒေ/နည်းဥပဒေများနှင့်အညီ ဖြစ်စေရေး ကြိုတင်လိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ**


အသက်(၁)နှစ်အရွယ်အထိရှိ ကလေးငယ်များအတွက် နောက်သို့မျက်နှာမူ ထိုင်ရသည့် ကလေးထိုင်ခုံ


အသက်(၁)နှစ်အရွယ်မှ အသက်(၄)နှစ်အထိ ကလေးငယ်များအတွက် ရှေ့ဘက် (သို့) နောက်သို့မျက်နှာမူထိုင်ရသည့် ကလေးအသက်ကယ်ထိုင်ခုံ


အသက်(၄)နှစ်အထက် ကလေးငယ်များအတွက် ရှေ့ဘက်သို့ မျက်နှာမူထိုင်ရသည့် ကလေးထိုင်ခုံ (သို့) Booster Seat


အသက်(၁၀)နှစ်အထက် ကလေးငယ်များအတွက် ရှေ့ဘက်သို့ မျက်နှာမူ ထိုင်ရသည့် ကလေးအသက်ကယ်ထိုင်ခုံ




## Forever Group နှင့် ကြီးမြတ်သောမြန်မာ 3D ရုပ်ရှင်ဇာတ်ကားကြီး မိသားစုတို့က အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိခြင်း

မြန်မာနိုင်ငံ Forever Group နှင့် ကိုရီးယားနိုင်ငံ EBS (Education Broadcast System) တို့ ပူးပေါင်းရိုက်ကူးခဲ့သည့် ကြီးမြတ်သောမြန်မာ (The Great Myanmar) 3D Docufiction ရုပ်ရှင်ဇာတ်ကားကြီးကို (၁၅.၈.၂၀၁၉) ရက်နေ့ မှစတင်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရုံတင်ပြသခဲ့ရာ ပြသခွင့်ရရှိသောရုံနှင့် ပွဲချိန်များတွင် ရုံပြည့်ရုံလျှံ အားပေးခဲ့ကြသော ပရိသတ်များ၊ ပရိသတ်များအတွက် အထူးကြိုးစားပြသပေးပါသော ရုပ်ရှင်ရုံလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီပိုင်ရုပ်ရှင်ရုံအုပ်စုများနှင့် သီးခြားရုပ်ရှင်ရုံများ၊ ရုံရက်ချိတ်နိုင်ရေးအတွက် အထူးကြိုးစားဆောင်ရွက်ပေးပါသော ရုံရက်ချိတ်မန်နေဂျာနှင့် ဒေသဆိုင်ရာ တာဝန်ခံမန်နေဂျာများ၊ ရုပ်ရှင်ကိုကြည့်ရှုပြီးနောက် ဝေဖန်ထောက်ပြ ရေးသားပြောဆိုအကြံပြုပေးပါသော ပရိသတ်များအားလုံးနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးကို

Forever Group နှင့် ကြီးမြတ်သောမြန်မာ 3D ရုပ်ရှင်ကားကြီး မိသားစုတို့ မှ အထူးလှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

မကြည့်ရှုရသေးသော ပရိသတ်ကြီးများ ကြည့်ရှုနိုင်ရန်အတွက် (၂၂.၈.၂၀၁၉) ရက်နေ့ မှစတင်၍ ရုပ်ရှင်ရုံလုပ်ငန်းလုပ်ကိုင်သူများ၏ စီစဉ်ပေးမှုအရ အောက်ဖော်ပြပါရုပ်ရှင်ရုံများတွင် ဆက်လက်ပြသသွားမည်ဖြစ်ပါကြောင်း ထပ်လောင်း၍ သတင်းကောင်းပါးအပ်ပါသည်။

## ၂၂.၈.၂၀၁၉ ရက်နေ့ မှစတင်၍ ဆက်လက်ပြသသွားမည့် ရုပ်ရှင်ရုံများ

### ရန်ကုန်

| JCGV | 2D | 3D |
|---|---|---|
| Junction City | | ✓ |
| Junction Square | | ✓ |
| City Mall | ✓ | |
| Maw Tin | ✓ | |
| **မင်္ဂလာ** | | |
| ရွှေဆောင် | | ✓ |
| မင်္ဂလာ (တောင်ဒဂုံ) | | ✓ |
| မင်္ဂလာ (ဂမုန်းပွင့်) | | ✓ |
| **Mega Ace** | | |
| မြရတနာ (သာကေတ) | ✓ | |
| ရွှေဇဟိုရ် (တာမွေ) | | ✓ |
| ကန်သာယာ (မြောက်ဥက္ကလာ) | | ✓ |
| Capital ဒေါပုံ | | ✓ |
| Super One လှိုင်သာယာ | ✓ | |
| **Red Radiance** | | |
| လှည်းတန်း | | ✓ |
| မြဟံသာ (သန်လျင်) | ✓ | |
| ရန်ကင်းစင်တာ | ✓ | |
| **အခြားရုံများ** | | |
| ရွှေပြည်သာ | ✓ | |

### မန္တလေး

| JCGV | 2D | 3D |
|---|---|---|
| မန္တလေး | ✓ | |
| **မင်္ဂလာ** | | |
| မင်္ဂလာဒိုင်းမွန်း | | ✓ |
| **Mega Ace** | | |
| မြို့ရွက်ရောင် | ✓ | |

### နေပြည်တော်

| JCGV | 2D | 3D |
|---|---|---|
| နေပြည်တော် | ✓ | |

### ပျဉ်းမနား

| Paradiso | 2D | 3D |
|---|---|---|
| Paradiso | ✓ | |

### မုံရွာ

| မင်္ဂလာ | 2D | 3D |
|---|---|---|
| မင်္ဂလာ (အိုးရှင်း) | | ✓ |

### ပြည်

| မင်္ဂလာ | 2D | 3D |
|---|---|---|
| မင်္ဂလာထွန်းသီရိ | | ✓ |

### မော်လမြိုင်

| JCGV | 2D | 3D |
|---|---|---|
| မော်လမြိုင် | ✓ | |
| **Paradiso** | **2D** | **3D** |
| Paradiso | | ✓ |

### ပဲခူး

| မင်္ဂလာ | 2D | 3D |
|---|---|---|
| Mingalar (Icon Shoping Mall) | | ✓ |
| **Paradiso** | **2D** | **3D** |
| Paradiso | ✓ | |

### မြစ်ကြီးနား

| အခြားရုံများ | 2D | 3D |
|---|---|---|
| ဇရာ (မြစ်ကြီးနား) | ✓ | |

### မိုးကောင်း

| အခြားရုံများ | 2D | 3D |
|---|---|---|
| ဇရာ (မိုးကောင်း) | | ✓ |

### မိုးညှင်း

| အခြားရုံများ | 2D | 3D |
|---|---|---|
| ရွှေပြည်တော် | ✓ | |

JCGV Mega Ace Mingalar Paradiso Cinemas Red Radiance

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
# အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများ(ရုံးချုပ်)တွင် (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) အငယ်တန်းစာရေး ရာထူး(၁၁)နေရာနှင့် စာရင်းကိုင်-၄ ရာထူး(၁)နေရာ၊ (လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) ယာဉ်မောင်း-၅ ရာထူး(၅) နေရာအတွက် လျှောက်လွှာခေါ်ယူပါသည်။

၂။ လျှောက်ထားသူသည်

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ပညာအရည်အချင်း သတ်မှတ်အချက်အနေနှင့် အောက်ဖော်ပြပါ သတ်မှတ်ချက်နှင့်ကိုက်ညီသူ ဖြစ်ရမည်။

(၁) အငယ်တန်းစာရေး (လစာနှုန်း ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူးနေရာအတွက် တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ အခြေခံကွန်ပျူတာကျွမ်းကျင်သူ ဖြစ်ရမည်။

(၂) စာရင်းကိုင်-၄ (လစာနှုန်း ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူးနေရာအတွက် တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ စာရင်းအင်းဆိုင်ရာ အတွေ့အကြုံရှိသူ/စာရင်းအင်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ရှိသူဖြစ်ရမည်။ အခြေခံကွန်ပျူတာကျွမ်းကျင်သူဖြစ်ရမည်။

(၃) ယာဉ်မောင်း-၅ (လစာနှုန်း ကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀)ရာထူးနေရာအတွက် အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။ ယာဉ်မောင်းလိုင်စင်(ခ) အဆင့် သက်တမ်း(၂)နှစ်ရှိသူဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) ၃၁-၈-၂၀၁၉ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး ဝန်ထမ်းမဟုတ်ပါက အသက် ၃၀ နှစ်ထက် မကျော်လွန်သူ၊ ဝန်ထမ်းဖြစ်ပါက လုပ်သက်အနည်းဆုံး(၂)နှစ်နှင့် အသက် ၃၅နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(င) တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတွင် (၁)နှစ်ထက်မနည်းတာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံချက်ချုပ်ဆိုနိုင်သူဖြစ်ရမည်။

၃။ အထက်ဖော်ပြပါအရည်အချင်းများနှင့် ကိုက်ညီသူများသည် အောက်ဖော်ပြပါ အသေးစိတ်အထောက်အထားများ ပြည့်စုံစွာဖြင့် ပူးတွဲတင်ပြလျှောက်ထားရမည်။

(က) ကိုယ်တိုင်ရေးလျှောက်လွှာ (CV Form ပူးတွဲလျက်)

(ခ) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဂ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဃ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံစာမူရင်း (လွန်ခဲ့သောတစ်လအတွင်း)

(င) လိပ်စာဖော်ပြပါဒေသတွင် အမှန်နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာမူရင်း

(စ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမှန်

(ဆ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ (ဝန်ထမ်းမဟုတ်သူများ)

(ဇ) ပတ်စ်ပို့ဓာတ်ပုံ (၂)ပုံ (လွန်ခဲ့သောခြောက်လခန့်) (ဓာတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ရေးသားရန်)

(ဈ) ယာဉ်မောင်း-၅ ရာထူးနေရာအတွက် ယာဉ်မောင်းလိုင်စင်(ခ)မိတ္တူ

၄။ လျှောက်ထားသူများအားလုံးသည် အလုပ်ခန့်အပ်ခြင်းခံရပါက နေပြည်တော်တွင် မိမိအစီအစဉ်ဖြင့် နေထိုင်နိုင်သူဖြစ်ရမည်။

၅။ လျှောက်လွှာများကို ၃-၉-၂၀၁၉ ရက် နောက်ဆုံးထား၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ မှတ်ပုံတင်(အမြန်ချောပို့)စနစ်ဖြင့်ဖြစ်စေ ပေးပို့လျှောက်ထားနိုင်ပါသည်။ သတ်မှတ်ရက်နောက်ပိုင်းမှ လက်ခံရရှိသည့် လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ လျှောက်ထားသူသည် ဝန်ထမ်းဖြစ်ပါက မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီးမှ လျှောက်ထားရန်ဖြစ်ပြီး လျှောက်လွှာတစ်စောင်ကို အချိန်မီစေရန် ကြိုတင်မိတ္တူဟု ရေးသား ပေးပို့နိုင်ပါသည်။

၇။ သတ်မှတ်ချက်နှင့်ပြည့်စုံသော လူတွေ့ဖြေဆိုခွင့်ရရှိသူများ စာရင်းနှင့် ဖြေဆိုမည့်ရက်ကို ထပ်မံကြေညာပါမည်။

### ဖခင်အမည်မှန်

ပျဉ်းမနားမြို့နယ်၊ အထက ညောင်ပင်သာ တက္ကသိုလ်ဝင်တန်း (A)မှ မမြင့်မြတ်ယွန်း၏ ဖခင်အမည်မှန်မှာ ဦးဇော်နိုင်မိုး ၉/ပမန(နိုင်) ၁၈၉၆၈၃ ဖြစ်ပါကြောင်း။

**ဦးဇော်နိုင်မိုး**

### ဖခင်အမည်မှန်

ပွင့်ဖြူမြို့နယ်၊ အထက(ရှောက်တော) တက္ကသိုလ်ဝင်တန်း(D)မှ မောင်ဖြိုးဝေလွင်၏ ဖခင်အမည်မှန်မှာ ဦးစန်းဝင်းထွန်း ၈/မကန(နိုင်) ၀၀၈၇၁၅ဖြစ်ပါကြောင်း။

**ဦးစန်းဝင်းထွန်း**

### ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ မိုးညှင်းမြို့ အထက(၁) တက္ကသိုလ်ဝင်တန်း(D) မှ မနွေပိတောက်ဝါ၏ ဖခင်အမည်မှန်မှာ ဦးအေးဝင်း ၁/မညန(နိုင်) ၀၉၄၅၁၅ ဖြစ်ပါကြောင်း။ **ဦးအေးဝင်း**

### ဖခင်အမည်မှန်

ပွင့်ဖြူမြို့နယ်၊ အထက(ရှောက်တော) တက္ကသိုလ်ဝင်တန်း(D)မှ မောင်ဟိန်းဇေယျာကျော်၏ ဖခင်အမည်မှန်မှာ ဦးမောင်လင်း ၈/ပဖန(နိုင်)၀၀၈၉၈၇ ဖြစ်ပါကြောင်း။

**ဦးမောင်လင်း**

### ဖခင်အမည်မှန်

တောင်သာမြို့၊ တစ်မိုက်သာ အထက ဆဋ္ဌမတန်းမှ မလှလှမိုး၏ ဖခင်အမည်မှန်မှာ ဦးမိုး ၉/တသန(နိုင်)၂၁၇၅၂၅ ဖြစ်ပါကြောင်း။

**ဦးမိုး**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ထွန်းဝင်း (ဘ)ဦးကံလှ ၉/တကန(နိုင်)၁၅၂၇၉၄ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၉၉၀၆၆၅၇၆**

### အမည်နှင့်မွေးသက္ကရာဇ်အမှန်

ထီးချိုင့်မြို့နယ်၊ ကြက်လွန်ခင်းကျေးရွာနေ (ဦးစိန်လှိုင်)၏သမီး မမျိုးမျိုးခိုင်၏ အမည်မှန်မှာ မမျိုးမျိုးဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၂၀-၁၂-၁၉၆၇ ဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း

Golden Key Co.,Ltd ၏ CERTIFICATE OF EXPORTER IMPORTER REGISTRATION ၏ Registration No.2576 (10-03-94) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၁၀၃၆၂၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ ၅ လမ်း၊ အမှတ် ၂၇၊ အခန်း(၉၊ ငါးလွှာ၊ အေ) အကျယ်အဝန်း ပေ(၁၂×၅၀)ရှိ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်သူ (ကန်ထရိုက်တာ) ဦးအောင်အောင် ၁၂/တမန(နိုင်)၁၁၄၀၂၀ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆွေဆွေသက်(ခ)မိုလေး ၁၂/လမတ(ပြု)၀၀၀၄၀၅က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်ချို့ ပေးချေထားပြီးဖြစ်ပါသည်။ မည်သူမဆို အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စန္ဒာမြင့် (ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ (စဉ်-၄၄၂၇၃)**
**ရုံး၊ အမှတ်(၅၁/မြေညီ)၊ ၄၂လမ်း၊ (၇)ရပ်ကွက်၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၂၀၀၈၆**

### ဖခင်အမည်မှန်

ကျောက်တန်း၊ အထက(၂) သတ္တမတန်းမှ မောင်ဖြိုးပြည့်စုံဟိန်း ၁၁၄/၁၅၏ ဖခင်အမည်မှန်မှာ ဦးကနေဆာ ဖြစ်ပါကြောင်း။

**ဦးကနေဆာ**

### မိဘအမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(A) ကျောင်းဝင်အမှတ်-ဂ/၅၁၄၄ မနန်းဟုန်လား ၏ မိဘအမည်မှန်မှာ ဦးတီးတွို ၁၃/တကန(နိုင်)၁၁၉၄၃၈နှင့် ဒေါ်နန်းငဲမူ ၁၃/တကန(နိုင်)၁၆၄၀၀၈ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ ဝက်ခြံဂရက်ကျေးရွာ၊ အထက တက္ကသိုလ်ဝင်တန်း(C)မှ မနှင်းအိဖြူ၏ ဖခင်အမည်မှန်မှာ ဦးခင်ဇော် ၁၄/ရကန(နိုင်)၀၉၄၂၁၉ ဖြစ်ပါကြောင်း။

**ဦးခင်ဇော်**

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ တစ်မိုက်သာကျေးရွာ (အထက)နဝမတန်း(A)မှ မနန္ဒာဝင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်ပု ၉/တသန(နိုင်)၀၆၃၀၄၁ ဖြစ်ပါကြောင်း။ **ဦးအောင်ပု**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဟုမ္မလင်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(D)မှ မသက်မွန်မြင့်၏ ဖခင် ဦးအိုက်ဝေနှင့်ဦးဆန်းဝေ ၅/ဟမလ(နိုင်)၀၇၁၁၁၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအိုက်ဝေ(ခ)ဦးဆန်းဝေ**

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ တစ်မိုက်သာကျေးရွာ (အထက)သတ္တမတန်း(A)မှ မခိုင်ဇင်သန့်၏ ဖခင်အမည်မှန်မှာ ဦးမြလင်း ၉/တသန(နိုင်)၀၁၃၅၄၂ ဖြစ်ပါကြောင်း။ **ဦးမြလင်း**

### ဖခင်အမည်မှန်

အုတ်ဖိုမြို့နယ်၊ အထက(ခွဲ) လွှစင် တက္ကသိုလ်ဝင်တန်းမှ မဟေမာန်စိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်စိုး ၇/အဖန(နိုင်)၀၈၁၈၉၅ ဖြစ်ပါကြောင်း။ **ဦးမြင့်စိုး**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ အင်းမ အထက သတ္တမတန်း(ခ)မှ မောင်မြင့်မြတ်ကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်မိုး ၇/သကန(နိုင်)၁၄၅၂၅၈ ဖြစ်ပါကြောင်း။ **ဦးကျော်မိုး**

### ဖခင်အမည်မှန်

အုတ်ဖိုမြို့နယ်၊ အထက(အေးမြသာယာ) တက္ကသိုလ်ဝင်တန်း(B)မှ မစိုးစန္ဒာဦး၏ ဖခင်အမည်မှန်မှာ ဦးမောင်ညွှန့် ၇/အဖန(နိုင်)၀၉၅၇၄၁ ဖြစ်ပါကြောင်း။ **ဦးမောင်ညွှန့်**

### ဖခင်အမည်မှန်

မြောက်ဒဂုံ The Great Success ကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(A)မှ မအင်ကြင်းဖွေးဖွေး၏ ဖခင်အမည်မှန်မှာ ဦးတင်မောင်ထွန်း ၉/ကပတ(နိုင်)၁၄၂၅၁၁ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဝယ်တောင်(တ) အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မဝင်းမော်ဌေးနှင့် မဝင်းမော်အေး၊ ဆဋ္ဌမတန်းမှ မကေသီအောင်တို့၏ဖခင်အမည်မှန်မှာ ဦးကျော်ညွှန့် ၈/မမန(နိုင်)၂၆၂၆၄၀ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

တွံတေးမြို့နယ်၊ အထက(ခွဲ)အဘော တက္ကသိုလ်ဝင်တန်းမှ မောင်ဝေယံဟိန်း၊ ဆဋ္ဌမတန်းမှ မောင်ပိုင်သက်ဟိန်းတို့၏ဖခင် ဦးကျော်ဟိန်း၏အမည်မှန်မှာ ဦးမြဝင်း ၁၂/တတန(နိုင်)၁၇၃၈၇၆ ဖြစ်ပါကြောင်း။ **ဦးမြဝင်း**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌**
**၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၅၄**

ဦးစိုင်းမင်းကြည် **နှင့်** ၁။ ဒေါ်ခင်မေဦး၊ ၂။ ဒေါ်ခင်မေလတ်၊ ၃။ ဦးသောင်းလှိုင်၊ ၄။ ဒေါ်သက်သက်ဖြိုး၊ ၅။ ဒေါ်ခင်ပွင့်၊ ၆။ ဒေါ်တင်တင်

**တရားလို** **တရားပြိုင်များ**

(၁) ဒေါ်ခင်မေဦး (၂) ဒေါ်ခင်မေလတ် တိုက်-၁၊ အခန်း(၁/ဆ)၊ ပြည်တော်သစ်ရိပ်သာ၊ အောက်ပုဇွန်တောင်လမ်း၊ (၃)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (၃) ဦးသောင်းလှိုင် တိုက်-၃၊ အခန်း(၁၃)၊ ပြည်တော်သစ်ရိပ်သာ၊ အောင်ပုဇွန်တောင်လမ်း၊ (၃)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (၅) ဒေါ်ခင်ပွင့်၊ (၆) ဒေါ်တင်တင် အမှတ်(ဆ/၄)၊ ဗိုလ်ချုပ်လမ်း၊ မြို့မရပ်ကွက်(ထင်းရှူးခြံရပ်) မိုးကုတ်မြို့(ယခုနေရပ်လိပ်စာ မသိသူ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပြင်ဦးလွင်ခရိုင်တရားသူကြီး(၁)ရုံး၏ တရားမကြီးမှု အမှတ်-၃၃/၂၀၁၆ အမှုတွင် (၁၀-၉-၂၀၁၈)ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီသည် တရားလို၏မျက်ကွယ်တွင် မဟုတ်မမှန်လိမ်လည်လှည့်ဖြားတင်ပြ၍ တစ်ဖက်သတ်ရယူထားသည့် ဒီကရီဖြစ်၍ ပယ်ဖျက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ခုနှစ် စက်တင်ဘာ ၂၅ရက် (၁၃၈၁ခုနှစ် တော်သလင်းလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် ဩဂုတ် ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန္တာရှင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်
## (အဝေးသင်သင်တန်း)
# ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၈ပညာသင်နှစ်အတွက် ၂၀၁၈ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ကျင်းပခဲ့သော ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် (အဝေးသင် သင်တန်း) (ဘွဲ့)စာမေးပွဲကို အောင်မြင်ခဲ့ကြသည့် ပုဂ္ဂိုလ်များသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ကြပါသည်။

၂။ လျှောက်လွှာပုံစံကို (၁.၅×၂)လက်မအရွယ် ဆေးသားကောင်းသည့် ဓာတ်ပုံအသစ်(၂)ပုံ (ဓာတ်ပုံတွင် လက်ပြတ်အင်္ကျီမဖြစ်စေရ)နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူကို ပူးတွဲ၍ ၂၁-၈-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မှ ၂၀-၉-၂၀၁၉ ရက် (သောကြာနေ့)အထိ ရုံးချိန်အတွင်း လျှောက်ထားရပါမည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်၍ ဘွဲ့ယူလိုသူပုဂ္ဂိုလ်များသည် ဘွဲ့နှင်းကြေး(၁၅၀၀)ကျပ် (ကျပ်တစ်ထောင့်ငါးရာတိတိ)ကိုလည်းကောင်း၊ အဝေးရောက်ဘွဲ့ယူလိုသူပုဂ္ဂိုလ်များသည် အဝေးရောက်ဘွဲ့ကြေး(၁၀၀၀)ကျပ် (ကျပ်တစ်ထောင်တိတိ)ကို လည်းကောင်း ပေးသွင်းရပါမည်။

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို မိမိတို့ဖြေဆိုအောင်မြင်ခဲ့သည့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် (အဝေးသင် သင်တန်း)တွင် အခမဲ့ရယူနိုင်ပါသည်။

၅။ လျှောက်လွှာပုံစံကို ပြည့်စုံမှန်ကန်စွာဖြည့်စွက်ပြီး ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် (အဝေးသင် သင်တန်း)သို့ ပေးသွင်းရန်ရှိသော ငွေကြေးများပေးဆောင်ပြီးဖြစ်ကြောင်း ထောက်ခံချက်ရယူ၍ သတ်မှတ်ဘွဲ့နှင်းကြေးများကို မိမိစာမေးပွဲအောင်မြင်ခဲ့သည့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် (အဝေးသင် သင်တန်း) တွင် ပေးသွင်းလျှောက်ထားရပါမည်။

၆။ နယ်မှ လျှောက်ထားသူများသည် သတ်မှတ်ကြေးများကို သက်ဆိုင်ရာ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် (အဝေးသင် သင်တန်း)သို့ စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟု ထင်ရှားစွာရေးသား၍ လျှောက်လွှာရှင်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဖခင်အမည်၊ ခုံအမှတ်၊ အထူးပြု ဘာသာ စသည်တို့ကို တိကျစွာဖော်ပြရပါမည်။

၇။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ စာတိုက်ငွေပို့လွှာဖြင့် လျှောက်ထားလာခြင်းကို လုံးဝခွင့်မပြုပါ။

၈။ လျှောက်လွှာပုံစံကို ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်သော်လည်း မိမိတို့နှင့်သက်ဆိုင်သည့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်(အဝေးသင် သင်တန်း)တွင် ဘွဲ့ဆိုင်ရာကျသင့်ငွေ ပေးသွင်းခြင်း မပြုလျှင်သော်လည်းကောင်း၊ အချိန်မီလျှောက်ထားခြင်း မပြုလျှင်သော်လည်းကောင်း ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်(အဝေးသင် သင်တန်း)က ဘွဲ့အပ်နှင်းပေးမည်မဟုတ်ပါ။

၉။ ၂၀၁၈ ပညာသင်နှစ်မတိုင်မီက ဘွဲ့စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာလျှင် လျှောက်ထားနိုင်ပါသည်။

၁၀။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

**(စောစောမာ)**
**ဌာနခွဲမှူး(စီမံ)**
**ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်**
**(အဝေးသင် သင်တန်း)**


## လက်တွေ့အသုံးချဆေးဝါးနှင့် ဆေးပစ္စည်းများ
## လက်လီရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်နည်းသင်တန်း အပတ်စဉ်(၄)

လက်တွေ့တွင် အောင်မြင်နေသော အတွေ့အကြုံရှိလုပ်ငန်းရှင် ဆရာ/မများကိုယ်တိုင် အခြေခံမှစ၍ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နိုင်သည်အထိ သင်ကြားပေးသွားမှာဖြစ်သည်။

| | |
|---|---|
| သင်တန်းဖွင့်လှစ်မည့်ရက် | - ၇-၉-၂၀၁၉ရက်(စနေနေ့) |
| သင်တန်းကာလ | - (၂)လသင်တန်း |
| သင်တန်းရက်နှင့်အချိန် | - စနေ၊ တနင်္ဂနွေ နံနက် ၉း၀၀နာရီမှ မွန်းလွဲ ၁၂း၁၅နာရီအထိ |
| သင်တန်းကြေး | - ၁၅၀၀၀၀ကျပ်(အသင်းဝင်)၊ ၂၀၀၀၀၀ကျပ်(အသင်းဝင်မဟုတ်သူ) |

သင်တန်းကာလအတွင်း WHO GMPနှင့်အညီ တည်ဆောက်ထားသော ဆေးဝါးစက်ရုံ GSDP စနစ်နှင့်အညီ ဖြန့်ချိနေသော ဆေးသိုလှောင်ရုံနှင့် Good Pharmacy Practice ရှိသော ဆေးဆိုင်တို့ကိုလည်း လက်တွေ့သွားရောက်လေ့လာခွင့် ရရှိမည်ဖြစ်ပါသည်။

တက်ရောက်လိုသူများအနေဖြင့် လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower Level-6 ရှိ မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းရုံးခန်းသို့ ပညာအရည်အချင်းထောက်ခံချက်မူရင်းနှင့် မိတ္တူ၊ ပတ်စပို့ဓာတ်ပုံ(၃)ပုံတို့ဖြင့် လာရောက်လျှောက်ထားနိုင်ပါသည်။ အသင်းဝင်ပြီး တက်ရောက်လိုသူများအနေဖြင့် မှတ်ပုံတင်မူရင်းကို ယူဆောင်လာပေးရန်လိုအပ်ပြီး ဓာတ်ပုံ(၆)ပုံလိုအပ်ပါသည်။

အသေးစိတ်မေးမြန်းလိုပါက အသင်းရုံးဖုန်း-၀၉-၄၀၁၃၁၆၆၈၈၂၊ ၀၉-၄၀၁၃၁၆၆၈၈၃ သို့ တနင်္လာနေ့မှ စနေနေ့အတွင်း နံနက် ၉း၃၀နာရီမှ ညနေ ၅း၀၀နာရီအတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။


### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 37W/48367 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လွင်ဦး ၉/ရမသ(နိုင်)၀၀၈၀၂၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရမည်းသင်း)**

### ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ ပျော်ဘွယ်စံပြကျေးရွာ အထက(ခွဲ) အဋ္ဌမတန်း(A)မှ မသင်းသင်းဝေ၏ဖခင်အမည်မှန်မှာ ဦးကျော်မိုး ၉/မခန(နိုင်)၁၈၄၅၉၂ ဖြစ်ပါကြောင်း။ **ဦးကျော်မိုး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၇၈၇၊ မြေကွက်တည်နေရာအမှတ်(၇၈၇)၊ စကားဝါလမ်း၊ (၄)ရပ်ကွက် ဒေါ်ခင်ချိုလတ် ၁၂/စခန(နိုင်)၀၂၆၁၈၆ အမည်ပေါက် နှစ် ၆၀ ဂရန် အမည်ပေါက်သူ (ဇနီး) ဒေါ်ခင်ချိုလတ်သည် (၁၈-၁၀-၂၀၁၈)ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ခင်ပွန်းဖြစ်သူ ဦးအေးမြင့် ၁၂/စခန(နိုင်)၀၂၆၈၂၂မှ အမွေဆက်ခံခွင့်ရှိကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံးကျမ်းကျိန်လွှာအမှတ် ၅/၃၀၄၂၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ အမည်ပေါက်ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာမှုအပေါ်တွင် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် တစ်ထပ်တိုက်တစ်လုံးရှိပြီး လျှောက်ထားသူနေထိုင်ကြောင်း စစ်ဆေးတွေ့ရှိရပါသဖြင့် အဆိုပါပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ တစ်မိုက်သာကျေးရွာ အထက နဝမတန်း(A)မှ မနန်းယုဌေး၏ ဖခင်အမည်မှန်မှာ ဦးဘိုဝင်း ၉/တသန(နိုင်)၁၂၀၉၂၉ ဖြစ်ပါကြောင်း။ **ဦးဘိုဝင်း**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2K/3018 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးမျိုးမင်းဇော် Passport No MB899520 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၂၄၇၅၂၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မကွေးမြို့၊ အောင်မေတ္တာ(ခ)ရပ်ကွက်နေ ဦးကျော်လွင်-ဒေါ်စန်းစန်းမိုးမှ ကွင်း/အကွက်အမှတ် ၁၆၅၅၊ အုတ်ဖိုရပ်၊ ဦးပိုင်အမှတ် ၁၃၉၇၊ ဧရိယာ ၀ ဒသမ ၀၉၇၈ဧကရှိ မြေကွက်ကို ဦးကျော်လွင်-ဒေါ်စန်းစန်းမိုးအမည်ဖြင့် ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ကော်လိတ္တော်အရာရှိ)ထံ မြေငှားဂရန်လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း ဤသတင်းစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

အောက်ဖော်ပြပါပုဂ္ဂိုလ်များမှ ဤရုံးသို့အောက်ပါမြေနေရာများအား မြေဂရန်အမည်ပြောင်း/သက်တမ်းတိုးလျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားများဖြင့် ရေနံချောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်-

| စဉ် | အမည် | မြို့နယ် | ရပ်ကွက် | ကွင်း/အကွက်အမှတ် | ဦးပိုင်အမှတ် | ဧရိယာ |
|---|---|---|---|---|---|---|
| ၁။ | ဦးမျိုးမြင့်ဦး | ရေနံချောင်း | မြို့မတောင် | ၉/မြို့မတောင် | ၆၉၊၇၀ | ၀.၀၆၅ |
| ၂။ | ဒေါ်သက်သက်ခိုင် | ရေနံချောင်း | သစ်တပွေ | ၁၄-အိုးဘိုစု | ၁၃/စ-၁ | ၀.၈၆၉ |

**ကော်လိတ္တော်အရာရှိ၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မန္တလေးခရိုင်တရားရုံးတော်၌**
**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၅၀၅**

ဦးရဲမာန်ဇော်(၄င်း၏အထွေထွေ ကိုယ်စားလှယ်စာရသူ ဒေါ်အိမ့်မွန်ဖူး) **နှင့်** ၁။ ဦးအိုက်စံ ၂။ ဦးကိုကိုမောင်
**တရားလို** **တရားပြိုင်များ**

၁။ ဦးအိုက်စံ (ဘ)ဦးအိုက်ဂူး၊ အကွက် (၅/၄၅)၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊ ၂။ ဦးကိုကိုမောင်၊ အကွက် (၅/၉၀)၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့နေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၀ ရက် (၁၃၈၁ ခုနှစ် တော်သလင်းလပြည့်ကျော် ၇ ရက်) မွန်းမတည့်မီ ၉း၃၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့်အမှုနှင့်သက်ဆိုင်သောစာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ဤရုံးတော်၏တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(စောမျိုးမျိုး)**

**တွဲဖက်ခရိုင်တရားသူကြီး (၄)**
**မန္တလေးခရိုင်တရားရုံး**

## ကျေးဇူးဆပ်ပါမည်

ယာဉ်အမှတ် 8C/7521 SHWE MANDALAR LIGHT TRUCK ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုလတ် ၉/မနမ(နိုင်)၁၁၉၃၀၈က (ကမ-၃) ပျောက်ဆုံး၍ တွေ့ရှိပါက ခုနစ်ရက်အတွင်း အကြောင်းကြားပေးပါရန်။

**ဦးအောင်ကိုလတ်**
**ဖုန်း-၀၉-၄၅၆၄၈၁၃၁၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၄၄၈၃၅ New Anbo 125 , M/C ယာဉ်လက်ဝယ်ရှိသူ ဦးဘမြိုင် ၉/မနမ(နိုင်)၀၁၅၆၇၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3K/4101 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6K/6284 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4N/2178 Nissan Cabstar SR4F23 Light Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအေးမြင့်(ခ)ဦးမောင်အေး ၈/နမန(နိုင်)၀၃၈၇၂၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။ **နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း (ကြည်း-၉၈၃၄၊ ငြိမ်း)

**အသက်(၈၆)နှစ်**

မြင်းခြံမြို့၊ (၁၀)ရပ်ကွက်နေ (ဦးမောင်မောင်-ဒေါ်သန်း)နှင့် ဒေါ်မြိုင်တို့၏မောင်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊ စိန်လှုံ့ခြံနေ (ဦးဟန်ထွန်းမောင်)-ဒေါ်ကျင်တို့၏အစ်ကို၊ မန္တလေးမြို့၊ စိန်ပန်းရပ်၊ ယဉ်ပုံရပ်၊ မဟာစည်ရိပ်သာလမ်းနေ ဒေါ်ဥမ္မာဝင်း၊ ဒေါက်တာချစ်သက်အောင်(တွဲဖက်ပါမောက္ခ၊ မန္တလေးဆေးတက္ကသိုလ်)-ဒေါက်တာချောစုဝင်း(သားဖွားမီးယပ်အထူးကု ဗဟိုအမျိုးသမီးဆေးရုံကြီး၊ မန္တလေး)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ မန္တလေးမြို့နေ ဒေါ်ခင်သောင်း (ကထိက-ငြိမ်း၊ မန္တလေးတက္ကသိုလ်)၏ခင်ပွန်းသည် ၂၀-၈-၂၀၁၉ရက် ညနေ ၃နာရီတွင် မန္တလေးမြို့ GRAND MANDALAY HOSPITAL၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၉ရက် မွန်းလွဲ ၂နာရီတွင် စိန်ပန်းရပ်နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်သန်းရီ

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၅)ရပ်ကွက်၊ ၂၂လမ်း၊ အမှတ် ၁၈နေ (ဦးချောင်းအင်-ဒေါ်ရှု့အင်)တို့၏သမီး၊ ဦးစိန်သောင်း ၏ချစ်လှစွာသောဇနီး၊ ဦးမောင်မောင်အေး-ဒေါ်တင်တင်ဝင်း၊ ဦးတင့်လွင်ဦး-ဒေါ်ချယ်ရီ၊ ဦးရီလှျံလင်း-ဒေါက်တာဒေါ်သင်းသင်းမာ၊ ဦးသိန်းနိုင်-ဒေါ်နှင်းနှင်းမာ၊ ဦးမြင့်နိုင်(ခ)ဦးတင့်နိုင်ထွေး-ဒေါက်တာဒေါ်သူဇာဝေတို့၏မိခင်၊ မြေး၁၀ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၁-၈-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၃၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၉ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါ လသာမြို့နယ်နေအိမ်မှကားများ ညနေ ၄နာရီတွင်ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## ဒေါ်တင်အုန်းကြည်

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)**
**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**
**ဒါရိုက်တာ(TOK CONSULTANCY AND SERVICES CO.,LTD)**
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောတောင်ရပ်ကွက်၊ သရက်တော(၅)လမ်း၊ အမှတ်၁၀၇နေ (ဦးဘရီ-ဒေါ်ကျင်ဆိုင်)တို့၏သမီး၊ ဦးမြင့်ဆွေ-ဒေါ်ခင်တိုးမြင့်တို့၏ညီမ၊ ဦးမောင်မောင်ကျင်-ဒေါ်ခင်အုန်းရီတို့၏အစ်မ၊ ဒေါ်မြတ်ဆုပိုင်(မန်နေဂျင်း ဒါရိုက်တာ၊ TOK Consultancy and Services Co.,Ltd)၊ (ဦးအောင်မြတ်သူ)တို့၏မိခင်၊ မောင်ဘုန်းမင်းပြည့်၏အဘွား၊ ဦးဆန်းဦး၏ဇနီးသည် ၂၀-၈-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၂၆-၈-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၈း၃၀နာရီမှ ၁၁း၃၀နာရီအထိ အထက်ပါကြည့်မြင်တိုင် မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

မြန်မာစာချစ်သူများအသင်း (မအူပင်)

## ဒေါ်ခင်ဝင်းမာ (မအူပင်)

**စာရေးဆရာမစကားဝါအောင်(မအူပင်)**
**ဥက္ကဋ္ဌ၊**
**မြန်မာစာပေချစ်မြတ်နိုးသူများအသင်း (မအူပင်)**
**အသက်(၆၉)နှစ်**

ဇရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ (၃)ရပ်ကွက်၊ အောင်ဇေယျလမ်းနေ ဒေါ်ခင်ဝင်းမာသည် ၁၉-၈-၂၀၁၉ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၉ရက် မွန်းလွဲ ၁နာရီတွင် မအူပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်၍ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ **အမှုဆောင်အဖွဲ့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၆ယ/၈၅၀၀၄ Honda Scoopyi 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဝင်းအောင် ၉/ပကခ(နိုင်)၀၀၂၂၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဆရာမကြီး ဒေါ်မြရီ (ပေါက်ခေါင်း) အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြ ဖဆပလ ရပ်ကွက်၊ တိုက် ၆၈၊ အခန်း ၄နေ ညွှန်ကြားရေးမှူး ဦးဇော်မင်းထွဋ်(တ·ဆ·ရ-၆၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)-ဒေါ်ကြည်ကြည်လွင်တို့၏ မိခင်သည် ၁၇-၈-၂၀၁၉ရက် (စနေနေ့)ည ၈း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒု-ညွှန်မှူး ဦးအောင်မျိုးဆွေနှင့် ဇနီး ဒေါ်ချိုချိုမြင့်**
**တည်ဆောက်ရေး(၂)၊ ပြည်မြို့၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

## ဒေါ်မြမြသန်း (စလေ)

**အသက်(၇၄)နှစ်**

စလေမြို့နေ(ဦးဝင်းဖေ-ဒေါ်စိန်ရင်)တို့၏သမီး၊ (ဦးအေးမောင်-ဒေါ်သိုက်)တို့၏သမီးချွေးမ၊ (ဦးဇော်မင်းနိုင်)-ဒေါ်မြမြစိုး(စလေမြို့)၊ ဦးအောင်နိုင်-ဒေါ်ယုယုနိုင်(နေပြည်တော်)၊ ဦးကြည်မင်းနိုင်-ဒေါ်ခိုင်စံပယ်၊ ဦးရဲမင်းနိုင်-ဒေါ်နန္ဒာဝင်း၊ မချိုချိုနိုင်တို့၏မိခင်၊ [ဦးစန်းမောင်(ခ)Dr.ထွန်းအေးနိုင်]၏ဇနီးသည် ၂၁-၈-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7N/1683 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6H/8686 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဒေါ်သန်းညွန့် (ရန်ကင်း)

**ပြည်ထဲရေးဝန်ကြီးဌာန(ငြိမ်း)**
**အသက်(၉၆)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရန်ကင်းလမ်းသွယ်(၁၁)၊ တိုက်(၁၆)၊ အခန်း(၅) နေ (ဦးတင်-ဒေါ်ငွေး)တို့၏သမီး၊ (ဦးသိန်း)၏ဇနီး၊ ဒေါ်စန်းစန်းနွယ်(စက်မှု-၁၊ ငြိမ်း)၊ ဒေါ်ညိမ်းညိမ်းနွယ် (က·က·လုံ-ငြိမ်း)၊ ဦးနေဝင်း(တိုင်းချစ်ဆွေပွဲရုံ)-ဒေါ်ခင်ခင်နွယ်၊ ဦးအောင်ဖေသိန်း (ရွှေစဉ်စတိုး)-ဒေါ်ဝင်းဝင်းဦးတို့၏မိခင်၊ မခင်ယမင်းဦး(ဓေတ္တ-စင်ကာပူ)၊ ကိုဖြိုးသီဟ အောင်(G.G.I Co,Ltd)၊ မဖြူဖြူနေဝင်း(ဓေတ္တ-အမေရိကန်) တို့၏ဘွားဘွားကြီးသည် ၂၀-၈-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၁-၈-၂၀၁၉ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၂၆-၈-၂၀၁၉ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

## ရှမ်းပွဲစားကြီး ဦးလှကျော် (တောင်ငူ)

**အသက်(၉၂)နှစ်**

ပင်းတယမြို့နေ (ဦးဗလု-ဒေါ်သောင်)တို့၏သား၊ တောင်ငူမြို့နေ (သမားတော်ကြီး ဦးဘရင်-ဒေါ်သန်းသန်း)တို့၏သားသမက်၊ (ဒေါ်မြမြသိန်း)၏ခင်ပွန်း၊ (ဦးသိန်းထွန်း)-ဒေါ်ခင်မျိုးနွယ်၊ ဒေါ်ခင်မျိုးကြွယ်၊ ဦးမြင့်ဟန်-ဒေါ်နှင်းဆီ၊ (ဦးမြင့်ဦး)၊ ဦးကြည်လင်း(B.A,Law,LL.B၊တရားလွှတ်တော်ရှေ့နေနှင့်ဘဏ်ရှေ့နေ)-ဒေါ်ခင်ခင်ထူးတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ် ၁၄ယောက်နှင့် တီတစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၀-၈-၂၀၁၉ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် တောင်ငူမြို့၊ (၁၂)ရပ်ကွက်၊ ၅လမ်း၊ အမှတ် (၅)နေအိမ်မှ တောင်ငူအနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဦးစိုးရီ (ရွှေကျင်အသင်းဝင်)

**ပုဇွန်တောင်မြို့နယ်**
**အသက်(၇၈)နှစ်**

ရွှေကျင်မြို့၊ တကုက္ကန်း(နဲ)နေ (ဦးကြည်)၊ (ဒေါ်သန်းရွှေ)၊ (ဒေါ်စောရွှေ)တို့၏သား၊ ရန်ကုန်မြို့၊ အောက်ပုဇွန်တောင်လမ်း၊ အမှတ် ၄၈၁နေ ဒေါ်မူလေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးနေလင်း (အတွင်းရေးမှူး၊ နေပြည်တော်ကောင်စီ)-ဒေါ်စိမ်းစိမ်းစိုး၊ အမေရိကန်နိုင်ငံ၊ Losangetes မြို့နေ Steven Swan၊ ဒေါ်နီလာစိုး၊ ဦးအေးသိုက်(မန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း)-ဒေါ်ဝင်းဝင်းစိုးတို့၏ဖခင်၊ မောင်ဇေယျာနေလင်း (Assistant Officer Coordination PTTEP Co.,Ltd)၊ မောင်ရာဇာနေလင်း (တွဲဖက်လေယာဉ်မှူး၊MAI)၊ မောင်ဝင်းကိုကိုအောင်(ဓေတ္တ USA)၊ မောင်လင်းခန့်ထူးအောင်(Grade-XI၊ အထက-၁၊ ဒဂုံ)တို့၏အဘိုးသည် ၂၁-၈-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂နာရီတွင် အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၈-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးစိုးရီ (ရွှေကျင်အသင်းဝင်) အသက်(၇၈)နှစ်**

ဦးနေလင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အတွင်းရေးမှူး၊ နေပြည်တော်ကောင်စီ)-ဒေါ်စိမ်းစိမ်းစိုးတို့၏ဖခင်သည် ၂၁-၈-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂နာရီတွင် အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဝန်ထမ်းများ**

## ကျေးဇူးအထူးတင်ရှိခြင်း

Rev.Dr.K.Peter Joseph (ဖမောန္တေလ တေလဂူ နှစ်ခြင်းအသင်းတော်၏အဖ သင်းအုပ်ဆရာတော်)သည် ၁၉-၇-၂၀၁၉ရက် ည ၈း၃၀ နာရီတွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပျားရည်ကုန်းလမ်း၊ အမှတ်(၃၀)နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကူသပေးခဲ့သော ဆရာဝန်၊ ဆရာမများ၊ သူနာပြုများ၊ သာသနာ့အဖွဲ့အစည်းများ၊ အသင်းတော်များနှင့် မိခင်အသင်းတော်မှ ကူညီခဲ့ကြသော မိတ်ဆွေများ အားလုံးကို လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာသူရကျော်(အထူးကုဆရာဝန်ကြီး၊ ကင်ဆာရောဂါဆေးပညာဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)-ဒေါက်တာသက်သက်အောင် (အထူးကုဆရာဝန်ကြီး၊ အကြောအဆစ်၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး)တို့၏မိခင်ကြီး၊ ဒေါ်ခင်ဆွေဦး (သန်လျင်၊ သဘာဝတရားရိပ်သာ) အသက်(၇၇)နှစ်သည် ၂၀-၈-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ကင်ဆာရောဂါဆေးပညာဌာန**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရေဘေးသင့်ဒေသများအတွက် ရေယာဉ်လှူဒါန်းခြင်းအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဩဂုတ် ၂၁**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဒုတိယသမ္မတဦးစီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရေဘေးသင့်ဒေသများအတွက် ရေယာဉ်တစ်စင်း ပေးအပ်လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးသန့်စင်မောင်၊ ဒေါက်တာမြင့်ထွေးနှင့် နိုင်သက်လွင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးစိုးအောင်နှင့် ဦးလှမော်ဦး၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❖



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရေဘေးသင့်ဒေသများအတွက် ရေယာဉ်တစ်စင်း ပေးအပ်လှူဒါန်းခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# ကမ္ဘာ့ရိုးရာနဂါးလှေချန်ပီယံရှစ် ပထမနေ့ပြိုင်ပွဲ မြန်မာလှေလှော် အဖွဲ့ ရွှေနှစ်ခု၊ ငွေတစ်ခုနှင့် ကြေးတစ်ခု ဆွတ်ခူးရရှိထား

**ရန်ကုန် ဩဂုတ် ၂၁**

ထိုင်းနိုင်ငံ ပတ္တရားမြို့၌ ဩဂုတ် ၂၀ ရက်မှ ၂၅ ရက်အထိ ကျင်းပလျက်ရှိသည့် (၁၄) ကြိမ်မြောက် ကမ္ဘာ့ရိုးရာနဂါးလှေချန်ပီယံရှစ်ပြိုင်ပွဲကို ယနေ့နံနက်က ပထမနေ့ပြိုင်ပွဲတွင် မြန်မာအသင်း ပွဲစဉ်ငါးမျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာ့လက်ရွေးစင် လှေလှော်အဖွဲ့ ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးတစ်ခု ဆွတ်ခူးရရှိထားကြောင်း သိရသည်။

ပထမနေ့ ဗိုလ်လုပွဲပြိုင်ပွဲ၌ မီတာ ၂၀၀၀ Small Boat ယူ-၂၄ အမျိုးသား+အမျိုးသမီးတွင် မြန်မာ၊ အီတလီ၊ ပြင်သစ်၊ ဂျပန်၊ ဆွီဒင်၊ ဟောင်ကောင်၊ ဩစတြေးလျ၊ ဖိလစ်ပိုင်၊ အိန္ဒိယ၊ ထိုင်း၊ ဂရိ၊ ဗြိတိန်၊ ကနေဒါအသင်းတို့ ယှဉ်ပြိုင်ကြရာ မြန်မာအသင်းက

*စာမျက်နှာ ၁၂ ကော်လံ ၁* ●



**မီတာ ၂၀၀၀ Small Boat (အမျိုးသမီး)ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မြန်မာအသင်း အောင်ပွဲခံစဉ်။** ဓာတ်ပုံ-ကျော်ခိုင်(အား/ကာ)

## ဖားကန့်မြို့နယ်၌ အမျိုးသမီးတစ်ဦးထံမှ ရွှေနှင့် ပစ္စည်းများ လုယက်သတ်ဖြတ်သူ နှစ်ဦးကို ဖမ်းမိ

စာ » ၁၃

## အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထပ်မံဖြန့်ကြက်မှုကြောင့် ဆန္ဒပြမှုများဖြစ်ပေါ်

စာ » ၁၄

# ဗီယက်နမ် ယူ-၁၅ ဖိတ်ခေါ်ပြိုင်ပွဲ မြန်မာအသင်း ယှဉ်ပြိုင်မည်

**ရန်ကုန် ဩဂုတ် ၂၁**

ဗီယက်နမ်နိုင်ငံ၌ ဩဂုတ် ၂၆ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် ဗီယက်နမ် ယူ-၁၅ ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဦးမင်းသူ ကိုင်တွယ်နေသည့် မြန်မာ ယူ-၁၅ အသင်းဖြင့် ယှဉ်ပြိုင်မည်ဖြစ်ပြီး မန္တလေးမြို့၌ ကျင်းပသည့် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ အပြီးတွင် ဆက်လက်လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ မြန်မာ ယူ-၁၅ အသင်းသည် ကစားသမား ၂၀ ဖြင့် လေ့ကျင့်လျက်ရှိပြီး လက်ရှိတွင် မန္တလေးမြို့၌ လေ့ကျင့်နေကာ ပြိုင်ပွဲသွားရောက်ခါနီးတွင်

*စာမျက်နှာ ၁၂ ကော်လံ ၁* ❄

JAMES COOK UNIVERSITY SINGAPORE

ယနေ့ခေတ်လူငယ်များအတွက်

" PSYCHOLOGY ဘာသာရပ်၏ အရေးပါပုံနှင့် ဆက်စပ်ဘာသာရပ်များ အကြောင်းဆွေးနွေးပွဲ "

Saturday 24th August 2019 | 10:00 am - 12:00 noon | MELIA HOTEL, Function Room 6



ဆွေးနွေးပွဲတွင် -

- Psychology ဘာသာရပ်ဆိုတာဘာလဲ ...? လူငယ်တွေ Psychology နဲ့ ဘွဲ့ရပြီးရင် စိတ်ပညာဘာသာရပ် နဲ့ ဆက်စပ်သည့် စိတ်ဝင်စားဖွယ်ရာ Management / Marketing / Human Resources Management / Education နယ်ပယ်များအကြောင်း
- JCUS ၏ ထူးခြားချက်များနှင့် ၂၅%၊ ၅၀%၊ ၁၀၀% ပညာသင်ဆုများအကြောင်း
- ဆယ်တန်းနှင့် iGCSE ဖြေဆိုထားသူတွေအတွက် မြန်မာ၊ စင်ကာပူ ပညာရေးလမ်းကြောင်းများအကြောင်း
- ပြည်တွင်း ဘွဲ့တစ်ခုခုရရှိထားသူတွေအတွက် စင်ကာပူတွင် တက်ရောက်ပြီး ဩစတြေးလျ ထိပ်တန်း Master Degree ရယူနိုင်ဖို့ ဘာတွေလိုမလဲ ? ဘာတွေပြင်ဆင်ထားရမလဲ ? စတဲ့ အကြောင်းအရာတွေကို ရှင်းလင်းပြောကြားပေးသွားမည်ဖြစ်ပါသည်။

SPEAKER PROFILE - Dr. JONATHAN EDWARD RAMSAY
.Doctor of Philosophy(Psychology), Nanyang Technological University, 2010 - 2014
.Bachelor of Arts (Psychology & Physiology), University of Oxford, 2001-2005

CALL US :
01 527 838,
09 44 55 66 701

CROWN EDUCATION
YOUR DOOR TO THE FUTURE

## စစ်တောင်းမြစ်ရေ မဒေါက်မြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၂၁**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ